ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိ တော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 13 December 2023 ၁၁၃၀၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံအရေး စွက်ဖက်သော အရှေ့တီမောသမ္မတအနေဖြင့် မြန်မာနိုင်ငံ၏သမိုင်းကို ဦးစွာသိအောင် ပြုလုပ်သင့်

ရန်ကုန် ဒီဇင်ဘာ ၁၂

အရှေ့တီမောသမ္မတ၏ မြန်မာ့အရေးပြောကြားချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏သမိုင်းကို ဦးစွာသိအောင်ပြုလုပ်သင့်ကြောင်း နိုင်ငံရေးသုံးသပ်လေ့လာသူတစ်ဦးက တုံ့ပြန်ပြောကြားလိုက်ကာ တီမောသမ္မတ၏ မြန်မာ့အရေးစွက်ဖက်မှုနှင့်ပတ်သက်၍ လက်မခံကြောင်း နိုင်ငံရေးနယ်ပယ်မှ ကျွမ်းကျင်သူများက ပြောကြားလိုက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




အစီရင်ခံစာအရ ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံမှာဖြစ်ပွား ခဲ့တဲ့ အကြမ်းဖက်မှုတွေရဲ့ ၅၀ ရာခိုင်နှုန်းကို PDF တွေက ကျူးလွန်ခဲ့တယ်လို့ ဆိုပါတယ်။ အကြိမ်အရေအတွက်အားဖြင့် ၁၉၈ ကြိမ်ဖြစ်ပါတယ်

ဆောင်းပါး
စာမျက်နှာ » ၉

# အဝါရောင်လိုင်းစတေကာမတပ်ဆင်သည့် စီးတီးတက္ကစီယာဉ်များကို သတ်မှတ်ကာလကျော်လွန်ပါက အရေးယူဆောင်ရွက်သွားမည်

ရန်ကုန် ဒီဇင်ဘာ ၁၂

သတ်မှတ်ကာလဖြစ်သည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်ကျော်လွန်ပါက အဝါရောင်လိုင်းစတေကာ မတပ်ဆင်ရသေးသည့် စီးတီးတက္ကစီ ယာဉ်များကို ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၉၆ အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC) တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောကြားသည်။



ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ YRTC ရုံးချုပ်၌ ယမန်နေ့ မွန်းလွဲပိုင်းက ပြုလုပ်သော မီဒီယာတွေ့ဆုံပွဲ (၉/၂၀၂၃)တွင် ဦးလျန်ကျင့်မန်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ပြီး မိမိအစီအစဉ်ဖြင့် အဝါရောင်လိုင်း စတေကာများ တပ်ဆင်ခဲ့ကြသည့် ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စားလည်းကောင်း၊ YRTC ကိုယ်စားလည်းကောင်း ကျေးဇူးအထူး တင်ရှိကြောင်းလည်း ထပ်လောင်းပြောကြားခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖



ဒါတွေဘာကြောင့်ဖြစ်နေရသလဲ ဆန်းစစ်တဲ့အခါ မြန်မာနိုင်ငံမှာ စက်သုံးဆီဈေးနှုန်းတက်ခြင်းဟာ သာမန်ဖြစ်ရိုးဖြစ်စဉ် တစ်ခုထက်မပိုဘူးဆိုတာလည်း သတိထားမိပြန်ရဲ့။

ဆောင်းပါး
စာမျက်နှာ » ၆

# ဆောင်းခိုငှက်မျိုးစိတ် ၃၄ မျိုး အင်းလေးကန်သို့ ဝင်ရောက်ကျက်စားလျက်ရှိရာ ကမ္ဘာ့ရှားပါးဆောင်းခိုငှက်ငါးမျိုးပါဝင်

ရန်ကုန် ဒီဇင်ဘာ ၁၂

ယခုဆောင်းရာသီတွင် အင်းလေးကန်ရမ်ဆာရပ်ဝန်းဒေသသို့ ဆောင်းခိုငှက်မျိုးစိတ် ၃၄ မျိုး ဝင်ရောက်ကျက်စားလျက်ရှိရာ ကမ္ဘာ့ရှားပါးဆောင်းခိုငှက်မျိုးစိတ် ငါးမျိုး ပါဝင်နေကြောင်း သိရသည်။

အင်းလေးကန်သို့ စင်ရော်ငှက်မျိုးစိတ်နှစ်မျိုး၊ ရေကြက်ဒုံ၊ ဘဲပို့ချပ်နှင့် ဘဲစကပ် စသည့် ကမ္ဘာ့ရှားပါး ဆောင်းခိုငှက်မျိုးစိတ် ငါးမျိုး ဝင်ရောက်ကျက်စားလျက်ရှိပြီး စားကျက်နေရာရှစ်နေရာတွင် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသို့ ဆောင်းခိုငှက်များ နှစ်စဉ် အောက်တိုဘာလမှစ၍ ဝင်ရောက်လေ့ရှိပြီး ဆိုက်ဘေးရီးယားဒေသမှ ဆောင်းခိုငှက်များသည် အင်းလေးကန်သို့လည်းကောင်း၊ တရုတ်နှင့် ရုရှားမှဆောင်းခိုငှက်များသည် အင်းတော်ကြီးကန်သို့လည်းကောင်း အများဆုံးဝင်ရောက်လေ့ရှိ၍ ဧပြီလတွင် ပြန်လည်ထွက်ခွာလေ့ရှိကြောင်းသိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍



ကြေးမုံ

# ထူးကဲလနတ်တော် ဂုဏ်ပြုဆင်ယင်ကျင်းပ

နတ်တော်လသည် ဓနုရာသီဖြစ်သည်။ မိဂသီနက္ခတ်စန်းယှဉ်သည်။ ဂမုန်းပန်း၊ သဇင်ပန်းတို့ ပွင့်ကြသည်။ ဂမုန်းနှင့်သဇင်သည် အတူတူပင်ဖြစ်သည်။ ဂမုန်းနီ၊ သဇင်ဖြူ၊ သဇင်နီ၊ သဇင်နက်စသည့် ဂမုန်းပေါင်း ၁၂၀ ရှိသည်။ ရှေးကမြန်မာတို့သည် သဇင်ပန်းကို တော်ဝင်ပန်းဟုဆိုကြသည်။ ရှေးကမြန်မာတို့သည် သဇင်ပွင့်ပေါ်လနတ်တော်မှာ မဟာဗိန္ဒ သို့မဟုတ် စာဆိုပုဂ္ဂိုလ်တို့ကို ပူဇော်သည့် စာဆိုတော်ပွဲလဟု ဆိုခဲ့ကြပြန်သည်။

ရှေးခေတ်က မြန်မာတို့ စစ်မက်အင်္ဂါပြည့်စုံရေးတွင် ဆင်တပ်၊ မြင်းတပ်သည် အဓိကဖြစ်သည်။ ဆင်တပ်၊ မြင်းတပ်ပြည့်စုံသောတိုင်းပြည်သည် စစ်ရေးစစ်ရာတွင် အသာစီးရရန် များသည်။ ရှေးခေတ်က မြန်မာဘုရင်တို့ ဆင်ဖမ်းပွဲကို တခမ်းတနားကျင်းပခဲ့ကြောင်း တောင်ငူခေတ် စာဆိုအကျော်တစ်ဦးဖြစ်သည့် မင်းဇေယျရန္တမိတ်က ဖွဲ့ဆိုခဲ့သည်။ နတ်တော်လတွင် မြန်မာဘုရင်တို့သည် စစ်ဘက်၊ စာပေဘက်၊ အုပ်ချုပ်ရေးဘက်တွင် ထူးချွန်သော ပညာရှင်များ၊ မင်းညီမင်းသား၊ မှူးမတ်များအား ဘွဲ့ထူးဂုဏ်ထူးများ ပေးအပ်ချီးမြှင့်လေ့ရှိသည်။ ထိုသို့ နတ်တော်လတွင် ဘွဲ့နှင်းသဘင်ပွဲ ဆင်ယင်ကျင်းပခြင်းဖြင့် နိုင်ငံတော်တွင် စာပေသူရဲကောင်း၊ စစ်သူရဲကောင်း၊ အုပ်ချုပ်စီမံထူးချွန်သူများ ပေါ်ထွက်လာအောင် လုပ်ဆောင်ရာရောက်သဖြင့် တိုင်းပြည်အတွက်အကျိုးရှိသည်။

ထူးခြားလေးနက်သည့် စာဆိုတော်ပွဲနှင့်ပတ်သက်၍ မြန်မာ့စွယ်စုံကျမ်းတွင် နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့သည် စာဆိုတော်နေ့ဖြစ်သည်။ ယင်းစာဆိုတော်နေ့ကို ၁၃၀၆ ခုနှစ် ဂျပန်ခေတ်တွင် ပညာရေးဝန်ကြီး ဦးလှမင်း၊ ဒီးဒုတ်ဦးဘချို၊ သူကြီးဂေဇက် ဦးခင်မောင်၊ ဦးသိန်းဟန်၊ ဦးကောင်း၊ သူရိယဦးသိမ်းမောင်၊ ဂျာနယ်ကျော် ဦးချစ်မောင်၊ ဇဝန၊ မြို့မ ဆရာဟိန်စသည့် မြန်မာနိုင်ငံစာရေးဆရာများအသင်း အမှုဆောင်အဖွဲ့နှင့် စာပေဆိုင်ရာလူကြီးများ ညှိနှိုင်းသတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။ စာဆိုတော်နေ့ကို စာရေးဆရာများအသင်း ဖွဲ့စည်းပြီးနောက် ၄ နှစ်မြောက်တွင် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ခရစ်နှစ် ၁၉၃၉ ခုနှစ် မတိုင်မီက စာရေးဆရာများအသင်းဟူ၍ မရှိသေးပေ။ စာရေးဆရာအချို့တို့ ဖွဲ့စည်းထားသော ကလောင်အဖွဲ့လေးတစ်ခုသာရှိသည်။ ၁၉၃၉ ခုနှစ်တွင် အင်္ဂလိပ်စာရေးဆရာကြီး အိပ်၊ ဂျီ၊ ဝဲသည် မြန်မာနိုင်ငံသို့ အလည်ရောက်လာသောအခါ စာရေးဆရာများက စုပေါင်း၍ကျင်းပသောညေ့ခံပွဲနှင့် စာရေးဆရာ ပီမိုးနင်းကွယ်လွန်၍ ဈာပနကိစ္စတို့တွင် စာရေးဆရာများ စုမိကြရာမှ ဒီးဒုတ်ဦးဘချိုခေါင်းဆောင်၍ စာရေးဆရာအသင်းတည်ထောင်ဖြစ်သည်။ မူလက မြန်မာပြည်စာရေးဆရာများအစည်းအရုံးဟု ခေါ်တွင်ခဲ့သည်။ ဂျပန်ခေတ်တွင် စာရေးဆရာအသင်းကို ပြန်လည်စုစည်းပြီး မြန်မာနိုင်ငံစာရေးဆရာများအသင်းဟု မှည့်ခေါ်ခဲ့သည်။

မြန်မာနိုင်ငံ၌ ပထမဆုံးကျင်းပသည့် စာဆိုတော်နေ့တွင် စာဆိုတော်အထိမ်းအမှတ်အဖြစ် စလေဦးပုည၏ ဝိဇယပြဇာတ်ကို စာရေးဆရာများကိုယ်တိုင် သရုပ်ဖော်ကပြခဲ့ရာမှ နှစ်စဉ်စာဆိုတော်နေ့များတွင် စာဆိုတော်စာရေးဆရာကြီးတစ်ယောက်ယောက်၏အတ္ထုပ္ပတ္တိကို ပြဇာတ်အဖြစ်ပြသသည့် အလေ့အထစွဲမြဲလာခဲ့သည်။ စာဆိုတော်နေ့တွင် သက်ကြီးဝါကြီးစာရေးဆရာကြီးများကို ကန်တော့ခြင်း၊ ဂုဏ်ပြုချီးမြှင့်ခြင်း၊ စာပေပြိုင်ပွဲ၊ စာပေဟောပြောပွဲတို့ကို ရန်ကုန်မြို့နှင့် အနယ်နယ်အရပ်ရပ်တို့တွင် ကျင်းပပြုလုပ်ကြသည်။ ဤသို့ဖြင့် မြန်မာနိုင်ငံ၌ စာဆိုတော်နေ့နှင့်အခမ်းအနားများ နှစ်စဉ်ကျင်းပလာခဲ့သည်။

ထို့ကြောင့် နတ်တော်လစာဆိုတော်လသည် ထူးခြားလေးနက်သည့် အနှစ်သာရအပေါင်းအစုတို့ အားသစ်သွန်းလောင်းသည့်လဖြစ်၍ တိုင်းပြည်အတွက် အရေးပါသောလဖြစ်သည်။ စစ်ရေးစစ်ရာတွင်လည်းကောင်း၊ ပညာအရေး ပညာအရာတွင်လည်းကောင်း ထူးချွန်ထက်မြက်သူများ၊ စွမ်းစွမ်းတမံထမ်းဆောင်သူများ၊ ရှပ်ရှပ်ချွံချွံကြိုးပမ်းထမ်းရွက်ခဲ့ကြသူများကို ဂုဏ်ပြုချီးမြှင့်သောလဖြစ်၍ တိုင်းပြည်အတွက် ကောင်းသောလက္ခဏာပြည့်စုံသည့်လဖြစ်သည်။ တိုင်းပြည်တွင် ဆင်တပ်၊ မြင်းတပ်ကဲ့သို့ ကြည်းတပ်၊ လေတပ်၊ ရေတပ် စစ်မက်အင်္ဂါများလည်း ပြည့်စုံသည်။ မကြာသေးမီက တိုင်းပြည်ကာကွယ်ရေးအတွက် စွမ်းစွမ်းတမံထမ်းရွက်ကြသော၊ ရှပ်ရှပ်ချွံချွံထမ်းဆောင်ကြသော ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခဲ့သည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးက မျိုးစေ့ချပေးခဲ့သော စာဆိုတော်နေ့ကို ကျင်းပတော့မည်ဖြစ်သည်။ စာပေဘက်တွင် ထူးချွန်ပေါက်မြောက်သောပုဂ္ဂိုလ်များအား အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများကို နှစ်စဉ်အစဉ်အလာမပျက် ချီးမြှင့်ပေးအပ်မည်ဖြစ်သည်။ စာဆိုတော်နေ့မတိုင်မီရက်များမှစ၍ နိုင်ငံတစ်ဝန်းရှိကျောင်းများ၊ ရပ်ကွက်များတွင် စာဆိုတော်နေ့ဟောပြောပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများနှင့် ပုံပြောပြိုင်ပွဲများကျင်းပကြသည်။ စာပေအဖွဲ့အစည်းများက ဦးဆောင်၍ သက်ကြီးစာပေပညာရှင်များကိုလည်း ရိုသေဂါရဝအလေးအမြတ်ထား၍ ပူဇော်ကန်တော့ကြသည်။

သို့ဖြစ်ရာ ထူးခြားလေးနက်သည့် နတ်တော်လတွင် စာပေရေးရာ၊ စစ်ရေးစစ်ရာတို့တွင် တိုင်းပြည်နှင့် လူမျိုးအကျိုးကို စွမ်းစွမ်းတမံထမ်းဆောင်ကြသည့် ပုဂ္ဂိုလ်များအား အားပေးဂုဏ်ပြုချီးမြှင့်မြှောက်စားသည့် အစဉ်အလာကောင်းများကို အစဉ်အလာမပျက်ဆင်ယင်ကျင်းပသည့် ပွဲတော်ကာလဖြစ်၍ နိုင်ငံကာကွယ်ရေးနှင့် နိုင်ငံတည်ဆောက်ရေးအတွက် စွမ်းအားတိုးပွားလာအောင် ဆောင်ကြဉ်းပေးသည့် ရာသီကာလဖြစ်ပါကြောင်း။ ။




## သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း သက်ကြီးပူဇော်ပွဲအတွက် အလှူငွေနှင့် တိုင်းရင်းဆေးများ လှူဒါန်းပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၁၂

သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း ဆရာသမားများနှင့် အသက် ၈၀ နှင့်အထက် အသင်းဝင်ဝန်ထမ်းဟောင်းများ သက်ကြီးပူဇော်ပွဲအတွက် ဦးအောင်လင်း – ဒေါ်ခင်သန်းနွဲ့ (ဆရာခို/ဓောခံ့ဓ) တိုင်းရင်းဆေးထုတ်လုပ်ရေးက အလှူငွေကျပ်ဆယ်သိန်းနှင့် (ဆရာခို/ ဓောခံ့ဓ) တိုင်းရင်းဆေးမျိုးစုံ၊ ဦးမြင့်လွင်–ဒေါ်မြညွန့် (ဝန်ထမ်းဟောင်း)က အလှူငွေကျပ်တစ်သိန်း၊ ဦးလှိုင်ဝင်း (စာတည်းမှူးချုပ်–ငြိမ်း)က အလှူငွေကျပ် ငါးသောင်း၊ ဦးခင်မောင်ကျော်ဒင် (စာတည်းမှူးချုပ်–ငြိမ်း)– ဒေါ်ခင်စောမူက အလှူငွေကျပ်သုံးသောင်း၊ ဦးညွန့်ဇော်– ဒေါ်မိုးမိုးအောင်က အလှူငွေကျပ်နှစ်သောင်း၊ ဦးတင်စိုး–ဒေါ်လှလှအေးက အလှူငွေကျပ် တစ်သောင်း၊ ဦးကျော်မြင့်– ဒေါ်သန်းအေး (မိုးကောင်း–ကချင်ပြည်နယ်) က အလှူငွေကျပ်တစ်သောင်း၊ ဦးစံရွှေ (ဝန်ထမ်းဟောင်း)က အလှူငွေကျပ် ငါးထောင်နှင့် ဒေါ်ယဉ်ညိုက အလှူငွေကျပ်သုံးထောင် စုစုပေါင်းအလှူငွေကျပ်တစ်ဆယ့်နှစ်သိန်းသုံးသောင်းရှစ်ထောင်နှင့် (ဆရာခို/ဓောခံ့ဓ) တိုင်းရင်းဆေးမျိုးစုံတို့ကို ဒီဇင်ဘာ ၁၁ ရက်တွင် အသင်းရုံးခန်း၌ လှူဒါန်းပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အမှုဆောင်များက လက်ခံရယူခဲ့သည်။



ကန်တော့ခံသက်ကြီးအသင်းဝင်များနှင့် အသင်းဝင်ဝန်ထမ်းဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အခမ်းအနားသို့ မပျက်မကွက်(မပျက်မကွက်)တက်ရောက်ကြပါရန် အမှုဆောင်များက ဖိတ်ကြားထားကြောင်း သိရသည်။

**အေးသန်း(စိန်တုံးကြီး)**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၂ – ၁၂ –၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၄၆ | ၃၉၆,၆၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၁၈၇ | ၅၄၂,၂၅၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၄၆ | ၃၄၀,၄၀၀ |
| FPB | ၁,၆၀၀ | ၁,၅၅၀ | ၅၃ | ၈၂,၄၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၂၀၀ | ၄၈၀,၀၀၀ |
| EFR | ၁,၉၅၀ | ၂,၀၀၀ | ၉၆၀ | ၁,၈၉၂,၅၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၀ | ၀ |
| MAEX | ၁,၇၀၀ | ၁,၇၀၀ | ၅၁၂ | ၈၄၅,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစည်သူလွင်နှင့်အဖွဲ့

# Myanmar Digital News **အမည်ဖြင့်** Online Digital Newspaper & News Portal Services **လုပ်ငန်း၏ နည်းပညာပိုင်းဆိုင်ရာများနှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းလှူဒါန်းပေးအပ်**

နေပြည်တော် ဒီဇင်ဘာ ၁၂

Myanmar Digital News အမည်ဖြင့် Online Digital Newspaper & News Portal Services လုပ်ငန်း၏ နည်းပညာပိုင်းဆိုင်ရာများနှင့် ဆက်စပ်ပစ္စည်းများ လွှဲပြောင်းလှူဒါန်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ Megalink Advanced Technologies Co.,Ltd (MAT) မှ တာဝန်ရှိသူများ၊ Myanmar Digital News မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် ကမ္ဘာတစ်ဝန်း၌ သိပ္ပံနှင့် သတင်းအချက်အလက်နည်းပညာ တစ်ဟုန်ထိုး တိုးတက်လာခြင်းကြောင့် ကမ္ဘာအရပ်ရပ်မှ သတင်းများသည် အချိန်မဆိုင်းဘဲ နေရာအနှံ့ ခရီးဆန့်နေပြီဖြစ်ပါကြောင်း၊ ထိုအထဲမှ မီဒီယာကျင့်ဝတ်စည်းကမ်းများကို လိုက်နာမှုရှိသည့် အွန်လိုင်းမီဒီယာများရှိသကဲ့သို့ မီဒီယာကျင့်ဝတ်စည်းကမ်းလိုက်နာမှုမရှိသော အွန်လိုင်းမီဒီယာများက နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ၊ တင်းမာမှုများဖြစ်စေရန်ရည်ရွယ်ချက်ဖြင့် သတင်းတုများ၊ ဝါဒဖြန့်မှုများကို ပြုလုပ်လျက်ရှိသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း။

ထို သတင်းတုနှင့် ဝါဒဖြန့်မှု အန္တရာယ်များကို မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများမှ သတင်းသမားများ၊ သတင်းမီဒီယာအများစုနှင့် အွန်လိုင်းသုံးစွဲသူများ၏ ဖော်ထုတ်နိုင်မှုစွမ်းရည် အားနည်းနေချိန်တွင် နိုင်ငံသားများ သတင်းအချက်အလက်များကို လျင်မြန်စွာသိရှိစေရန်နှင့် ကမ္ဘာအရပ်ရပ်ကပါ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်နေသည့် သတင်းအချက်အလက်အမှန်များကို သိရှိစေရန် Myanmar Digital News အမည်ဖြင့် အွန်လိုင်းမီဒီယာတစ်ခုကို ၁၁-၁-၂၀၁၈ ရက်နေ့တွင် စတင်မိတ်ဆက် ထုတ်လွှင့်နိုင်ခဲ့ပါကြောင်း။

Myanmar Digital News(MDN) အမည်ဖြင့် မိုဘိုင်းအက်ပလီကေးရှင်း Digital Newspaper အဖြစ် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ နေ့စဉ်ထုတ်ဝေနေသော နိုင်ငံပိုင်သတင်းစာသုံးစောင်ကို နေ့စဉ် နံနက် ၆ နာရီဆိုသည်နှင့် အွန်လိုင်းမှ ဖတ်ရှုနိုင်နေပြီဖြစ်ပြီး MDN ၏ News Portal မှလည်း ပြည်တွင်း/ပြည်ပ နောက်ဆုံးရသတင်းများ၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ အတွေးအမြင်များ၊ တိုင်းရင်းသားရေးရာနှင့် မိန့်ခွန်း စသည်တို့ကို ကဏ္ဍခွဲ၍ စုံလင်စွာဖတ်ရှုလေ့လာနိုင်သည်ကို တွေ့ရပါကြောင်း။

ယခုလို MDN ၏ သတင်းစီးဆင်းမှု အရှိန်ရနေစဉ်တွင် အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် ကုမ္ပဏီက မမျှော်မှန်းနိုင်သည့် အချို့ကန့်သတ်ချက်များကြောင့် ဆက်လက်ဆောင်ရွက်ရန် အခက်အခဲရှိလာသည့်အတွက် ပူးပေါင်းဆောင်ရွက်မှုကို ရပ်နားပြီး လုပ်ငန်း၏ နည်းပညာပိုင်းဆိုင်ရာများနှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းလှူဒါန်းပေးအပ်သွားမည်ဖြစ်သည့်အတွက် အထူးကျေးဇူးတင်ရှိပါသည်ဟု ပြောကြားလိုပါကြောင်း။

တစ်ဆက်တည်းမှာပဲ MDN အနေဖြင့်လည်း ယခုမှစပြီး ကိုယ့်လမ်းကိုယ်ထွင် ကိုယ်တိုင်ဦးဆောင် ကိုယ့်မော်ကွန်း ကိုယ်ရေးထိုးရန် အောင်မြင်အောင် လျှောက်လှမ်းရမည့် အွန်လိုင်းမီဒီယာခရီးလမ်းမှာ အမှားအယွင်းနည်းပါးစွာဖြင့် အောင်မြင်ပါစေ၊ ပြည်သူများ၏ သတင်းသိရှိပိုင်ခွင့်အပေါ်ကိုလည်း အတတ်နိုင်ဆုံး၊ အကောင်းဆုံးဖြည့်ဆည်းပေးနိုင် ကြပါစေဟု ဆန္ဒပြုရင်း နိဂုံးချုပ်လိုက်ပါကြောင်း ပြောကြားသည်။

ထို့နောက် Megalink Advanced Technologies Co.,Ltd (MAT) မှ တာဝန်ရှိသူတစ်ဦးက ယနေ့လှူဒါန်းလွှဲပြောင်းပေးအပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် Megalink Advanced Technologies Co.,Ltd (MAT)မှ တာဝန်ရှိသူများက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးထံ Online Digital Newspaper & News Portal Services လုပ်ငန်း၏ နည်းပညာပိုင်းဆိုင်ရာများနှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက Megalink Advanced Technologies Co.,Ltd (MAT) မှ တာဝန်ရှိသူများထံ ဂုဏ်ပြုလက်မှတ်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**



☆ **ရှေ့ဖုံးမှ**

မြန်မာနိုင်ငံ အရေးနှင့်ပတ်သက်၍ တပ်မတော်သားများကို တိုက်တွန်းသည်ဟုဆိုကာ အရှေ့တီမောနိုင်ငံ၏ သမ္မတ ဟိုဆေးရာမို့စ်ဟော်တာက ပြောကြားလိုက်သည့်ကိစ္စနှင့်ပတ်သက်၍ နိုင်ငံရေး သုံးသပ်လေ့လာသူတစ်ဦးက အထက်ပါအတိုင်း မြန်မာ့အရေးကို လေ့လာရန် ပြောကြားခဲ့ခြင်းဖြစ်ပြီး အခြားနိုင်ငံရေးနယ်ပယ်မှ ပုဂ္ဂိုလ်များကလည်း လက်မခံကြောင်း တုံ့ပြန်ပြောကြားခဲ့ခြင်း ဖြစ်သည်။ “မြန်မာနိုင်ငံအကြောင်းကို ပြောချင်ရင် မြန်မာနိုင်ငံရဲ့ သမိုင်းကို အရင်ဆုံး သိအောင်လုပ်ပါလို့ ပြောချင်ပါတယ်။ သမိုင်းကြောင်းကို မသိဘဲ ဝေဖန်တယ်ဆိုရင် ဒါက ဝေဖန်တာနဲ့မတူဘဲ တစ်ခါတစ်ရံကျတော့ လေကန်တာမျိုး ဖြစ်သွားတတ်တယ်။ လေကန်တယ်ဆိုတာမျိုးက အထောက်အထားပြရမယ့်အရာတွေ၊ ကိုးကားရမယ့်အရာတွေ မသိဘဲနဲ့ ပြောတာမျိုးကို လေကန်တယ်လို့ပြောကြားတာပေါ့” ဟု အထက်ပါနိုင်ငံရေး သုံးသပ်လေ့လာသူက ဆိုသည်။

ပြီးခဲ့သည့် ရွေးကောက်ပွဲကာလအတွင်းက နှစ်ခါမက သုံးခါအထိ မဲပေးခွင့်ရခဲ့သူများ ပင်ရှိခဲ့ကာ ထိုသို့ဖြစ်စဉ်မျိုးသည် အောက်ခြေကပင်ဖြစ်သည် ဖြစ်စေ ခေါင်းဆောင်ကသာ ဖြေရှင်းရပြီး အဆိုပါဖြစ်စဉ်မျိုးကို တီမောသမ္မတအနေဖြင့် သိရှိနားလည်ထားမည်ဟု မထင်ကြောင်း ၎င်းကဆိုသည်။

“တစ်ခုလောက် မေးစမ်းပါရစေ။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှာ အာဏာထိန်းပြီးကတည်းက ဒီနေ့အထိ သံရုံးတွေ တံခါးပိတ်ပြီး မြန်မာနိုင်ငံက ပြန်သွားတာ ဘယ်နှနိုင်ငံရှိပါသလဲခင်ဗျာ။ တီမောသမ္မတကြီးခင်ဗျာ။ မြန်မာနိုင်ငံသံရုံးတွေကို ဘယ်နိုင်ငံက တံခါးပိတ်ပြီး မင်းတို့ပြန်တော့လို့ ပြောတာရှိပါသလဲခင်ဗျာ။ တပ်မတော်ကိုခွဲတာက တိုင်းပြည်ကိုခွဲတာနဲ့ အတူတူဖြစ်ပါတယ်။ မြောက်ဗီယက်နမ်၊ တောင်ဗီယက်နမ် ကွဲသွားခဲ့ဖူးပါတယ်။ တောင်ကိုရီးယား၊ မြောက်ကိုရီးယား ကွဲသွားခဲ့ပါတယ်။ ဗီယက်နမ်က ပေါင်းပေမယ့် ကိုရီးယားကတော့ ကွဲမြဲပါ။ ဒီလိုမျိုးတွေမဖြစ်ဖို့ ဝိုင်းဝန်းထိန်းသိမ်းပြီး ဘိုးဘွားအစဉ်အဆက်တည်ရှိတဲ့ နယ်နိမိတ်တွေက ဆက်တည်ရှိပြီး တစ်နိုင်ငံနဲ့တစ်နိုင်ငံဟာ ပြည်တွင်းရေးကို ဝင်မစွက်ဖက်ဘဲ ဖေးမကူညီခြင်းဟာအကောင်းဆုံး ဖြစ်ပါတယ်” ဟု အထက်ပါ သုံးသပ်လေ့လာသူက ဆိုသည်။

တီမောနိုင်ငံအနေဖြင့် နိုင်ငံငယ်သာဖြစ်ပြီး အနောက်အုပ်စုနိုင်ငံမှ ပိုက်ဆံရရှိရန်အတွက် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ပြောနေခြင်းသာဖြစ်ကာ တီမောသမ္မတက ပြောသည့်အတွက် တပ်မတော်သည် ပြိုကွဲသွားမည် မဟုတ်၊ ရှုံးသွားမည် မဟုတ်ကြောင်း မြန်မာ့နိုင်ငံအရေး သုံးသပ်လေ့လာသူတစ်ဦးဖြစ်သည့် ဦးဘိုဘိုကျော်ငြိမ်းက ဆိုသည်။

“ကျွန်တော်ကတော့ တီမောသမ္မတပြောလည်း သူပြောနေတာ အလကားသက်သက်ပဲ။ ဘာမှမဖြစ်ဘူး။ တီမောသမ္မတက ဘာပြောလို့ ညာပြောလို့ဆိုတာ စိတ်မပူပါဘူး။ လေကုန်တာပဲရှိပါတယ်” ဟု ၎င်းက ဆိုသည်။

တီမောသမ္မတ၏ ပြောကြားချက်သည် နိုင်ငံရေးမျက်နှာစာတွင် ထင်ပေါ်စေရန်အတွက် လုပ်ဆောင်ခြင်းဟုသာ ရှုမြင်မိကြောင်းနှင့် တီမောသမ္မတပြောကြားချက်ကို ငြင်းဆိုလိုကြောင်း ဒီမိုကရက်တစ်ပါတီ (မြန်မာ) မှ ဒုတိယဥက္ကဋ္ဌ ဦးတင်ဆွေက သုံးသပ်ပြောကြားသည်။ “သူတို့ကိုယ် သူတို့ Role တင်တယ်လို့ကျွန်တော်ကတော့မြင်တယ်။ စွက်ဖက်တာကတော့ ကမ္ဘာ့နိုင်ငံကြီးတွေကလည်း စွက်ဖက်နေတာပဲ။ ပြောချင်တာက ကျွန်တော်တို့က ဖွဲ့စည်းပုံအတိုင်းသွားနေတာကို ဘယ်နိုင်ငံကမှ Mother law ကို စွက်ဖက်လို့မရဘူး” ဟု ၎င်းကဆိုသည်။ **ထက်ဦးမောင်**

## တီမောလက်စ်တေနိုင်ငံ သမ္မတ၏ ပြောဆိုချက်များမှာ သူတစ်ပါးနိုင်ငံ၏ ပြည်တွင်းရေးနှင့်အချုပ်အခြာအာဏာကို ဖောက်ဖျက်ရာကျပြီး NUG အငှားသဘောမျိုး ဖြစ်သောကြောင့် သမ္မတဈေးကျဟု ဝါရင့်နိုင်ငံရေးသမားကြီးကပြော

ရန်ကုန် ဒီဇင်ဘာ ၁၂

တီမောလက်စ်တေနိုင်ငံ သမ္မတ၏ ပြောဆိုချက်များမှာ သူတစ်ပါးနိုင်ငံ၏ ပြည်တွင်းရေးနှင့်အချုပ်အခြာအာဏာကို ဖောက်ဖျက်ရာကျပြီး NUG အငှားသဘောမျိုးဖြစ်သောကြောင့် သမ္မတဈေးကျဟု ဝါရင့်နိုင်ငံရေးသမားကြီးတစ်ဦးဖြစ်သူ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ၏ဦးဆောင်နာယက ဗိုလ်မှူးကြီးခွန်ဥက္ကာက ပြောသည်။

မြန်မာ့တပ်မတော်သားများအနေဖြင့် တပ်မတော်လက်အောက်ကထွက်ခွာကြရန် တီမောလက်စ်တေနိုင်ငံသမ္မတ ဟိုဆေးရာမို့စ်ဟော်တာက ဗီဒီယိုမိန့်ခွန်းဖြင့် တိုက်တွန်းခြင်းအပေါ် ၎င်းက အထက်ပါအတိုင်းမှတ်ချက်ပြု ပြောဆိုလိုက်ခြင်းဖြစ်သည်။ “အစိုးရအချင်းချင်းဆက်ဆံရေးကို ဖောက်ဖျက်ရာကျတာပေါ့၊ သူတစ်ပါးနိုင်ငံရဲ့ ပြည်တွင်းရေးနဲ့ အချုပ်အခြာအာဏာကို ဖောက်ဖျက်ရာကျတာပေါ့။ အကယ်၍ ရိုးရိုးအရပ်သားတစ်ယောက်၊ နိုင်ငံရေးအာဏာမရှိဘူး၊ သမ္မတလည်း မဟုတ်ဘူး၊ ဝန်ကြီးချုပ်လည်း မဟုတ်ဘူး၊ အလွတ်သဘောမျိုး ပြောကြတယ်ဆိုရင်တော့ တစ်မျိုးပေါ့လေ။ အခုက သူက တာဝန်ရှိတဲ့အစိုးရလည်းဖြစ်တယ်၊ သမ္မတလည်းဖြစ်တယ်။ နိုင်ငံအချင်းချင်း စောင့်ထိန်းရမယ့်ဟာကိုတော့ နားလည်ရမှာပေါ့။ ပြောတာတော့ နည်းနည်းများသွား တယ်လေ။ ဒါကြောင့် သူဒီလို လုပ်ပုံလုပ်နည်းက အနည်းဆုံးသူပြောရမှာက အာဆီယံမူလောက်ကို ထောက်ခံတယ်။ အာဆီယံမူလောက်ကို လိုက်လုပ်ပေးဖို့လိုတယ်လောက် တိုက်တွန်းရင်တော်သေးတယ်လေ။ အခုကတော့ ရဲဘော်တွေအားလုံး လက်နက်ချကြ၊ ဘာလုပ်ကြဆိုတော့ သူက NUG အစိုးရအဖွဲ့ဝင်တစ်ယောက်လိုပြောသလိုဖြစ်နေတယ်။ သူ့ကိုယ်သူ ဈေးချသလို ဖြစ်တယ်။ NUG အငှားဘက်က ပြောသလိုဖြစ်သွားတော့ သူ့ခမျာလည်း နိုင်ငံအကြီးအကဲ သိက္ခာကျတာပေါ့။ ဘယ်ရှုထောင့်ကပဲ ကြည့်ကြည့် မဖြစ်သင့်တဲ့ဟာပါ ”ဟု ၎င်းက ပြောသည်။

ပြည်ပြေးလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော NUG ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အကြမ်းဖက်အဖွဲ့အစည်းတစ်ခုအဖြစ် သတ်မှတ်ထားပြီး ဖြစ်သည်။

သို့သော်လည်း တီမောလက်စ်တေနိုင်ငံအစိုးရအနေဖြင့် NUG နှင့်တွေ့ဆုံခဲ့သောကြောင့် တီမောလက်စ်တေနိုင်ငံ၏ တာဝန်မဲ့လုပ်ရပ်ဖြစ်သောကြောင့် မြန်မာနိုင်ငံရှိ တီမောလက်စ်တေသံရုံးတာဝန်ခံကို မြန်မာနိုင်ငံအတွင်းက ထွက်ခွာသွားရန် ပြီးခဲ့သည့် ဩဂုတ်လ ၂၇ ရက်နေ့က အစိုးရက စက်တင်ဘာလ ၁ ရက်ထက် နောက်မကျစေဘဲ မြန်မာနိုင်ငံကထွက်ခွာသွားရန် အမိန့်ထုတ်ခဲ့သည်။ မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနကလည်း တီမောလက်စ်တေနိုင်ငံသည် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များ ဆက်လက်ကျူးလွန်ရန် အကြမ်းဖက်အုပ်စုကို တိုက်တွန်းအားပေးခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။ “သူက အလံဖြူထောင်ဖို့ သဘောမျိုးသက်ရောက်တဲ့စကားကို အခုလို ပြောဆိုတာဟာ တကယ့်အကြမ်းဖက်အစစ်ဖြစ်သွားပြီ။ တကယ်လို့သာ အာဆီယံမှာ သူလေ့လာသူအဖြစ် တက်ခဲ့တယ်ဆိုရင် သူ့ကို ကန့်ကွက်လို့ရတယ်။ အခုလို ပြောဆိုလိုက်တာကြောင့် အာဆီယံမှာ မှတ်တမ်းဝင်ဖြစ်သွားပြီ။ သမိုင်းမှာ အကြမ်းဖက်ဆိုတာ မှတ်တမ်းဝင်သွားပြီ။ တီမောဆိုတာ ပထဝီအနေအထားအရ မြန်မာနိုင်ငံနဲ့ ဆက်စပ်မှုမရှိတဲ့နိုင်ငံပါ။ နိုင်ငံသေးသေးလေးပါ။ တကယ့်ကို မြေမျက်နှာပြင် မဆက်စပ်တဲ့၊ ဘာသာအယူအဆလည်း မတူတဲ့နိုင်ငံပါ၊ အာဆီယံနိုင်ငံတွေထဲမှာ အဖွဲ့ဝင်နိုင်ငံတောင်မဖြစ်သေးဘူး။ ဒါက အားလုံးဝိုင်းပြီး ကန့်ကွက်သင့်တယ်”ဟု လွှတ်တော်ကိုယ်စားလှယ်ဖြစ်ခဲ့ဖူး သူတစ်ဦးက ပြောသည်။ တီမောလက်စ်တေနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာရန် မျှော်လင့်နေသော နိုင်ငံဖြစ်သည်။

**Myo Khine**

# အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရ စာပေပညာရှင်ကြီးများ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) ၌ ကျန်းမာရေးစစ်ဆေးမှုများ ခံယူကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို



ဆုရ စာပေပညာရှင်ကြီးများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ် ပြသထားမှုကို ကြည့်ရှုလေ့လာစဉ်။



ဆုရ စာပေပညာရှင်ကြီးများ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) ၌ ကျန်းမာရေး စစ်ဆေးမှုများ ခံယူကြစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၂**

၂၀၂၂ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုများ ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်၌ ရောက်ရှိနေကြသည့် ဆုရစာပေပညာရှင်ကြီးများသည် ယနေ့တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) ၌ ကျန်းမာရေးစစ်ဆေးမှုများခံယူကြပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ဆုရစာပေပညာရှင်ကြီးများသည် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) အထူးကုပြင်ပလူနာဌာန(၂)တွင် မိမိတို့စစ်ဆေးကုသမှုခံယူလိုသည့် ကျန်းမာရေးအခြေအနေများကို အထူးကုဆရာဝန်ကြီးများဖြင့် ဆွေးနွေးတိုင်ပင်ကြပြီး အထူးကုဆရာဝန်ကြီးများက ဆီးချိုရောဂါ၊ သွေးတိုးရောဂါနှင့် နှလုံးရောဂါတို့ကို အဓိကစစ်ဆေးခြင်းများ ဆောင်ရွက်ပေးကြကာ အခြားလိုအပ်သည့်ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်ပေးကြသည်။

ထို့နောက် အထူးကုဆရာဝန်ကြီးများက စာပေပညာရှင်ကြီးများ ကျန်းမာရေးအတွက် သိသင့်သိထိုက်သည့် သက်ဆိုင်ရာရောဂါများအလိုက် ဆောင်ရန်၊ ရှောင်ရန် ကျန်းမာရေးဆိုင်ရာဗဟုသုတများ မျှဝေပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုများ စနစ်တကျဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဆုရစာပေပညာရှင်ကြီးများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်ရှိ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ညဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ဆုရစာပေပညာရှင်ကြီးများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပပြုလုပ်ခဲ့သည့် မဟာမင်္ဂလာအခမ်းအနားများတွင် အသုံးပြုခဲ့သည့် ပစ္စည်းများ၊ ဘုရားရှင်ဓာတ်တော်၊ ရဟန္တာဓာတ်တော်များ ထည့်သွင်းပူဇော်ခဲ့သည့် ရွှေဖလားများ၊ အစိတ်အပိုင်း လေးပိုင်းခွဲ၍ တည်ဆောက်ထားသော မာရဝိဇယဆင်းတုတော်ကြီး ပုံစံငယ်များ၊ မြန်မာ့ရိုးရာပန်းဆယ်မျိုးလက်ရာ ပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်မှု မှတ်တမ်းတင်ဓာတ်ပုံများနှင့် အခြားလေ့လာသင့်သည်များကို လှည့်လည်ကြည့်ရှုကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြသည်။

ထို့နောက် ဆုရစာပေပညာရှင်များသည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း၌ လေ့လာကြည့်ရှုကြသည်။

ယင်းနောက် ဆုရစာပေပညာရှင်များသည် အလှူခံဌာန၌ ဘုရားကြီးဘက်စုံ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း အံ့မခန်းဗိသုကာ လက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါ ဓိပတိသာသနာ့ဗိမာန်တော်ကြီးနှင့် ကျောက်စာရုံစေတီတော်များကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

## ○ ဆောင်းခိုငှက်မှ

ဆောင်းခိုငှက်များသည် ကမ္ဘာ့မြောက်ခြမ်းရေခဲဖုံးလွှမ်းရာဒေသမှ မိုင်ထောင်ချီပျံသန်း၍ နှစ်စဉ် နွေးခိုရာဒေသများသို့ ပျံသန်းဝင်ရောက်လေ့ရှိပြီး ကမ္ဘာ့တောင်ဘက်ခြမ်းဒေသ ဆောင်းရာသီကုန်ဆုံးချိန်၌ မူရင်းဒေသများသို့ ပြန်လည်ထွက်ခွာပျံသန်းကြလေ့ရှိကာ အဆိုပါလမ်းခရီးတွင် မျိုးသုဉ်းရန် အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ဆောင်းခိုငှက်များ အပါအဝင် အခြားသောငှက်များ ထိခိုက်သေဆုံးခြင်း၊ သဘာဝဘေးအန္တရာယ် ကြုံတွေ့ခြင်းနှင့် လူတို့၏ ပယောဂကြောင့် မူရင်းဒေသသို့ ကောင်ရေအပြည့်အဝ ပြန်မရောက်နိုင်သောအခြေအနေကို နှစ်စဉ်ကြုံတွေ့ရလျက်ရှိသည်။ တစ်နှစ်ထက်တစ်နှစ် ကမ္ဘာ့ရှားပါးဆောင်းခိုငှက်များ လျော့နည်းလာမှုကို ကာကွယ်မှုတစ်စိတ်တစ်ပိုင်းအဖြစ် မြန်မာနိုင်ငံ ရမ်ဆာရပ်ဝန်းဒေသများသို့ ဝင်ရောက်လာသော ဆောင်းခိုငှက်များအား တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ ဝန်ထမ်းများက မှတ်တမ်းယူ စာရင်းပြုစု၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို နှစ်စဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အင်းလေးကန်မှာ ကမ္ဘာ့ရှားပါးဆောင်းခိုငှက်မျိုးစိတ် ခြောက်မျိုး ဝင်ရောက်နေပါပြီ။ ကမ္ဘာမှာ မျိုးသုဉ်းဖို့ အန္တရာယ်ရှိနေတဲ့ ဘဲပို့ချပ်မျိုးစိတ်အနည်းငယ်လည်းတွေ့နေရပါတယ်။ မနှစ်က သုံးကောင်ပဲတွေ့ရပြီးတော့ ဒီနှစ်ဆောင်းဦးအစမှာ နှစ်ကောင်တွေ့ရပါတယ်။ ကမ္ဘာမှာ မျိုးသုဉ်းဖို့ရင်ဆိုင်နေရတဲ့ ငှက်မျိုးစိတ်တွေ ဝင်ရောက်ကျက်စားတာဟာ နိုင်ငံအတွက် ဂုဏ်ယူစရာပါ။ နိုင်ငံခြားသား ငှက်ကြည့်ဝါသနာရှင်တွေ အထူးစိတ်ဝင်စားတဲ့ ငှက်မျိုးစိတ်တွေလည်းဖြစ်ပါတယ်။ ကြိုးကြာခေါင်းနီဆိုရင် လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က ၁၅ ကောင်နီးပါးဝင်ရောက်ခဲ့တယ်။



မနှစ်ကဆိုရင် နှစ်ကောင်ပဲတွေ့ရတယ်။ ဘဲပို့ချပ်ဆိုရင်လည်း လွန်ခဲ့တဲ့နှစ်အနည်းငယ်က ၁၀ ကောင်ကနေ အခုဆိုရင် အနည်းငယ်ပဲ တွေ့ရတော့တယ်။ အင်းလေးကန်က ဒီနှစ်ရေပြည့်နေတော့ ဆောင်းခိုငှက်ဝင်တာ နည်းနေပါသေးတယ်။ နောက်ပိုင်းပိုပြီးများလာမှာပါ။ ဆောင်းခိုငှက် ထိန်းသိမ်းစောင့်ရှောက်ရေးကို နှစ်စဉ်မပြတ်ဆောင်ရွက်နေပါတယ်။ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းမှုအဖြစ် မြန်မာနိုင်ငံမှာ ကမ္ဘာ့ရှားပါးမျိုးစိတ် ဝင်ရောက်ကျက်စားမှုဟာ နိုင်ငံ့တန်ဖိုးဂုဏ်မြင့်တက်စေပါတယ်"ဟု အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ အုပ်ချုပ်ရေးမှူး ဦးတင်မြစိုးက ပြောသည်။

ကမ္ဘာ့မြောက်ခြမ်းဆောင်းရာသီကို ရှောင်ရှားရန် ကမ္ဘာ့တောင်ခြမ်းဒေသများသို့ ဆောင်းခိုငှက်များ ပျံသန်းရာ လမ်းကြောင်းကြီး ကိုးခုဖြစ်သော အရှေ့အတ္တလန္တိတ် ပျံသန်းရာလမ်းကြောင်း၊ ပင်လယ်နက်–မြေထဲပင်လယ် ပျံသန်းရာလမ်းကြောင်း၊ မစ္စစ္စပီ–အမေရိကပျံသန်းရာလမ်းကြောင်း၊ အတ္တလန္တိတ်–အမေရိကပျံသန်းရာလမ်းကြောင်း၊ ပစိဖိတ်–အမေရိကပျံသန်းရာလမ်းကြောင်း၊ အနောက်ပစိဖိတ်ပျံသန်းရာလမ်းကြောင်း၊ အရှေ့အာရှ–ဩစတြေးလျ ပျံသန်းရာလမ်းကြောင်း၊ အာရှအလယ်ပိုင်းပျံသန်းရာလမ်းကြောင်းနှင့် အနောက်အာရှ–အရှေ့အာဖရိက ပျံသန်းရာလမ်းကြောင်းတို့မှ ဆောင်းခိုငှက်များ ဝင်ရောက်ကြလေ့ရှိသည်။ မြန်မာနိုင်ငံသို့ အရှေ့အာရှ– ဩစတြေးလျ ပျံသန်းရာလမ်းကြောင်းနှင့် အာရှအလယ်ပိုင်း ပျံသန်းရာလမ်းကြောင်းတို့မှ နှစ်စဉ် ဆောင်းခိုငှက်မျိုးစိတ်ပေါင်း ၃၀၀ ကျော်လာရောက်ကျက်စားလေ့ရှိသည်။ ဘဲပို့ချပ်မျိုးစိတ် နည်းတူ ရေသျှောင့်နှုတ်ဝိုင်းငှက်သည် ကမ္ဘာပေါ်တွင် အကောင်ရေ ၅၀၀ ခန့်သာ ကျန်ရှိပြီး နှစ်အနည်းငယ်အတွင်း မျိုးသုဉ်းမည့်အန္တရာယ် ရင်ဆိုင်ရဖွယ်ရှိကြောင်း ငှက်ကြည့်ဝါသနာရှင်များက ခန့်မှန်းသုံးသပ်ထားသည်။

ကမ္ဘာပေါ်ရှိငှက်များကို ဌာနေငှက်မျိုးစိတ်များ၊ ဒေသတွင်း ရာသီအလိုက် ရွှေ့ပြောင်းငှက်များ၊ ရာသီအလိုက်ရွှေ့ပြောင်းငှက်များနှင့် ဆောင်းခိုငှက်များဟု အုပ်စုလေးမျိုးခွဲခြားထားပြီး ကမ္ဘာပေါ်ရှိ ငှက်မျိုးစိတ်စုစုပေါင်း ၁၈၀၀၀ ခန့်တွင် မြန်မာနိုင်ငံ၌ ငှက်မျိုးစိတ် ၁၁၃၆ မျိုးရှင်သန်လျက်ရှိကြောင်း ဇီဝမျိုးစုံ မျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (BANCA)မှ သိရသည်။ ယင်းငှက်မျိုးစိတ်များသည် ကမ္ဘာ့နေရာဒေသ အနှံ့အပြားတွင် မျိုးစိတ်အလိုက် သင့်လျော်သောဒေသများသို့ ပျံ့နှံ့နေထိုင်ကျက်စားလျက်ရှိပြီး ငှက်မျိုးစိတ်ပေါင်း ၃၀၀၀ ခန့်သည် ရာသီအလိုက် နေရာဒေသပြောင်းရွှေ့နေထိုင်လေ့ ရှိကြောင်း သိရသည်။

အင်းလေးကန် ဘေးမဲ့တောဧရိယာတွင် အရေးကြီး ငှက်မျိုးစိတ် ၁၄ မျိုး သတ်မှတ်ထားပြီး နိုဝင်ဘာလကုန်ပိုင်းနှင့် ဒီဇင်ဘာလဆန်းပိုင်း၌ သစ်တောငှက်မျိုးစိတ် ၉၅ မျိုး ၆၇၇၃ ကောင်၊ ရေပျော်ငှက်မျိုးစိတ် ၄၂ မျိုး ၉၉၃၈ ကောင်နှင့် ဆောင်းခိုငှက်မျိုးစိတ် ၃၄ မျိုး ၄၂၃၆ ကောင်တို့ ကျက်စားလျက်ရှိကာ ဆောင်းခိုငှက် မျိုးစိတ်ငါးမျိုး ဝင်ရောက်ကျက်စားလျက်ရှိသည်။ မြန်မာနိုင်ငံတွင် အင်းတော်ကြီးကန်၊ အင်းလေးကန်၊ မိုးယွန်းကြီးအင်း၊ မိန်းမလှကျွန်း၊ ပလိပ်အင်း၊ တောင်သမန်အင်း၊ ပြူကန်အင်းနှင့် ဗနော အင်းများသို့ နှစ်စဉ်ဆောင်းခိုငှက်များ ဝင်ရောက်ကျက်စားလျက်ရှိ၍ ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်မှုတစ်ခုအဖြစ် ရပ်တည်လျက်ရှိရာ ကမ္ဘာ့ရှားပါးဆောင်းခိုငှက်များ ဝင်ရောက်ကျက်စားရာ နိုင်ငံတစ်ခုအဖြစ် ဂုဏ်တင့်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ – ကနူး**

# ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့မွန်းလွဲပိုင်းတွင် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ၊ အလျင်လိုကျေးရွာ၊ အောင်ဇမ္ဗူရပ်ကွက်၊ ရှားတောကျေးရွာ၊ ဂုဏ်မင်းအင်းကျေးရွာတို့မှ သမဝါယမအသင်းသားတောင်သူများနှင့်တွေ့ဆုံရာ ပြည်ထောင်စုနယ်မြေ နေပြည်တော် သမဝါယမဦးစီးဌာနဦးစီးမှူးက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါး အထွက်နှုန်းကိစ္စများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ခဲ့သည့် သွင်းအားစုနှင့် ညီမျှသောငွေအတွက် ပြန်လည်ပေးသွင်းမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဓာတ်မြေဩဇာနှင့် သွင်းအားစုများ ထောက်ပံ့ရာတွင် တောင်သူများလက်ဝယ်သို့ သတ်မှတ်ဈေးနှုန်းများအတိုင်း ရောက်ရှိရေး မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးပြီး သမဝါယမအသင်းသား တောင်သူများ၏ မိုးစပါးရိတ်သိမ်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအုပ်စုနှင့် ဂုဏ်မင်းအင်းကျေးရွာမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ဂုဏ်မင်းအင်းကျေးရွာ၌ သောက်သုံးရေရရှိရေးစက်ရေတွင်းတူးဖော်မှု၊ အမြင့်တင် ရေစင်တည်ဆောက်ပြီးစီးမှု၊ ရေပိုက်လိုင်းသွယ်တန်းမှု၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂုဏ်မင်းအင်းကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သော အိမ်ခြေ ၂၇၅ အိမ်၊ လူဦးရေ ၁၀၀၀ ကျော်အတွက် အကျိုးပြုပေးနိုင်မည့် စက်ရေတွင်းတူးဖော်ခြင်း၊ အမြင့်တင်ရေစင်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) ခရိုင်တာဝန်ခံနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ အထူးမွမ်းမံသင်တန်း ဖွင့်လှစ်



နေပြည်တော် ဒီဇင်ဘာ ၁၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) ခရိုင်တာဝန်ခံနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၃/ ၂၀၂၃-၂၀၂၄)ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းက နေပြည်တော်ရုံးအမှတ်(၅၀)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် နိုင်ငံတော်၏ လယ်ယာစီးပွားကဏ္ဍ တိုးတက်မြင့်မားရေးနှင့် တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေပေးဝေရာတွင် ရေကိုတန်ဖိုးရှိစွာ အသုံးချရေး အလေအလွင့်နည်းပါးစေရန်နှင့် ရေစီမံခန့်ခွဲမှုကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်ရန်နှင့် သီးထပ်စွမ်းအားများ တိုးတက်၍သုံးသီးစိုက်ပျိုးနိုင်ရေး အလေးထားကြိုးစားဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီဌာန (ရေအရင်းအမြစ်) ညွှန်ကြားရေးမှူး ဒေါ်ယုယုလှိုင်က သင်တန်းနှင့် ပတ်သက်၍ သိမှတ်ဖွယ်ရာများကို ရှင်းလင်းတင်ပြသည်။

သင်တန်းသို့ ၄၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလခြောက်ရက်ကြာမည့် အဆိုပါသင်တန်းတွင် ဌာနက ဆောင်ရွက်လျက်ရှိသော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေပေးဝေခြင်း၊ ရေသောက်စနစ်များ ပြုပြင်ထိန်းသိမ်းခြင်း၊ မြေအောက်ရေ စီမံခန့်ခွဲခြင်း၊ သိုလှောင်ရုံ ထိန်းသိမ်းခြင်း၊ ဘာသာရပ်များ သင်ကြားပို့ချမည့်အပြင် ဝန်ထမ်းစည်းမျဉ်း၊ ဘဏ္ဍာရေးစည်းမျဉ်းနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ အလားတူ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ EIA/SIA၊ RTA & Performance Audit ဘာသာရပ်များကိုလည်း ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကျိုက်ထိုမြို့နယ်၌ စာဖတ်ဝိုင်း ပြုလုပ်

ကျိုက်ထို ဒီဇင်ဘာ ၁၂

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်သူများအသင်း(Book Club)တို့ ပူးပေါင်း၍ ဘုန်းမြင့်သွေး(သုတေသီ) ရေးသားသည့်“ထူးချွန်ချင်တဲ့စိတ်”စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက မြို့နယ်ရုံးလူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

### ဆွေးနွေးပြောကြား

ဦးစွာ မြို့နယ်ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က စာဖတ်ဝိုင်းပြုလုပ်ရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး Book Club အဖွဲ့ဝင် ဦးတင်ထွေး၊ ဦးလှထွန်းနှင့် ဒေါ်တင်ထားအေးတို့က အဆိုပါစာအုပ်မှ သိမှတ်ဖွယ်ရာအကြောင်းအရာတို့ကို ကဏ္ဍအလိုက် ဆွေးနွေးပြောကြားရာ တက်ရောက်လာကြသော အဖွဲ့ဝင်များနှင့် ကျောင်းသားကျောင်းသူများက အပြန်အလှန် မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



❖ အဝါရောင်လိုင်းစတေကာမှ

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်ချက်အရ တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော စီးတီး တက္ကစီယာဉ်များအား အခြားသော ယာဉ်များနှင့် ကွဲပြားပြီး ထင်သာမြင်သာ ရှိစေရန်၊ မြို့တော်အင်္ဂါရပ်နှင့်အညီ ဖြစ်စေရန်၊ လုံခြုံမှုရှိစေရန်၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရန်နှင့် နိုင်ငံတကာ တက္ကစီယာဉ်များနည်းတူ စီးတီး တက္ကစီယာဉ်များ၏ ဘေးနှစ်ဖက်ကိုယ်ထည်တွင် အဝါရောင်လိုင်း ထည့်သွင်းသတ်မှတ် ဆောင်ရွက်ရန် အောက်တိုဘာ ၁၂ ရက်က ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲတွင် YRTC က ကြေညာခဲ့သည်။



စီးတီး တက္ကစီယာဉ်များ၌ အဝါရောင်လိုင်း စတေကာ တပ်ဆင်ခြင်းကို ယခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ သုံးလကြာ YRTC က အခမဲ့ ကျခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထို့အပြင် ယာဉ်ပိုင်ရှင်များအနေဖြင့် သတ်မှတ်ဒီဇိုင်းအတိုင်း မိမိအစီအစဉ်ဖြင့် တပ်ဆင်မည် ဆိုပါကလည်း ခွင့်ပြုကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးနောက် တပ်ဆင်ပြီးမှုအခြေအနေကို သုတေသန စစ်တမ်းကောက်ယူချက်အရ လက်ရှိကာလအထိ ယာဉ်အစီးရေ ၄၀၀၀၀ နီးပါးမှာ တပ်ဆင်ထားပြီး ရာခိုင်နှုန်းအားဖြင့် ၆၇ ရာခိုင်နှုန်း တပ်ဆင်ပြီးဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကညနတွင် မှတ်ပုံတင်ထားသည့် စီးတီး တက္ကစီအစီးရေ ၅၈၄၈၁ စီးရှိပြီး YRTC တွင် မှတ်ပုံတင်ထားသည့် အစီးရေမှာ ၅၅၃၀၁ စီးရှိကြောင်း အဆိုပါမီဒီယာတွေ့ဆုံပွဲမှ သိရသည်။

လင်းရာမ

### မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နေရာစိပ်စိပ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

# လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ

မိုးမြင့်

ယခုလတ်တလော မြန်မာနိုင်ငံက စက်သုံးဆီဆိုင်တွေဟာ ဆိုင်ကရောင်းဖို့သတ်မှတ်ထားတဲ့ အချိန်လောက်မှာ သွားတန်းစီနေရတယ်၊ တစ်မိုင်အရှည်လောက်ထိ ယာဉ်ဆိုင်ကယ်တန်းအရှည်ကြီးမှာ စိတ်ရှည်သည်းခံစွာနဲ့ တန်းစီစောင့်ဆိုင်းရတာက အလုပ်တစ်ခုဖြစ်နေတယ်၊ တစ်နာရီခွဲလောက်အရောက်မှာ ဆိုင်နားလည်းရောက်ရော ကိုယ်လိုချင်တဲ့ ဓာတ်ဆီကမရတော့ဘဲ ဒီဇယ်ပဲရတော့မယ်ဆိုပြီးဖြစ်သွားတတ်တာလည်း ကြုံဖူးပါပြီ။ အချိန်ကုန် မော်တာအဖတ်တင်၊ စက်သုံးဆီဆိုင်ဆီမောင်းလို့ ကုန်သွားတဲ့ဆီပမာဏလေးကမပြောပလောက်ပေမဲ့ ခုလိုကာလ ခြိုးခြိုးခြံခြံနေရတဲ့ဘဝမှာ ဒီကုန်သွားတဲ့ ပမာဏလေးသည်ပင် ကိုယ့်အတွက် အရေးကြီးနေပြန်ကော၊ လိုအပ်လို့မလျှော့သောဇွဲနဲ့ နောက်တစ်ဆိုင်ကူးပြန်ရင်လည်း မသေချာ၊ တစ်ခါ အချိန်အကြာကြီးတန်းစီတိုးပြီးမှ တပ်ခေါက်ပြန်ခဲ့ရတာလည်းရှိရဲ့။ တစ်ခါတလေ တချို့ဆိုင်တွေက အကန့်အသတ်နဲ့ နှစ်သောင်းဖိုး၊ သုံးသောင်းဖိုးလောက်ဆီဖြည့်ပြီး မတတ်နိုင်တဲ့အခါ အခေါက်ခေါက်အခါခါ ရောက်ရပြန်တယ်။ ဆီထည့်ဖို့ တန်းစီရင်း ဆီဈေးမော်ကြည့်မိရင် ကားထဲဆီပြတ်မှာစိုးလို့ ဘုရားတမိအခါခါ ကုသိုလ် အကုသိုလ်ယှဉ်လျက်ပေါ့.....။

## နိုင်ငံတကာမှာလည်းထို့အတူ

လူတန်းစားမရွေးကြုံရတဲ့ ခံစားချက်များ စိတ်ကူးများနဲ့ထပ်တူ သာမန်မြန်မာပြည်သူတစ်ယောက်ရဲ့ လတ်တလောအခြေအနေလေးပါပဲ၊ မရှိမဖြစ်အရေးပါတဲ့ အရာတစ်ခုနဲ့ပတ်သက်ပြီး ဒါတွေဘာကြောင့်ဖြစ်နေရသလဲ ဆန်းစစ်တဲ့အခါ မြန်မာနိုင်ငံမှာ စက်သုံးဆီဈေးနှုန်းတက်ခြင်းဟာ သာမန်ဖြစ်ရိုးဖြစ်စဉ်တစ်ခုထက် မပိုဘူးဆိုတာလည်း သတိထားမိပြန်ရဲ့။ တရိပ်ရိပ်တက်လာနေတဲ့ စက်သုံးဆီဈေးအခြေအနေဟာ ၂၀၂၂ ခုနှစ်အကုန်လောက်နဲ့ ၂၀၂၃ ခုနှစ် သင်္ကြန်မတိုင်ခင်ကစပြီး မှတ်မိသလောက် ပိုတက်လာဟန်တူပါတယ်၊ နိုင်ငံတကာမှာလည်း အတူတူပါပဲ၊ အမေရိကန်လို ရေနံထွက်တဲ့နိုင်ငံအပါ အခြားဖွံ့ဖြိုးပြီးဝင်ငွေကောင်းတဲ့နိုင်ငံတွေမှာလည်း ထို့အတူ၊ ထိုနိုင်ငံကပြည်သူတွေလည်း စက်သုံးဆီဈေးတက်တဲ့ဒဏ်ခံစားကြရပြီး ဆီတစ်လီတာဈေးနှုန်းချင်းနှိုင်းယှဉ်ရင် ထိုနိုင်ငံတွေမှာ များလှတယ်ဆိုပေမယ့် ဝင်ငွေကောင်းတော့ အထောင်းသက်သာနေတာပေါ့။ ကမ္ဘာ့စက်သုံးဆီဈေးနှုန်းနဲ့ ကမ္ဘာ့နိုင်ငံရေးဆက်စပ်တယ်ဆိုတဲ့အချက်ကလည်း မမေ့သင့်တဲ့အချက်ပါ။ ကမ္ဘာမှာ ကျည်ဆန်စစ်ပွဲကနေ ရေနံစစ်ပွဲပြောင်းနေပုံများကို လေ့လာသင့်ပါတယ်။



DENKO(အောင်ဆန်း)

## ကောလာဟလထောင်ချောက်ကိုသတိထားရန်

မြန်မာနိုင်ငံမှာတော့ နိုင်ငံရေးအမြတ်ထုတ်ဖို့ တိုက်ပွဲတွေဖော်ဆောင်ရင်း စီးပွားရေးအရပါ အမြတ်ထုတ်ပြီး အကျပ်အတည်းတစ်ခုပြီး တစ်ခု ဖန်တီး၊ ဂယက်ရိုက်ခတ်နေအောင် တမင်အကွက်ဆင်တတ်တာလည်း ရှိုးအီနေပါပြီ။ နိုင်ငံတော်အစိုးရကို အကျပ်ရိုက်အောင်လုပ်ရင်း ပြည်သူတွေထံက မကျေနပ်တဲ့အသံတွေ နားစွင့်၊ လူထုကိုအာရုံပြောင်းထွက်ပေါက်ဖန်တီးပြီး လူထုအုံကြွမှု ထောင်ချောက်ကို ဖန်တီးတတ်တဲ့အချက်ကို တည်ငြိမ်အေးချမ်းမှုလိုလားတဲ့ ပြည်သူမှန်သမျှ သတိပြုမိဖို့လိုပါတယ်။

## အတုအယောင်နိုင်ငံရေးနဲ့ စီးပွားရေး ဝိသမလောဘဇောဇာတ်လမ်းနဲ့

စက်သုံးဆီပြဿနာရဲ့နောက်ဆက်တွဲ ကုန်စည်ပို့ဆောင်မှု၊ ရှားပါးမှု၊ ဈေးတက်မှုစတဲ့ သက်ရောက်မှုတွေ ပေါင်းစပ်လိုက်တဲ့အခါ အစိုးရလည်းအခက်တွေ့၊ ပြည်သူလည်းဒုက္ခကြုံအောင် လုပ်တတ်တဲ့သဘောသဘာဝများကို သတိထားမိအောင်ပါ။ ဒီလို ထောင်ချောက်မျိုးကို အဖျက်သမားတွေဟာ ကောလာဟလ သတင်းတု၊ သတင်းမှားမျိုးစုံနဲ့ ဖန်ဆင်းပြီး လူထုကိုစိုးရိမ်ထိတ်လန့်မှုတွေနဲ့ တိုင်းပြည်ကို ဖရိုဖရဲဗရုတ်ဗရက်ဖြစ်အောင် လုပ်နေခြင်းဖြစ်ပါတယ်။

ဘယ်လိုကောလာဟလမျိုးဖြစ်နိုင်ပါသလဲ။ နိုင်ငံခြားသုံးငွေပြတ်လပ်နေပြီ၊ စက်သုံးဆီပြတ်လပ်နေပြီ၊ နိုင်ငံခြားက အဝင်မရှိတော့ဘူး၊ စက်သုံးဆီဈေးနှုန်းတွေက ဘယ်လောက်တောင်မြင့်တက်သွားတာ၊ လူတွေတန်းစီရတာ ဘယ်နှမိုင်လောက်ရှိတယ်၊ ဘယ်ဆိုင်တွေကတော့ ပိတ်ထားလိုက်ပြီစသည်ဖြင့် အမှားနဲ့အမှန်ရောရာ လက်ရှိဖြစ်နေတဲ့ အခြေအနေထက်ပိုဆိုးသယောင် ဖောင်းဖောင်းပွပွ ဖြန့်လိုက်တဲ့ သတင်းအချက်အလက်တွေကြောင့်က အဓိကဖြစ်နေပါတယ်။

## ကြိုးစားဖြေရှင်းဆောင်ရွက်ပေးလျက်ပါ

စက်သုံးဆီတင်သွင်းမှုကို နိုင်ငံအတွက် ဦးစားပေးအဆင့် (၁) မှာ အစဉ်တစိုက်သတ်မှတ်ထားပြီးသားဖြစ်ပါတယ်၊ ကဏ္ဍအားလုံးမှာ အရေးတကြီးလိုအပ်ချက်ဖြစ်တဲ့ အတွက်ကြောင့်ပါပဲ။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရအနေနဲ့က စက်သုံးဆီပြတ်လပ်မှုမရှိစေရေးနဲ့ ဈေးနှုန်းအပိုင်းမှာ ဈေးနှုန်းတည်ငြိမ်နေအောင်နဲ့ လုံလောက်မှုရှိအောင်ကိုပါ တတ်နိုင်သမျှ ကြိုးစားပြီးဆောင်ရွက်ဖြေရှင်းပေးနေတာ တွေ့ရပါတယ်။ နေ့စဉ်စက်သုံးဆီဈေးနှုန်းကအစ ဆောင်ရွက်ချက်များကို တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်တွေကိုယ်တိုင် ပြည်သူထံ ချပြနေတာရှိပါတယ်။ သက်ဆိုင်ရာတင်သွင်းတဲ့နိုင်ငံကနေ နေ့စဉ်ဖြစ်နေတဲ့ဈေးနှုန်း၊ အနည်းဆုံးအခွန်အကောက်နဲ့ သယ်ယူပို့ဆောင်ရေးစရိတ်ရယ်ပေါင်းပြီးတော့မှ နေ့စဉ်ဈေးနှုန်းသတ်မှတ်ပြီး တည်ငြိမ်အောင်ဆောင်ရွက်ပေးနေကြောင်း ထုတ်ပြန်ပြောကြားချက်တစ်ခုကို မှတ်သားဖူးပါတယ်။

နိုင်ငံတော်ဘက်က ပို့ကုန်သွင်းကုန်နဲ့ ပတ်သက်ပြီး လတ်တလော ဖြေလျှော့မှုတချို့ကိုလည်း မှတ်သားမိလိုက်ပါတယ်။ နိုင်ငံတော်ဗဟိုဘဏ်ရဲ့ ပြင်ဆင်သတ်မှတ်ချက်မှာ ပို့ကုန်လုပ်ငန်းရှင်တွေအနေနဲ့ ပို့ကုန်တင်ပို့လို့ ပို့ကုန်ရငွေပမာဏရဲ့ ကျပ်ငွေနဲ့ လဲလှယ်ဆောင်ရွက်ရမယ့် မူလဖြေလျှော့ချက် ၅၀ ရာခိုင်နှုန်းကနေ ၃၅ ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်လိုက်ခြင်း အမိန့်ကြော်ငြာစာတစ်ခုကို လေ့လာတဲ့အခါ ကျန် ၆၅ ရာခိုင်နှုန်းကို ပြင်ပပေါက်ဈေးအတိုင်း လဲလှယ်ဆောင်ရွက်ခွင့်ရတဲ့ သဘောကို တွေ့ရပါတယ်။ ပို့ကုန်အတွက် လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးရင်း သွင်းကုန်အတွက် လိုအပ်တဲ့ နိုင်ငံခြားငွေရလာအောင်နဲ့ နိုင်ငံခြားငွေစီးဆင်းမှု အားကောင်းလာအောင် ရည်ရွယ်ခြင်းဖြစ်ပါတယ်။

ယခုလို ပြင်ပတင်ပို့မှုနဲ့ဆက်စပ်ပြီး သွင်းကုန်တင်သွင်းတဲ့အခါမှာလည်း မိမိရဲ့နိုင်ငံခြားငွေကို ဈေးကွက်ပေါက်ဈေးအတိုင်း စီမံဆောင်ရွက်သွားနိုင်တော့မဲ့အနေအထားကို အခွင့်အလမ်းတစ်ခုအဖြစ် မြင်စေချင်ပါတယ်။ ယခုလိုအပြောင်းအလဲကြောင့်သာ စက်သုံးဆီတင်သွင်းသူတွေအနေနဲ့ ဒေါ်လာရဖို့ ခက်ခဲမှုတချို့ လတ်တလောကြုံတွေ့နေရခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ဘက်ကတော့ ငွေလဲတဲ့အခါမှာ လိုအပ်တဲ့ပမာဏနဲ့ ချိန်ညှိဆောင်ရွက်နေရတာရှိသလို လိုရင်လိုသလောက် လုံလုံလောက်လောက်ရဖို့ လုပ်ငန်းအသစ်တွေဖော်ဆောင်နေရခြင်းမျိုးတွေလည်း ရှိပြီးဖြစ်ပါတယ်၊ ဥပမာ– ရုရှားနိုင်ငံနဲ့ ဆက်သွယ်ထားရှိမှုဖြစ်ပါတယ်။

ဆီမရှိလို့မဟုတ်၊ ဆီတင်သင်္ဘောတွေက ရောက်ပြီးသား၊ ရောက်ရှိပြီးစက်သုံးဆီလည်း လုံလုံလောက်လောက်ရှိပါတယ်လို့ တာဝန်ရှိသူတွေက အကြိမ်ကြိမ်ပြောပြီးဖြစ်ပါတယ်။ ပြောခဲ့သလို ငွေလဲလှယ်မှုနဲ့ လိုအပ်တဲ့ပမာဏတစ်ခုကြောင့်သာ ခေတ္တပြတ်သလို ဖြစ်သွားတာဖြစ်တဲ့အတွက် အစိုးရိမ်မကြီးဖို့နဲ့ ကောလာဟလတွေကို မယုံကြည်ဖို့ကိုသာ ထပ်မံတင်ပြချင်ပါတယ်။ စိုးရိမ်မှုလွန်ကဲပြီး များများထည့်၊ အများကြီးတန်းစီဖြစ်သွားတာလည်း နားလည်မှုပေးနိုင်ပါတယ်။ ပြောချင်တာက အလွန်အမင်း ပူပန်သောကမဖြစ်ဖို့နဲ့ ကိုယ့်ကားထဲ၊ ကိုယ့်ဆိုင်ကယ်ထဲ လိုသလောက်သာဖြည့်ဖို့ပါ။ ထွက်လာတဲ့သတင်းတွေကိုလည်း ဖြစ်နိုင်မဖြစ်နိုင် ချင့်ချိန်စဉ်းစားစေချင်တယ်၊ အားလုံးက သတင်းအချက်အလက်နဲ့ ကိုယ့်ရဲ့လိုအပ်ချက် သုံးသပ်ချင့်ချိန်ပြီး အများအတွက်ပါ မျှဝေလိုတဲ့ကိုယ်ချင်းစာစိတ်လေးနဲ့လုပ်ကြကိုင်ကြရင် အလွန်ကောင်းသွားမှာပါ။ ဘယ်ကုန်ပစ္စည်းအမယ်ပဲဖြစ်ဖြစ်ပါ ရုတ်တရက်ပြတ်လပ်သွားအောင်ကော ဈေးနှုန်းတက်သွားတဲ့နေရာမှာပါ ကိုယ်ကိုယ်တိုင်တစ်ဦးတစ်ယောက်ချင်းကြောင့်လည်း ပါပါတယ်၊ ကိုယ့်ကြောင့် မလိုအပ်ဘဲ ဆိုးကျိုးဖြစ်သွားတတ်တဲ့သဘောလေးတွေကို သတိမူမိစေလိုပါတယ်။

## အရောင်းနဲ့အဝယ်အကြားမမျှတလျှင်

အရောင်းနဲ့အဝယ်အကြား မျှတမှုယိမ်းယိုင်သွားရင် ဖြစ်တတ်တဲ့သဘောတရားတစ်ခုကိုလည်း တွေ့နိုင်ပါတယ်။ ရှေ့ကဝယ်ဖြည့်သူတွေက လိုတာထက်ပိုပြီးဖြည့်လိုက်တဲ့အတွက် လက်ကျန်မရှိတော့တဲ့အခြေအနေမှာ ကောလာဟလကတစ်ခါထပ်ဆင့်ပြီး ဝယ်လက်အရေအတွက်မတန်တဆများပြားလာတဲ့အထိ ထပ်ဆင့်သက်ရောက်မှုတွေရှိလာခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ သတိထားသင့်တာက နေ့စဉ်ကိုယ်ကသွားတန်းစီတိုင်း ဆီဝယ်လို့ရနေတယ်ဆိုရင် စက်သုံးဆီအဝင်ရှိနေတယ်၊ ပြတ်လပ်မှုမရှိဘူးလို့ ကောက်ချက်ချလို့ရနေပြီပဲ။ မြန်မာ့ပင်လယ်ဝမှာကော၊ ဆိပ်ကမ်းမှာပါ ဆီတင်သင်္ဘောတွေရှိနေပါတယ်၊ အသင့်စောင့်ဆိုင်းနေကြတယ်၊ ဆိပ်ကမ်းကနေ ဆီသယ်ယာဉ်တွေနဲ့လည်း အဆက်မပြတ် သယ်ယူဖြန့်ဖြူးပေးနေတဲ့သတင်းတွေလည်း ချပြပြီးသားပါ။ ဒါကြောင့် လက်ရှိအခြေအနေမှာ အလွန်အမင်းစိုးရိမ်စရာ မရှိဘူးလို့ ယူဆပါတယ်။

နောက်တစ်ချက်က အခေါက်ခေါက်အခါခါ တန်းစီ၊ ထုတ်ယူ၊ သိုလှောင်၊ အမြတ်တင်ပြန်ရောင်းတဲ့ကိစ္စပါ၊ ဒါကလည်း တန်းစီစောင့်စားရခြင်းအကြောင်းတရားများထဲကတစ်ခုပါ။ တစ်ဦးချင်း၊ တစ်စီးချင်း၊ ချက်ချင်းဝယ်၊ ချက်ချင်းရောင်းရာကနေကား၊ ဆိုင်ကယ်အုပ်စုလိုက် **စာမျက်နှာ ၇ သို့** ❍

❛ ဆီမရှိလို့မဟုတ်၊ ဆီတင်သင်္ဘောတွေက ရောက်ပြီးသား၊ ရောက်ရှိပြီး စက်သုံးဆီလည်း လုံလုံလောက်လောက်ရှိပါတယ်လို့ တာဝန်ရှိသူတွေက အကြိမ်ကြိမ်ပြောပြီးဖြစ်ပါတယ်။ ပြောခဲ့သလို ငွေလဲလှယ်မှုနဲ့ လိုအပ်တဲ့ ပမာဏတစ်ခုကြောင့်သာ ခေတ္တပြတ်သလို ဖြစ်သွားတာဖြစ်တဲ့အတွက် အစိုးရိမ်မကြီးဖို့နဲ့ ကောလာဟလတွေကို မယုံကြည်ဖို့ကိုသာ ထပ်မံတင်ပြချင်ပါတယ်။ စိုးရိမ်မှုလွန်ကဲပြီး များများထည့်၊ အများကြီးတန်းစီဖြစ်သွားတာလည်း နားလည်မှုပေးနိုင်ပါတယ်။ ပြောချင်တာက အလွန်အမင်းပူပန်သောကမဖြစ်ဖို့နဲ့ ကိုယ့်ကားထဲ၊ ကိုယ့်ဆိုင်ကယ်ထဲ လိုသလောက်သာဖြည့်ဖို့ပါ။ ထွက်လာတဲ့သတင်းတွေကိုလည်း ဖြစ်နိုင်မဖြစ်နိုင် ချင့်ချိန်စဉ်းစားစေချင်တယ် ❜

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဟုမ္မလင်းမြို့နယ် နမ့်ပငအသေးစား ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**မုံရွာ ဒီဇင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဟုမ္မလင်း တပ်နယ်မှူး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ဟုမ္မလင်းခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းတွင် ဟုမ္မလင်းမြို့နယ် နားသကျိုက်ကျေးရွာအနီး နမ့်ပငချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် နမ့်ပငအသေးစားရေအားလျှပ်စစ်စီမံကိန်း ယာယီရှင်းလင်းဆောင်သို့ရောက်ရှိရာ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်-၂ တည်ဆောက်ရေးမှ ညွှန်ကြားရေးမှူး ဦးလင်းနိုင်အေးက နမ့်ပငအသေးစား ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နမ့်ပငအသေးစား ရေအားလျှပ်စစ်စီမံကိန်းကြီးပြီးစီးပါက ဟုမ္မလင်းမြို့နှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ပါ၍ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည်မီစွာဖြင့် တည်ဆောက်ပြီးစီးရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စေတနာထားကာ ဝန်ထမ်းကောင်းပီသစွာဖြင့် လုပ်ဆောင်ရန်လိုအပ်ပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့် တည်ဆောက်ရေးကုန်ကြမ်းများ အချိန်မီရရှိရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာများကို အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းတို့အား အသေးစိတ်မှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နမ့်ပငအသေးစားရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း၌ ဆောင်ရွက်နေသည့် ပင်မတမံကွန်ကရစ်သွန်းလောင်းခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံဆောက်လုပ်မှုလုပ်ငန်းနှင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့် မြေနေရာရှင်းလင်းနေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ နမ့်ပင အသေးစားရေအားလျှပ်စစ်စီမံကိန်းသည် ဟုမ္မလင်းမြို့၏ အနောက်ဘက် ၇ ဒသမ ၅ မိုင်ခန့် အကွာ နားသကျိုက်ကျေးရွာအနီးတွင် တည်ရှိ၍ Concrete Gravity Dam တမံ အမျိုးအစားဖြစ်ပြီး တပ်ဆင်စက်အင်အားမှာ ခြောက်မဂ္ဂါဝပ်ဖြစ်ကာ နှစ်စဉ်လျှပ်စစ်ဓာတ်အား ၃၄ ဒသမ ၆၈ သန်း ကီလိုဝပ်နာရီ ပျမ်းမျှထုတ်လုပ်နိုင်မည်ဖြစ်သည်။ တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကာ ယခုအချိန်တွင် လုပ်ငန်းအားလုံး၏ ၄၂ ဒသမ၂၆ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့ ခရိုင်စုပေါင်းရုံး အဆောက်အအုံသစ် တည်ဆောက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့ ခိုပဲဝရပ်ကွက်ရှိ ဓမ္မဝိဇယဗိမာန်တော်ကြီးတွင် ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရွှေပြည်အေးမြို့၊ လောင်းမင်းကျေးရွာ၊ ဇီးပင်သာကျေးရွာနှင့်နောင်ဆန်းကျင်ကျေးရွာတို့မှ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ငွေများနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ယာယီတိုက်ပွဲရှောင်ပြည်သူများအတွက် ကျန်းမာရေး၊ စားဝတ်နေရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးနေမှုနှင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနက ထောက်ပံ့ပေးအပ်သည့် ရွှေပြည်အေးမြို့၊ လောင်းမင်းကျေးရွာ၊ ဇီးပင်သာကျေးရွာနှင့် နောင်ဆန်းကျင်ကျေးရွာတို့မှ အိမ်ထောင်စု ၂၄၉ စု၊ လူဦးရေ ၉၅၆ ဦးအတွက် တစ်လစာ ဆန်ရိက္ခာဖိုးငွေကျပ် ၈၆၀၄၀၀၀ အား ထောက်ပံ့ပေးအပ်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ ယာယီတိုက်ပွဲရှောင်ပြည်သူများထံ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက မိသားစုသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြပြီး ယာယီတိုက်ပွဲရှောင်ပြည်သူများက ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး ယာယီတိုက်ပွဲရှောင်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ Belt and Road အခမ်းအနား ကျင်းပမည်



**ရန်ကုန် ဒီဇင်ဘာ ၁၂**

မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုအသင်းက ကြီးမှူးကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ Belt and Road အခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ရွှေတိဂုံစေတီတော်၌ ဆီမီး တစ်သောင်း ထွန်းညှိပူဇော်ခြင်းနှင့် ဆွမ်းကပ်ခြင်းတို့ကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ Wyndham Hotel (Yangon)၌ ကျင်းပသည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့်သက်ဆိုင်သည့် နိုင်ငံများတွင် နှစ်စဉ်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံတွင် ယခုနှစ်မှစတင်၍ ကျင်းပခြင်း ဖြစ်သည်။

**ပါဝင်ဆင်နွှဲ**

"ကျွန်မတို့ မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုအသင်းက အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေး Belt and Road နေ့ အထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၁၆ ရက်မှာ ၁၀ နှစ်ပြည့် ဆုတောင်းပွဲကို မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ်အဖြစ် ဆီမီးထွန်း၊ ဆွမ်းကပ် တရားနာ ဆုတောင်းပွဲပြုလုပ်မှာ ဖြစ်ပါတယ်။ ဒီဇင်ဘာ ၁၅ ရက် ညနေပိုင်းမှာက ရွှေတိဂုံစေတီတော်မှာ ဆီမီးတစ်သောင်း ထွန်းညှိပူဇော်မှာ ဖြစ်တဲ့အတွက် မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါတယ်။ ကျွန်မတို့အသင်းက မြန်မာ့ယဉ်ကျေးမှုအနုပညာကို နိုင်ငံတကာကသိအောင် ညီအစ်ကိုမောင်နှမအားလုံး ပူးပေါင်းပြီး အတူတူလုပ်ဆောင်သွားမှာပါ" ဟု မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဒေါ်အေးသန္တာသူက ပြောသည်။

စာနယ်ဇင်း ရှင်းလင်းပွဲတွင် မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဒေါ်အေးသန္တာသူ၊ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးရဲထွန်း၊ အကယ်ဒမီဒါရိုက်တာ ပန်းချီ ဦးစိုးမိုး၊ အပြည်ပြည်ဆိုင်ရာ Belt and Road ဥက္ကဋ္ဌ Mr. Chen Entian နှင့် မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုအသင်း အထွေထွေအတွင်းရေးမှူး ဦးသန်းထွန်းစိုးတို့က ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ အမှတ်တရစကားများ ပြောကြားကြသည်။

အဆိုပါ မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုအသင်းကို ၂၀၁၉ - ၂၀၂၀ ပြည့်နှစ်တွင် တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို တိုင်းရင်းသားပေါင်းစုံက ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ မပျောက်ပျက်စေရန်၊ မြန်မာ့အနုပညာ ယဉ်ကျေးမှု တိုးတက်မြှင့်တင်ရန်၊ နိုင်ငံတကာမှ မြန်မာ့အနုပညာ ယဉ်ကျေးမှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ မြန်မာ့အနုပညာ ယဉ်ကျေးမှုကို နိုင်ငံတကာက သိစေရန် တည်ထောင်ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

○ စာမျက်နှာ ၆ မှ

အထပ်ထပ်တန်းစီပြီး တရားမဝင်သိုလှောင်ရောင်းချကြတဲ့ မြင်ကွင်းတွေအထိကို တွေ့လာရတာဖြစ်ပါတယ်။ အခုလိုတရားမဝင်သိုလှောင်ရောင်းချမှုမျိုးဟာ အခန့်မသင့်ရင် မီးဘေးအန္တရာယ်ကအစ ဥပဒေနဲ့ပါငြိစွန်းပြီး မလိုလားအပ်ဘဲ အပြစ်ပေးအရေး ယူခံရမှုမျိုးတွေဖြစ်လာနိုင်ခြေကိုလည်း သတိထားပြီးရှောင်ကြဉ်ကြရမှာ ဖြစ်ပါတယ်။

အဓိကကတော့ နှစ်ချက်ပါပဲ။ ကိစ္စရပ်တစ်ခုအဖြစ်အပျက်တစ်ခုအပေါ်မှာ မူလအရင်းခံအကြောင်းတရားကဘာလဲ၊ လတ်တလောဖြစ်ရတဲ့အကြောင်းတရားကဘာလဲ၊ ပတ်သက်ဆက်နွှယ်နေတဲ့အကြောင်းတွေက ဘာတွေရှိမလဲစသဖြင့် ဘာမဆိုအကြောင်းကြောင့် အကျိုးဖြစ်ရတဲ့အပေါ် မူတည်ပြီး ဆင်ခြင်တုံတရားရှိရှိနဲ့ ထွက်ပေါ်လာတဲ့ ကောလာဟလတွေကို မယုံကြည်ဖို့နဲ့ ကိုယ်ချင်းစာကရုဏာတရားရှိတဲ့ နိုင်ငံသားကောင်းတွေ ပီသစေချင်တာပဲဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ တစ်ချိန်လုံးကောလာဟလတွေနဲ့သာ နပန်းလုံးနေရသလိုဖြစ်ပြီး အကြိမ်ကြိမ်အခါခါလည်း လိမ်ညာခံရသူတွေဖြစ်ခဲ့ပါပြီ။ အတိတ်က အခါခါရခဲ့ဖူးတဲ့သင်ခန်းစာတွေကိုရယူပြီး ယခုအခါမှာ အကဲဖြတ်စိစစ်ဆင်ခြင်နိုင်စွမ်းရှိသူတွေ ဖြစ်သင့်ပါပြီ။ ကောလာဟလဟူသည် မိမိအတွက်ရော အများကိုပါ အန္တရာယ်ပေးပါတယ်။ လူ့အဖွဲ့အစည်းမှာ မငြိမ်သက်မှုတွေဖြစ်စေပါတယ်။ မတည်ငြိမ်မှုကို လိုလားသူတွေက ဒီလိုကောလာဟလတွေကို ဖန်တီးတတ်သူတွေပါ။ ဒါပေမဲ့လည်း မှန်မှန်ကန်ကန်နဲ့ လုပ်သင့်လုပ်ထိုက်တဲ့ ဆင်ခြင်မှုအပေါ် လွှမ်းမိုးသွားတာက လူတွေရဲ့လောဘပါပဲ။ မရှိတဲ့သူကလည်းရှိချင်လို့၊ ရှိပြီးသားလူကလည်း ထပ်ရှိချင်လို့၊ ထပ်ရချင်လို့စသဖြင့် ဒီစက်ကွင်းကကို မလွတ်နိုင်ကြပါဘူး။ တစ်ခုပဲပြောချင်တာရှိပါတယ်၊ ရှင်သန်ဆဲကာလတစ်လျှောက်အကျပ်အတည်းတွေ ပဋိပက္ခတွေဆိုတာ အမြဲကြုံတွေ့နေမယ့်အရာတွေပါ။ အခုလိုအားလုံးက မပြည့်မစုံဖြစ်နေကြတဲ့ ကာလမျိုးမှာ အခက်အခဲရှိသူအချင်းချင်း ကိုယ်ချင်းစာတရားထားပြီး လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းနိုင်ကြဖို့သာ ရည်ရွယ်လိုက်ရပါသည်။

■

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်းနှင့် အားကစားရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၂**

အားကစားကွင်းနှင့် အားကစားရုံများ ရေရှည်တည်တံ့ရေး၊ ပြည်သူများ လာရောက်လေ့ကျင့်ကစားနိုင်ရေးနှင့် မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်ရေးအတွက် ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အားကစားကွင်းနှင့်အားကစားရုံကို ကြည့်ရှုစစ်ဆေးပြီး သန့်ရှင်းသပ်ရပ်မှုရှိရေး၊ စိမ်းလန်းစိုပြည်ရေး၊ လူငယ်များ စိတ်ချမ်းမြေ့စွာ ကစားနိုင်ရေး မှာကြားကာ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရောဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်ရှိ ခရိုင်အားကစားရုံကို ကြည့်ရှုစစ်ဆေးပြီး စိတ်ချမ်းမြေ့စွာကစားနိုင်ရေး ပုံမှန်သန့်ရှင်းမှုဆောင်ရွက်ရန်နှင့် ရေရှည်တည်တံ့ရေး ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားပြီး အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မအူပင်ခရိုင်ရုံး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်ချက်၊ အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဘတ်စကက်ဘောကွင်းကို ကြည့်ရှုစစ်ဆေးကာ အမိုးပါတစ်ထပ်ပွဲကြည့်စင် တည်ဆောက်နိုင်ရေး မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် (၅)ကြိမ်မြောက် ကျွန်းဆွယ်အားကစားပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် ဘတ်စကက်ဘောအားကစားသမားဟောင်း အသက် ၈၅ နှစ်ရှိ ဒေါ်ရှုဟိန်၏ နေအိမ်သို့ သွားရောက်၍ တွေ့ဆုံအားပေးစကားပြောကြားကာ ငွေကျပ်တစ်သိန်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မအူပင်မြို့နယ် အားကစားကွင်းနှင့် ကျိုက်လတ်မြို့နယ်



အားကစားကွင်း၊ အားကစားရုံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် အားကစားအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ မှာကြားပြီး ၎င်းတို့၏အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်အမျိုးသား၊အမျိုးသမီး ပိုက်ကျော်ခြင်း ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ Boxing Indoor Stadium လက်ဝှေ့အားကစားရုံနှင့် သက်ဆိုင်ရာအားကစားနည်းအလိုက် သက်မှတ်ထားသည့် ကွင်းရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

**အားပေးကြည့်ရှု**

အဆိုပါပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကျောင်းသား အားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ပြိုင်ပွဲဝင်အားကစားမောင်မယ်များ၊ အုပ်ချုပ်သူနည်းပြ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးကြည့်ရှုကြသည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံတွင်



ကျင်းပသည့် ပိုက်ကျော်ခြင်းပြိုင်ပွဲအပြီးတွင် အမျိုးသမီးအသင်းအလိုက် ပထမဆုကို မွန်၊ ဒုတိယဆုကို ပဲခူး၊ တတိယဆုကို မန္တလေးတို့က ရရှိကြပြီး အမျိုးသားအသင်းလိုက် ပထမဆုကို စစ်ကိုင်း၊ ဒုတိယဆုကို ရန်ကုန်၊ တတိယဆုကို မကွေးတို့က ရရှိကြသည်။ ဆုများကို ကျောင်းသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကျောင်းသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ချီးမြှင့်ပေးအပ်ကြသည်။

ထို့ပြင် ယနေ့နံနက်မှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (A)ရုံတွင် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲများကိုကျင်းပရာ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် မန္တလေးက ကရင်ကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီက မကွေးကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ကချင်က မကွေးကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ မန္တလေးက ရှမ်းကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ တတိယနေရာနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဒီဇင်ဘာ ၁၄ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C)ရုံတွင် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့ပြီး ဘောလုံးပြိုင်ပွဲများကိုဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဘောလုံးလေ့ကျင့်ရေး ကွင်းအမှတ်(၁)နှင့် ကွင်းအမှတ် (၃)တို့တွင် ယနေ့ နံနက် ၇ နာရီမှစတင်၍ အမျိုးသား၊ အမျိုးသမီး ဘောလုံးပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# PENANG INVITATIONAL CHAMPIONSHIP 2023 ဂျူဒိုပြိုင်ပွဲ၌ ရွှေတံဆိပ် လေးဆု၊ ငွေတံဆိပ် နှစ်ဆု၊ ကြေးတံဆိပ် နှစ်ဆု ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာဂျူဒိုအားကစားအဖွဲ့အား ကြိုဆို

**ရန်ကုန် ဒီဇင်ဘာ ၁၂**

မလေးရှားနိုင်ငံ ပီနန်မြို့တွင် ဒီဇင်ဘာ ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပသော PENANG INVITATIONAL CHAMPIONSHIP 2023 ဂျူဒိုပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သောမြန်မာဂျူဒိုအားကစားအဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မလေးရှားနိုင်ငံ ပီနန်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေအောင်၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် ဒုတိယဥက္ကဋ္ဌများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ မိဘဆွေမျိုးများက ပန်းစည်းများ၊ အိုးစည်ဒိုးပတ်များဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဝမ်းပန်းတသာ ကြိုဆိုကြသည်။



အဆိုပါပြိုင်ပွဲတွင် မလေးရှားကလပ်အသင်း ၁၀ သင်း၊ အင်ဒိုနီးရှားကလပ်အသင်း နှစ်သင်း၊ ထိုင်းနိုင်ငံ အခြေစိုက် ပြင်သစ်ကလပ်အသင်း၊ စင်ကာပူအသင်း၊ ဘရူနိုင်းအသင်း၊ မြန်မာအသင်း စုစုပေါင်း အသင်း ၁၆ သင်း ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာအသင်းမှ (-၂၈)ကီလိုတန်း၊ (-၃၂)ကီလိုတန်း၊ (-၇၃) ကီလိုတန်း၊ (-၆၆)ကီလို တန်း၊ (-၂၄) ကီလိုတန်း၊ (-၉၀) ကီလိုတန်း၊ (-၅၇) ကီလိုတန်း၊ (-၅၀) ကီလိုတန်းနှင့်(-၆၀) ကီလိုတန်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ (-၂၈) ကီလိုတန်းပြိုင်ပွဲတွင် အောင်ဇေထက်က ရွှေတံဆိပ်တစ်ခု၊ (-၃၂)ကီလိုတန်းပြိုင်ပွဲတွင် နှင်းဦးဝတ်ရည်က ရွှေတံဆိပ်တစ်ခု၊ (-၇၃) ကီလိုတန်းပြိုင်ပွဲတွင် ကျော်ခန့်စိုးက ရွှေတံဆိပ်တစ်ခု၊ (-၆၆) ကီလိုတန်းပြိုင်ပွဲတွင် ထက်အောင်က ရွှေတံဆိပ်တစ်ခု၊ (-၂၄) ကီလိုတန်းပြိုင်ပွဲတွင် ဘုန်းပြည့်ချမ်းသာထွန်းက ငွေတံဆိပ်တစ်ခု၊ (-၉၀)ကီလိုတန်းပြိုင်ပွဲတွင် အောင်ဝေဖြိုးက ငွေတံဆိပ်တစ်ခု၊ (-၅၇) ကီလိုတန်းပြိုင်ပွဲတွင် ငွေပုံချစ်က ကြေးတံဆိပ်တစ်ခုနှင့် (-၅၀) ကီလိုတန်းပြိုင်ပွဲတွင် ခိုင်ခန့်က ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ကပ္ပလီ ပင်လယ်ပြင်မြောက်ပိုင်းနှင့်ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

........................

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# နိုင်ငံရေးရည်မှန်းချက်များနှင့် ဆန့်ကျင်ရာ အကြမ်းဖက်မှုများ

ပြည်သာကျော်

**၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့အကြမ်းဖက်မှုတွေနဲ့ပတ်သက်လို့ အမေရိကန်နိုင်ငံက အကြမ်းဖက်သုတေသနအဖွဲ့ရဲ့ Annex of Statistical Information 2022, Country Reports on Terrorism 2022 အစီရင်ခံစာမှာ ဖော်ပြထားတာ တွေ့ရပါတယ်။ အဲဒီအစီရင်ခံစာကို အမေရိကန်ပြည်ထောင်စု မေရီလန်းပြည်နယ် Bethesda မြို့မှ ကမ္ဘာ့အကြမ်းဖက်မှုအလားအလာနှင့် သုတေသနစင်တာက အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အကြမ်းဖက်မှုတိုက်ဖျက်ရေးဗျူရိုအတွက် ၂၀၂၂ ခုနှစ်အတွင်း ကမ္ဘာ့နိုင်ငံတွေမှာ အကြမ်းဖက်မှု (Terrorist Activity) တွေ ဖြစ်ပွားခဲ့တာအပေါ် သုတေသနပြုစုတင်ပြခဲ့တာပါ။**

အစီရင်ခံစာအရ ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံမှာဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုတွေရဲ့ ၅၀ ရာခိုင်နှုန်းကို PDF တွေက ကျူးလွန်ခဲ့တယ်လို့ ဆိုပါတယ်။ အကြိမ်အရေအတွက်အားဖြင့် ၁၉၈ ကြိမ်ဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်အတွင်းမှာ မြန်မာနိုင်ငံဟာ အကြမ်းဖက်မှု ကျူးလွန်မှုအများဆုံးနဲ့ အကြမ်းဖက်မှုတွေကြောင့် သေဆုံးရသူ အများဆုံး (Top 10 Countries With the Most Terrorist Incidents, 2022) ၁၀ နိုင်ငံမှာ ပါဝင်နေတာကို Country Reports on Terrorism 2022 အစီရင်ခံစာမှာ တွေ့ရပါတယ်။

မြန်မာနိုင်ငံမှာ အကြမ်းဖက်မှု ကျူးလွန်တဲ့အဖွဲ့ (terror groups) တွေဟာ PDF၊ Karen National Liberation Army (KNLA)၊ Karenni Nationalities Defense Force (KNDF)၊ Chinland Defense Force (CDF) နဲ့ အမည်မသိ (Unknown) အကြမ်းဖက်အဖွဲ့တွေ ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ PDF၊ KNLA၊ KNDF၊ CDF တို့ကို ကမ္ဘာ့ terror groups တွေဖြစ်တဲ့ ISIS-Core (အီရတ်နှင့်ဆီးရီးယား)၊ ISIS of the Democratic Republic of the Congo (ISIS-DRC)၊ al-Shabaab၊ ISIS-Mozambique (ISIS-M)၊ ISIS-West Africa (ISIS-WA)၊ Boko Haram၊ the Communist Party of the Philippines၊ the Baloch Liberation Army၊ Hay'at Tahrir al-Sham၊ and the National Liberation Army (ELN) တို့လို အကြမ်းဖက်အဖွဲ့တွေလို့ အမေရိကန်ကိုယ်တိုင်က သတ်မှတ်ဖော်ပြလိုက်တာလည်း ဖြစ်ပါတယ်။




၂၀၂၁ ခုနှစ်အတွင်း NUG လက်အောက်ရှိ PDF အဖွဲ့များအား အမေရိကန်မှ ဗုံးပညာရှင်တစ်ဦးက ဗုံးပြုလုပ်ပုံများကို အွန်လိုင်းမှတစ်ဆင့် သင်ကြားပို့ချခဲ့ပုံ။

### အကြိမ်ပေါင်း ၂၉၁ ကြိမ်

မြန်မာနိုင်ငံမှာ ၂၀၂၂ ခုနှစ်အတွင်း ဖြစ်ပွားခဲ့တဲ့ Terrorist incidents အကြိမ်ပေါင်းအနေနဲ့ဆိုရင် ၂၉၁ ကြိမ် ဖြစ်ပွားခဲ့ပြီး သေဆုံးရသူပေါင်းက ၂၁၃၀ ရှိတယ်လို့ ဆိုပါတယ်။ အကြမ်းဖက်မှုကျူးလွန်ခဲ့တဲ့ ၂၉၁ ကြိမ်ထဲမှာ PDF က ၁၉၈ မှုဖြစ်ပြီး ရာခိုင်နှုန်းအနေနဲ့ ၅၀ ရာခိုင်နှုန်းအထိ ရှိတယ်။ PDF နောက်မှာ ချင်းကာကွယ်ရေးတပ်ဖွဲ့ (CDF) က ၂၉ ကြိမ်ဖြစ်လို့ အကြမ်းဖက်မှုအားလုံးရဲ့ ၇ ရာခိုင်နှုန်းဖြစ်တယ်။ ကရင်နီလူမျိုးစုတပ်များ (KNDF) က ၂၇ ကြိမ်ဖြစ်တဲ့အတွက် အကြမ်းဖက်မှုအားလုံးရဲ့ ၇ ရာခိုင်နှုန်းကို ကျူးလွန်ခဲ့တယ်။ အကြမ်းဖက်မှု ၁၄ ရာခိုင်နှုန်းကတော့ ကျူးလွန်သူ စုံစမ်းမရဘူးလို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ၂၀၂၁ ခုနှစ်အတွင်းက မြန်မာနိုင်ငံမှာ အကြမ်းဖက်မှုအကြိမ်အရေအတွက် ၃၂၅ ကြိမ်ဖြစ်ပွားခဲ့ပြီး ၂၀၂၂ ခုနှစ်မှာတော့ အကြမ်းဖက်မှုဖြစ်စဉ်ပေါင်း ၃၉၁ ကြိမ် ဖြစ်ပွားခဲ့တယ်။ ရာခိုင်နှုန်းအနေနဲ့ ၂၀ ရာခိုင်နှုန်း မြင့်မားခဲ့ပါတယ်။ အကြမ်းဖက်မှုဖြစ်ပွားတဲ့ အကြိမ်အရေအတွက် မြင့်မားမှုအနေနဲ့ ကမ္ဘာမှာ စတုတ္ထမြောက်နိုင်ငံဖြစ်တယ်လို့ အစီရင်ခံစာမှာ ဆိုထားပါတယ်။

### သေဆုံးမှုရာခိုင်နှုန်း အများဆုံးမြင့်တက်

သေဆုံးသူအရေအတွက်အားဖြင့်လည်း ၂၀၂၁ ခုနှစ်က ၁၀၅၂ ဦး ရှိပြီး ၂၀၂၂ ခုနှစ်မှာတော့ ၂၁၃၀ သေဆုံးခဲ့တယ်။ ရာခိုင်နှုန်းအနေနဲ့ ၁၀၂ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့တယ်။ ၂၀၂၂ ခုနှစ်အတွင်း အကြမ်းဖက်မှုကြောင့် သေဆုံးမှုရာခိုင်နှုန်း အများဆုံးမြင့်တက်တာက ၁၅၆ ရာခိုင်နှုန်းနဲ့ MALI နိုင်ငံဖြစ်တယ်။ မြန်မာနိုင်ငံကတော့ ဒုတိယအမြင့်ဆုံးဖြစ်တယ်။ ဖြစ်ပွားတဲ့အကြမ်းဖက်မှုဖြစ်စဉ်တွေအနေနဲ့ကြည့်ရင် ပစ်ခတ်မှုက ၃၈ ရာခိုင်နှုန်း၊ မြေမြှုပ်မိုင်း သို့မဟုတ် Improvised Explosive Device (IDE) ကြောင့် ၂၁ ရာခိုင်နှုန်း၊ ဗုံးခွဲတိုက်ခိုက်မှုက ၁၉ ရာခိုင်နှုန်း ဖြစ်ပါတယ်။ အကြမ်းဖက်အဖွဲ့များက ကျူးလွန်ခဲ့တဲ့အကြမ်းဖက်မှုတွေဟာဆိုရင် တပ်မတော်ကို ဦးတည်တိုက်ခဲ့တာတွေက ၅၈ ရာခိုင်နှုန်းရှိပြီး ကျူးလွန်သူတွေကို ပစ်မှတ်ထားတိုက်ခိုက်တာက ၁၅ ရာခိုင်နှုန်းနဲ့ အပြစ်မဲ့ပြည်သူတွေကို ပစ်မှတ်ထားတိုက်ခိုက်တာ ၉ ရာခိုင်နှုန်း ရှိပါတယ်။ အကြမ်းဖက်မှုဖြစ်ပွားတဲ့ နယ်မြေဒေသ (Location of Terrorist Activity ) အနေနဲ့ဆိုရင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ ကချင်ပြည်နယ်တွေဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးမှာ ၁၀၇ မှု (၂၇ ရာခိုင်နှုန်း)၊ ရန်ကုန်တိုင်းဒေသကြီးမှာ ၄၂ မှု (၁၁ ရာခိုင်နှုန်း)၊ ကချင်ပြည်နယ်မှာ ၃၆ မှု (၉ ရာခိုင်နှုန်း) ရှိပါတယ်။

ဒါဟာ အမေရိကန်နိုင်ငံ ကိုယ်တိုင်က PDF တွေရဲ့ အကြမ်းဖက်မှုကို ကမ္ဘာသိတရားဝင် ထုတ်ဖော်ပြောဆိုလာတာဖြစ်ပါတယ်။ ယခင်ကတော့ မြန်မာနိုင်ငံအတွင်းက လက်နက်ကိုင်တိုက်ခိုက်မှုတွေကို ပံ့ပိုးကူညီဖို့အတွက် အမေရိကန် အမျိုးသားကာကွယ်ရေးဥပဒေ NDAA အောက်မှာ Burma Act ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့မှာ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က လက်မှတ်ထိုးပြီး ပြဋ္ဌာန်းပေးခဲ့ပါတယ်။ အဲဒီဥပဒေအရ လက်နက်ကိုင်ဆန့်ကျင်တိုက်ခိုက်မှုတွေ ပြုလုပ်နေတဲ့ NUG၊ NUCC၊ CRPH နဲ့ လက်နက်ကိုင်တိုက်ခိုက်နေကြတဲ့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို ကူညီပံ့ပိုးပေးသွားမယ်လို့ ဆိုထားပါတယ်။ ကူညီမယ့်အထဲမှာ ၂၀၂၂ ခုနှစ်ဘဏ္ဍာနှစ်အတွင်းမှာ အမေရိကန်ဒေါ်လာ ၁၃၆ သန်းထက်မလျော့စေဘဲ သုံးစွဲဖို့ ဖြစ်ပါတယ်။ အဲဒီအချိန်က PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေဟာ နိုင်ငံတကာ ကျင့်ဝတ်၊ စည်းမျဉ်းတွေ လိုက်နာဖို့ သင်တန်းတွေကို နိုင်ငံတကာအစိုးရအချို့နဲ့ ပူးပေါင်းဆောင်ရွက်နေတယ်လို့ NUG က ပြောခဲ့ပါတယ်။

ဒါပေမဲ့ လက်တွေ့မှာတော့ စစ်ရေးပစ်မှတ်တွေအပြင် အပြစ်မဲ့ပြည်သူတွေကို သတ်ဖြတ်တာ၊ ဖမ်းဆီးတာ၊ ငွေကြေးနဲ့ ပစ္စည်းတွေယူနေတာတွေ ကျူးလွန်နေပါတယ်။ မကြာသေးခင်က ဖြစ်ပွားခဲ့တဲ့ လွိုင်ကော်တက္ကသိုလ်ဖြစ်စဉ်မှာလည်း တက္ကသိုလ်ဆရာ ဆရာမတွေ၊ ဝန်ထမ်းတွေကို ကယ်ထုတ်သွားတယ်လို့ပြောနေပေမယ့် လက်တွေ့မှာ ဓားစာခံအနေနဲ့ ဖမ်းဆီးထိန်းသိမ်းခဲ့ကြပါတယ်။ လွှတ်ပေးရတဲ့အချိန်မှာလည်း ခြိမ်းခြောက် ငွေတောင်းခဲ့ပါတယ်။ ဒီလိုလုပ်ရပ်ဟာ အကြမ်းဖက်မှုလုပ်ရပ် (Terrorist Activity) ဖြစ်ပါတယ်။ တက္ကသိုလ်ဆရာ ဆရာမတွေ၊ ပညာရေးဝန်ထမ်းတွေနဲ့ ကျောင်းသား ကျောင်းသူတွေဆိုတာ အပြစ်မဲ့ပြည်သူတွေပဲဖြစ်ပါတယ်။ ပညာရေးဝန်ထမ်းက ကျောင်းသား ကျောင်းသူတွေကို ပညာသင်ကြားပေးတာဟာ ပြစ်မှုမဟုတ်ပါဘူး။ ဒါပေမယ့်လည်း နိုင်ငံရေးရည်မှန်းချက်နဲ့လည်းမဆိုင်၊ စစ်ရေးပစ်မှတ်လည်းမဟုတ်တဲ့ အပြစ်မဲ့ပြည်သူတွေကို သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဓားစာခံအဖြစ်ဖမ်းဆီးခြင်းဟာ အကြမ်းဖက်ခြင်းသာ ဖြစ်ပါတယ်။

### ရည်မှန်းချက်မတူသလို လုပ်ဆောင်တဲ့နည်းလမ်းတွေလည်းမတူ

အကြမ်းဖက်မှု (Terrorist Activity) နဲ့ လက်နက်ကိုင်တော်လှန်ရေး (Armed Revolution) ဟာ လက်နက်ကိုင်တိုက်ခိုက်တာချင်းတူပေမယ့် အနှစ်သာရ၊ ဦးတည်ချက်၊ အပြုအမူနဲ့ အသွင်သဏ္ဌာန်တွေ မတူညီကြပါဘူး။ ရည်မှန်းချက်မတူသလို လုပ်ဆောင်တဲ့နည်းလမ်းတွေလည်း မတူပါဘူး။ လက်နက်ကိုင်ပြီး အကြမ်းဖက်မှုတွေ ကျူးလွန်နေတာဟာ တော်လှန်ရေးမဟုတ်ပါဘူး။ နိုင်ငံရေးရည်မှန်းချက်အတွက် စစ်ရေးကို နောက်ဆုံးနည်းလမ်းတစ်ရပ်အနေနဲ့ အသုံးချလေ့ရှိပါတယ်။ ကမ္ဘာမှာလည်း စစ်ရေးကို နိုင်ငံရေးရည်မှန်းချက်အတွက် သုံးခဲ့တဲ့သာဓကတွေ အများကြီးရှိပါတယ်။ သက်ဆိုင်ရာ နိုင်ငံရဲ့ အခြေအနေ၊ နိုင်ငံတကာ အသိုက်အဝန်းရဲ့အခြေအနေနဲ့ ပြည်သူလူထု အခြေအနေ၊ လက်နက်ကိုင်တိုက်ခိုက်မှုရဲ့ ရည်မှန်းချက်၊ နည်းလမ်းတွေပေါ်မူတည်ပြီး အောင်မြင်တာတွေလည်းရှိတယ်၊ မအောင်မြင်တာတွေလည်း ရှိကြပါတယ်။ လက်နက်ကိုင်တိုက်ခိုက်တိုင်း အောင်မြင်မယ်လို့ ပုံသေသတ်မှတ်လို့ မရပါဘူး။

### နိုင်ငံရေးနည်းလမ်းနဲ့ ငြိမ်းချမ်းစွာဖြေရှင်း

မြန်မာနိုင်ငံဟာ ကမ္ဘာမှာ လက်နက်ကိုင်တိုက်ခိုက်မှု အရှည်ကြာဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ နိုင်ငံရေးအဆင်မပြေတာတွေကို ဖြေရှင်းဖို့ လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြပါတယ်။ ဒါပေမယ့်လည်း ဒီကနေ့အထိ အားလုံးရည်မှန်းတဲ့ နိုင်ငံရေးဦးတည်ချက်ဆီ မရောက်နိုင်သေးဘဲ လက်နက်ကိုင်တိုက်ခိုက်တာတွေရဲ့ ဆိုးကျိုးတွေသာ တဝဲဝဲလည်လည်ခံစားနေကြရဆဲပါ။ အဲဒီပြဿနာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ ငြိမ်းချမ်းစွာ ဖြေရှင်းဖို့ကြိုးစားကြဆဲမှာပဲ တစ်ဖက်မှာ လက်နက်ကိုင်တိုက်ခိုက်မှုကိုသာ လိုလားသူတွေရှိနေပါတယ်။ ၂၀၂၁ နိုင်ငံရေးပဋိပက္ခတွေဖြစ်တဲ့ အချိန်မှာလည်း လက်နက်ကိုင်တိုက်ခိုက်တဲ့ နည်းလမ်းကိုပဲ သုံးလာကြပြန်ပါတယ်။ စစ်အုပ်ချုပ်ရေးကို တစ်နိုင်ငံလုံးတွန်းလှန်တိုက်ခိုက်ဖို့ဆိုပြီး NUG က ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့မှာ ကြေညာခဲ့ပါတယ်။ အဲဒီနောက်မှာ NUG အနေနဲ့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေကို မွေးထုတ်ပေးခဲ့ပါတယ်။ အဲဒါတွေနဲ့အတူ ကိုယ်ထူကိုယ်ထ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေလည်း ပေါ်ထွက်လာပါတယ်။

NUG အနေနဲ့ PDF တွေရဲ့ အကြမ်းဖက်မှုတွေကို သိနေပေမယ့် PDF တွေကို ဆက်ပြီးအသုံးချဖို့ ကြိုးစားခဲ့ပါတယ်။ ဒါကြောင့် ၂၀၂၃ ခုနှစ်ဟာ မြန်မာနိုင်ငံမှာ အပြောင်းအလဲတွေ ဖြစ်မဖြစ် ဆုံးဖြတ်ပေးမယ့် နှစ်ဖြစ်တယ်လို့ NUG က ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၄ ရက်နေ့က ပြောခဲ့ပါတယ်။ NUG ရဲ့ ပြောကြားချက်ဟာ လက်နက်ကိုင်အကြမ်းဖက်မှုတွေ ပိုပြီးကြီးမားလာအောင် လှုံ့ဆော်ပေးခဲ့တာဖြစ်ပါတယ်။ အခုဆို ၂၀၂၃ ကုန်ပါတော့မယ်။ အကြမ်းဖက်မှုတွေက ပိုဆိုးလာပါတယ်။ နောက်ကွယ်က ထောက်ပံ့ပေးနေတဲ့ အမေရိကန်ကိုယ်တိုင်က PDF တွေကို အကြမ်းဖက်အဖြစ် ကမ္ဘာကို ထုတ်ဖော်ပြောဆိုလာပါတယ်။ ဒီတော့ NUG နဲ့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ ဦးတည်ချက်နဲ့ လုပ်ရပ်တွေကို အနုလုံပဋိလုံ ပြန်စဉ်းစားရမယ့်အချိန်ရောက်နေပါပြီ။

မြန်မာ့နိုင်ငံရေးမှာ လက်နက်ကိုင်တိုက်ခိုက်ပြီး ဖြေရှင်းတဲ့နည်းလမ်းနဲ့ ပြည်သူလူထုလိုလားတဲ့ ရည်မှန်းချက် မရောက်နိုင်တာကို သမိုင်းက သက်သေပဲ ဖြစ်ပါတယ်။ **စာမျက်နှာ ၁၀ သို့** ☆

> **"ပြည်သူတွေကို စတေးပြီး ကိုယ့်ရဲ့နိုင်ငံရေးရည်မှန်းချက်နဲ့ လုပ်ရပ်တွေကို ဘယ်လောက်ပဲ ကာကွယ်ပြောဆိုနေပါစေ၊ ထွက်လာတဲ့ ရလဒ်တွေကိုကြည့်ရင် လုပ်ရပ်နဲ့ရလဒ်ဟာ ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်နေပါတယ်။ ဒီလိုအခြေအနေဖြစ်နေတာတောင်မှ နိုင်ငံရေးရည်ရွယ်ချက်မှန်တယ်လို့ ဆုပ်ကိုင်ထားမယ်ဆိုရင်** Country Reports on Terrorism 2022 **အစီရင်ခံစာအရ သုတေသနပြုတွေ့ရှိထားတဲ့ အပြစ်မဲ့ပြည်သူတွေကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့တဲ့** Terrorist Activities **၉ ရာခိုင်နှုန်းဟာ ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက်လုပ်ဆောင်ခဲ့တာပဲလို့ ကောက်ချက်ချရမှာပါ"**

# ဒုတိယမြို့တော်ဝန် ဦးညီညီ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ e-Government Training အမှတ်စဉ်(၁၆) သင်တန်းဆင်းအမှာစကားပြောကြား

ရန်ကုန် ဒီဇင်ဘာ ၁၂

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ e-Government Training အမှတ်စဉ်(၁၆) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမကြီး၌ ပြုလုပ်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်)ဦးညီညီ တက်ရောက်၍သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းဆင်း အောင်လက်မှတ်နှင့် ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ ဌာနများ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးနှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့တို့မှ ဝန်ထမ်းသင်တန်းသား ၂၃ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ်ကြာသည်။

ယင်းနောက် ဒုတိယမြို့တော်ဝန်သည်တာဝန်ရှိသူများနှင့်အတူ မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်ရှိအမျိုးသားပြန်လည်သန့်စွမ်းရေးဆေးရုံဝင်းအတွင်း သန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လမ်းမတော်မြို့နယ် အမှတ်(၈) ရပ်ကွက် အောင်ရတနာလမ်းဘေး ကျုံးကြီးမြောင်းအတွင်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှု၊ သာကေတမြို့နယ် ရေဝဏ်အဝိုင်းနှင့်ရှုခင်းသာမြို့ပတ်လမ်းအကြား ရှုခင်းသာလမ်း လမ်းသားတိုးချဲ့ ကွန်ကရစ်ခင်းနေမှု၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် (၆၁) ရပ်ကွက်အတွင်းရှိ ရတနာလမ်းနှင့် မြနန္ဒာလမ်းကြား ချင်းတွင်းလမ်း ကွန်ကရစ်ခင်းနေမှုနှင့် သရက်ပင်ချောင်ကျေးရွာအနီး



နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ (Final Disposal Site–FDS) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကျွန်းလှမြို့နယ်၌ မိုးစပါး ဧက ၂၉၀၀၀ ကျော် ရိတ်သိမ်းပြီးစီး

ကျွန်းလှ ဒီဇင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးသော မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ ယမန်နေ့အထိ ဧက ၂၉၀၀၀ ကျော် ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါး ၃၄၀၉၇ ဧက စိုက်ပျိုးခဲ့ပြီး လက်ရှိအချိန်အထိ ၂၉၅၈၁ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ တစ်ဧက ပျမ်းမျှအထွက်နှုန်း ၇၃ ဒသမ ၅၉ ရာခိုင်နှုန်းထွက်ရှိကြောင်း၊ ကျန်ရှိသည့် လယ်ဧကများ ဆက်လက်ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

“မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက်အချိန်မီ ရောက်ရှိစေရေး အသိပေးလျက်ရှိပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများမှာ မိုးကောင်းသောက်ဖြစ်သော်လည်း စပါးအပြင် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံ၊ နှစ်ရှည်ပင်နှင့် အခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ထိုင်းရောက် အထောက်အထားရှိနှင့် အထောက်အထားမရှိ မြန်မာလုပ်သားများအကြား ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီသည့် အခြေအနေမှာ သိသိသာသာ ကွဲပြားနေ

ရန်ကုန် ဒီဇင်ဘာ ၁၂

ထိုင်းနိုင်ငံရောက် အထောက်အထားရှိနှင့် အထောက်အထားမရှိ မြန်မာလုပ်သားများအကြား ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီသည့် အခြေအနေမှာ သိသိသာသာ ကွဲပြားနေကြောင်း ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်သည့်UNDP၏ထုတ်ပြန်ချက်အရ သိရသည်။

ထိုင်းနိုင်ငံရှိ အထောက်အထားမရှိသည့် ရွှေ့ပြောင်းလုပ်သားများကြား စိတ်ကျန်းမာရေးချို့တဲ့မှု ပိုမိုအဖြစ်များကြောင်းလည်း UNDP ၏ ထုတ်ပြန်ချက်အရ သိရသည်။

ထိုင်းနိုင်ငံရှိ အထောက်အထားရှိနှင့် အထောက်အထားမရှိသည့် မြန်မာရွှေ့ပြောင်းလုပ်သားများကြား စိတ်ကျန်းမာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကို လက်လှမ်းမီမှုဆိုင်ရာတွင်လည်း သိသာထင်ရှားစွာ ကွဲပြားနေကြောင်း၊ စိတ်ကျန်းမာရေးချို့တဲ့မှုသည် အထောက်အထားမရှိသည့် ရွှေ့ပြောင်းလုပ်သားများကြား ပိုမိုအဖြစ်များနေပြီး ထိုသူများသည် ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီအသုံးပြုနိုင်မှုတွင်လည်း အခြားသူများနှင့် နှိုင်းယှဉ်လျှင် အကန့်အသတ်ရှိကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီအသုံးပြုနိုင်မှုသည် နေရာဒေသအလိုက် ကွာခြားမှုရှိနေပြီး ဗန်ကောက်မြို့တွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၏ လွှမ်းခြုံနိုင်မှုသည် အမြင့်မားဆုံးဖြစ်ကြောင်း ဖော်ပြထားသည်။

ရွှေ့ပြောင်းလုပ်သားများအား ၎င်းတို့၏ အလုပ်လုပ်ခွင့်ပါမစ်ပေါ် မူတည်၍ သတ်မှတ်ထားသည့် ဆေးရုံများတွင် မှတ်ပုံတင်ပေးသည့် စနစ်ကြောင့် ၎င်းတို့ နေရာပြောင်းရွှေ့ရလျှင် ကျန်းမာရေးစောင့်ရှောက်မှုများ ရယူနိုင်ရေး အဟန့်အတား ဖြစ်စေကြောင်းလည်း UNDP ၏ ထုတ်ပြန်ချက်အရ သိရသည်။

ထိုင်းနိုင်ငံသည် ရွှေ့ပြောင်းလုပ်သားများအတွက် အားထားမှီခိုရာနေရာတစ်ခု ဖြစ်လာခဲ့ပြီး မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံများမှ လူများကို ဆွဲဆောင်နိုင်ခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် ဧပြီလအထိ ကိန်းဂဏန်းများအရ ထိုင်းနိုင်ငံအတွင်း တရားဝင်လာရောက်သော ရွှေ့ပြောင်းလုပ်သားပေါင်း ၂ ဒသမ ၅ သန်း နေထိုင်လျက်ရှိသည်ဟု ခန့်မှန်းထားပြီး ထိုသူများသည် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရောက်ရှိလာကြသူများဖြစ်ပြီး ထိုသူများထဲမှ ၇၅ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံမှ ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် စာရွက်စာတမ်းအထောက်အထားများ ကိုင်ဆောင်ထားသည့် ရွှေ့ပြောင်းလုပ်သားများနှင့် ထိုအထောက်အထားများ မရှိကြသည့် ရွှေ့ပြောင်းလုပ်သားများကြား လုပ်ငန်းခွင် အခြေအနေများနှင့် အကျိုးခံစားခွင့်များ သိသာထင်ရှားစွာ ကွာခြားလျက်ရှိကြောင်း လေ့လာမှုအတွင်း တွေ့ရှိသည်ဟု UNDP ကဆိုသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ တရားဝင် အလုပ်သမားများကို စေလွှတ်နေကာ ပြီးခဲ့သည့် ဒီဇင်ဘာ ၆ ရက်က အထောက်အထားမဲ့မြန်မာ အလုပ်သမားများအား မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်ဖြင့် တရားဝင်နေထိုင်လုပ်ကိုင်ခွင့်ရရှိရေး ကိစ္စရပ်များ မြန်မာ-ထိုင်း တာဝန်ရှိသူများ ဆွေးနွေးခဲ့ကြသည်။

ထိုသို့ဆွေးနွေးရာတွင် နှစ်နိုင်ငံ အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU)နှင့် အလုပ်သမားများ အလုပ်ခန့်ထားရေးဆိုင်ရာ သဘောတူစာချုပ် သက်တမ်းတိုး လက်မှတ်ရေးထိုးရေး၊ ထိုင်းအစိုးရအဖွဲ့ ဆုံးဖြတ်ချက်အရ ယာယီနေထိုင် အလုပ်လုပ်ကိုင်ခွင့်အတွက် အမည်စာရင်းတင်သွင်းထားသည့် အလုပ်သမားများကို (ပန်းရောင်ကတ်) ထုတ်ပေးနိုင်ရေး၊ အထောက်အထားမဲ့ မြန်မာအလုပ်သမားများအား မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity– CI) ဖြင့် တရားဝင် နေထိုင်လုပ်ကိုင်ခွင့်ရရှိရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားများ၏ လုပ်ခလစာများကို မြန်မာနိုင်ငံတွင် ကျန်ရှိသည့် မိသားစုဝင်များထံသို့ တရားဝင်လမ်းကြောင်းမှ လုံခြုံစိတ်ချစွာ လွှဲပြောင်းပေးပို့နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သစ်တော်**

☆ စာမျက်နှာ ၉ မှ

လက်နက်ကိုင်တိုက်ခိုက်မှုတွေက နိုင်ငံကို ဆင်းရဲတွင်းနက်စေပြီး ပဋိပက္ခတွေကို ပိုမိုကြီးမားစေခဲ့ပါတယ်။ ဒါ့အပြင် မြန်မာ့နိုင်ငံရေးမှာ ပြည်တွင်းရေးကို စွက်ဖက်တဲ့သူတွေ၊ ကြိုးကိုင်လိုတဲ့သူတွေနဲ့ အမြတ်ထုတ်လိုသူတွေက အမြဲဒွန်တွဲပါနေပါတယ်။ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေက ကိုယ်ကျိုးစီးပွားမြှင့်တင်ရေးနဲ့ ကိုယ်ကျိုးစီးပွားကာကွယ်ရေးအတွက် နိုင်ငံငယ်တွေကို လိုသလိုအသုံးချခဲ့ကြတာ အခုမှမဟုတ်ပါဘူး။ ကမ္ဘာ့သမိုင်းတစ်လျှောက်လုံးမှာ ကြီးနိုင်ငယ်ညှဉ်းလွှမ်းမိုးခဲ့ကြပါတယ်။ နောင်လည်း လွှမ်းမိုးဖို့ကြိုးစားနေကြဦးမှာပါ။ မြန်မာ့နိုင်ငံရေးပဋိပက္ခမှာလည်း ဒီလိုပါပဲ။ အမြတ်ထုတ်လိုသူတွေရဲ့ ပံ့ပိုးထောက်ပံ့မှုတွေဟာ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူလူထုအကျိုးထက် သူတို့အကျိုးအတွက်ကိုပဲ ဦးတည်ကြပါတယ်။ လတ်တလောပဋိပက္ခတွေမှာလည်း အမေရိကန်ဟာ ဥပဒေပြဋ္ဌာန်းပြီး ထောက်ပံ့ကူညီပေးခဲ့ပါတယ်။ အဲဒီရဲ့အကျိုးဆက်က အကြမ်းဖက်သမားတွေနဲ့ အကြမ်းဖက်အုပ်စုတွေ သက်ဆိုးရှည်ပြီး အကြမ်းဖက်မှုတွေ များလာခြင်းပါပဲ။ နိုင်ငံအတွက် တကယ်လိုအပ်တဲ့ အဖြေထွက်မလာခဲ့ပါဘူး။ အမေရိကန်ဟာ သူတို့ပံ့ပိုးကူညီခဲ့သူတွေဟာ အကြမ်းဖက်မှုတွေ ပြုလုပ်နေတာကို အခုတော့ သူတို့ကိုယ်တိုင် ဖွင့်ထုတ်လာပါပြီ။ ဒါပေမဲ့ အဲဒီရဲ့အကျိုးဆက်ကို အမေရိကန်နိုင်ငံနဲ့ အမေရိကန်ပြည်သူတွေ ခံစားကြရတာ မဟုတ်ပါဘူး။ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူလူထု ခါးစည်းခံစားနေကြရတာပါ။

**အကြမ်းဖက်မှုတွေဟာ နိုင်ငံရေးရည်မှန်းချက်လား**

ဒီတော့ ကိုယ်စီးတဲ့မြင်း အထီး၊ အမ သိဖို့လိုသလို အကြမ်းဖက်မှုတွေဟာ နိုင်ငံရေးရည်မှန်းချက်လားဆိုတာ သိဖို့လိုပါတယ်။ အကြမ်းဖက်မှု (Terrorist Activity) နဲ့ လက်နက်ကိုင်တော်လှန်ရေး (Armed Revolution) ကို လေနဲ့ဝမ်း ကွဲဖို့လိုပါတယ်။ ဒါ့အပြင် နိုင်ငံရေးရည်မှန်းချက်အတွက်လား၊ ကိုယ်ကျိုးအတ္တအတွက်လား ကွဲဖို့လိုပါတယ်။ နိုင်ငံ့အတွက် အကျိုးမပြုတဲ့အပြင် အလုံးစုံပျက်စီးစေတဲ့နည်းလမ်းတွေကို စွဲစွဲလမ်းလမ်းအသုံးပြုနေတာဟာ ဒီထက်ကောင်းမွန်တဲ့ နည်းလမ်းကို မသိတာလား၊ ဒါမှမဟုတ် ကိုယ်ကျိုးစီးပွားအတွက် အသုံးချနေတာလားဆိုတာ အခုဆိုအဖြေထွက်နေပါပြီ။

အမေရိကန်နိုင်ငံရဲ့ Country Reports on Terrorism 2022 ဟာ ၂၀၂၁ ခုနှစ်အတွင်းမှာ ကျူးလွန်ခဲ့တဲ့ အကြမ်းဖက်မှုတွေအတွက်ပဲ ဖြစ်ပါတယ်။ အကြမ်းဖက်မှုတွေဟာ ၂၀၂၁ ခုနှစ်ကထက် ၂၀၂၂ ခုနှစ်မှာ ပိုဆိုးလာပါတယ်။ အခုဆို ၂၀၂၂ ခုနှစ်ကထက် ၂၀၂၃ ခုနှစ်မှာ ပိုဆိုးပါတယ်။ တစ်နှစ်ထက်တစ်နှစ် အကြမ်းဖက်မှုတွေ တိုးလာတာက သူတို့ရဲ့နိုင်ငံရေးရည်မှန်းချက်လား၊ ပြည်သူလူထုအတွက်လား၊ ဘယ်သူ့အကျိုးစီးပွားအတွက်လဲ။ ပြည်သူလူထုကတော့ အသက်တွေ စတေးနေရဆဲပါ။ အသက်အိုးအိမ်တွေပစ်ပြီး ပြေးနေရဆဲပါ။ ကိုယ်စီဘဝတိုးတက်ရေးထက် အသက်ရှင်ရေးအတွက် ရုန်းကန်နေကြရပါတယ်။ နိုင်ငံရေးဆိုတာ သွေးမထွက်တဲ့ စစ်ပွဲဖြစ်ပြီး စစ်ပွဲဆိုတာ သွေးထွက်တဲ့ နိုင်ငံရေးဖြစ်တယ်လို့ မော်စီတုံးက ပြောခဲ့ဖူးပါတယ်။ အခုနိုင်ငံရေးကတော့ သွေးထွက်ရုံတင်မကပါဘူး၊ အပြစ်မဲ့တဲ့အသက်တွေပါ စတေးနေရပါတယ်။

ပြည်သူတွေကို စတေးပြီး ကိုယ့်ရဲ့နိုင်ငံရေးရည်မှန်းချက်နဲ့ လုပ်ရပ်တွေကို ဘယ်လောက်ပဲ ကာကွယ်ပြောဆိုနေပါစေ၊ ထွက်လာတဲ့ ရလဒ်တွေကို ကြည့်ရင် လုပ်ရပ်နဲ့ရလဒ်ဟာ ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်နေပါတယ်။ ဒီလိုအခြေအနေဖြစ်နေတာတောင်မှ နိုင်ငံရေးရည်ရွယ်ချက် မှန်တယ်လို့ ဆုပ်ကိုင်ထားမယ်ဆိုရင် Country Reports on Terrorism 2022 အစီရင်ခံစာအရ သုတေသနပြုတွေ့ရှိထားတဲ့ အပြစ်မဲ့ပြည်သူတွေကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့တဲ့ Terrorist Activities ၉ ရာခိုင်နှုန်းဟာ ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက်လုပ်ဆောင်ခဲ့တာပဲလို့ ကောက်ချက်ချရမှာပါ။

အမေရိကန်ကိုယ်တိုင်ကလည်း အကြမ်းဖက်မှုတွေကို ရည်ရွယ်ချက်ရှိရှိ ထောက်ပံ့ခဲ့တာလို့ ပြောနိုင်ပါတယ်။ ဒီတော့ ပြည်သူလူထုရဲ့ ဆန္ဒ၊ ပြည်သူလူထုရဲ့ အကျိုးစီးပွားနဲ့ ဆန့်ကျင်တဲ့ အကြမ်းဖက်မှုတွေ (Terrorist Activities) ကို စွန့်လွှတ်ပြီး အဲဒီအကြမ်းဖက်မှုတွေအစား ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ နိုင်ငံရေးအဖြေရှာကြဖို့ အချိန်တန်ပါပြီ။ ။

# တရုတ်နိုင်ငံ အကူအညီဖြင့် MNDAA၊ TNLA၊ AA အဖွဲ့များနှင့် နိုင်ငံရေးအရ ဖြေရှင်းဆောင်ရွက်နိုင်ရန် တွေ့ဆုံဆွေးနွေးမှုများကို အနောက်နိုင်ငံ ထောက်ပံ့ပေးထားသည့် မီဒီယာများမှ အဖျက်သဘောဆောင်သည့် ထုတ်လွှင့်နေမှုများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား NUG၊ PDF များမှ ၎င်းတို့ထံရောက်ရှိလာစေရေး ခြိမ်းခြောက်စည်းရုံးနေမှုများ၊ ၁၂-၁၂-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်ဒေသနှင့် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများ၊ နိုင်ငံတော်ဝန်ကြီးချုပ် ရှမ်းပြည်နယ်(မြောက်ပိုင်း)ခရီးစဉ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများနှင့် တွေ့ဆုံခဲ့ရာတွင် ဒေသခံပြည်သူများ၏ သားသမီးများအား ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများအတွက် အဓိကထား ဆောင်ရွက်နေမှုတို့နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

မနေ့ကတော့ ကျွန်တော်တို့ တရုတ်နိုင်ငံရဲ့အကူအညီနဲ့ MNDAA၊ TNLA၊ AA အဖွဲ့တွေအနေနဲ့ နိုင်ငံရေးအရ ဖြေရှင်းဆောင်ရွက်နိုင်ဖို့ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ခဲ့တယ်ဆိုတာကို ကျွန်တော့်အနေနဲ့ ပြောခဲ့ပါတယ်။ ဒီနေ့မှာတော့ ဒီသတင်းနဲ့ပတ်သက်ပြီး အနောက်နိုင်ငံအားပေးမီဒီယာတွေ၊ အနောက်နိုင်ငံတွေက ထောက်ပံ့ပေးထားတဲ့ မီဒီယာတွေကနေပြီး ဆွေးနွေးမှုနဲ့ပတ်သက်ပြီးတော့ ဆန့်ကျင်တဲ့သဘောပေါ့။ မဖြစ်စေချင်တဲ့သဘော။ ပြီးရင် ဒါနဲ့ပတ်သက်ပြီး မဟုတ်ဘူးဆိုတဲ့သဘောတွေ ထုတ်လွှင့်နေတာရှိပါတယ်။ ဒီတော့ တရုတ်နိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူအနေနဲ့လည်း ပြောပြီးဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်ထပ်ပြီးတော့ အသေးစိတ်ပြောစရာမရှိပါဘူး။ ဒီနေရာမှာပြောချင်တာကတော့ အနောက်နိုင်ငံအားပေးမီဒီယာတွေ၊ NUG အကြမ်းဖက်အဖွဲ့ရဲ့ ဒေါက်တိုင်မီဒီယာတွေအနေနဲ့ ကျွန်တော်တို့ တရုတ်-မြန်မာနှစ်နိုင်ငံရဲ့ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားနေတာတော့ အမှန်ပဲဖြစ်ပါတယ်။ တရုတ်-မြန်မာနှစ်နိုင်ငံ ဆက်ဆံရေး ပြေလည်သွားမှာကို၊ နယ်စပ်ဒေသတွေ တည်ငြိမ်အေးချမ်းသွားမှာကို မလိုလားဖြစ်နေတာတော့ အထင်းသားတွေ့နိုင်တယ်လို့ ပြောချင်ပါတယ်။ အနောက်နိုင်ငံ အားပေးမီဒီယာတွေ၊ အနောက်နိုင်ငံရဲ့ ဒေါက်တိုင်မီဒီယာတွေကတော့ ဒီကိစ္စမှမဟုတ်ပါဘူး။ သူတို့အနေနဲ့ကတော့ မြန်မာနိုင်ငံရဲ့ ဘယ်နေရာကိုမှ ငြိမ်းချမ်းစေချင်တာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မငြိမ်းချမ်းလေ သူတို့အတွက် ဝင်ငွေရှိလေပဲဖြစ်ပါတယ်။ သူတို့ရပ်တည်နေတာဟာ မြန်မာနိုင်ငံအလုံးစုံပျက်သုဉ်းရေး၊ မြန်မာနိုင်ငံမှာ သူတို့ကိုထောက်ပံ့ပေးနိုင်မယ့်၊ မြန်မာနိုင်ငံမှာ သူတို့လိုလားတဲ့ သူတို့ရဲ့လက်ကိုင်တုတ်အစိုးရရရှိရေးအတွက် ရည်မှန်းပြီးဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီအတွက်လည်း မြန်မာနိုင်ငံရဲ့ မည်သည့်နေရာမှာမဆို တိုက်ပွဲတွေရပ်တန့်သွားမှာ၊ ငြိမ်းချမ်းရေးရရှိမှာ သူတို့ရဲ့အစိုးရိမ်ဆုံးဖြစ်ပါတယ်။ ယခင်နှစ်တွေကလည်း ကျွန်တော်တို့ AA အဖွဲ့နဲ့ ရခိုင်ပြည်နယ်မှာ တိုက်ပွဲတွေဖြစ်ခဲ့ကြတယ်။ တွေ့ဆုံဆွေးနွေးမှုတွေ ငြိမ်းချမ်းရေးအကျိုးဆောင်တွေရဲ့ ဆောင်ရွက်ချက်တွေကြောင့် တိုက်ပွဲရပ်တန့်သွားတယ်။ တိုက်ပွဲရပ်တန့်သွားတဲ့အချိန်မှာလည်း ဒီလိုပဲ ဝေဖန်မှုတွေထွက်လာတာဖြစ်ပါတယ်။ ရပ်တန့်သွားတဲ့တိုက်ပွဲကို မဖြစ်ဖြစ်အောင် လှုံ့ဆော်မှုတွေ၊ သွေးထိုးမှုတွေ လုပ်ဆောင်တာဖြစ်ပါတယ်။ အခုလည်း ဒီလိုပဲ လုပ်ဆောင်တာဖြစ်ပါတယ်။ သူတို့ရဲ့စိုးရိမ်ချက်ကတော့ မြန်မာနိုင်ငံရဲ့မည်သည့်နေရာမှာမဆို တိုက်ပွဲတွေရပ်တန့်ပြီး ငြိမ်းချမ်းသွားမှာတွေ၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဆက်ဆံရေးကောင်းလာမှာတွေကို မလိုလားဆုံးဖြစ်ပါတယ်။



ဒီအတွက်လည်း ဆက်လက်ပြီး လုပ်ဆောင်နေမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေ တိုင်းရင်းသားပြည်သူလူထုအနေနဲ့၊ အိမ်နီးချင်းနိုင်ငံတွေအနေနဲ့ သတိကြီးစွာထားဖို့ လိုအပ်တယ်လို့ပြောချင်ပါတယ်။ နောက်တစ်ခုက ဒီရက်ပိုင်းတွေအတွင်းမှာ လုပ်ဆောင်နေတဲ့ဟာတွေရှိပါတယ်။ အဓိက ကတော့ နိုင်ငံ့ဝန်ထမ်းတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ သူတို့ဘက်ကို ရောက်ရှိလာနိုင်ရေး အသည်းအသန်စည်းရုံးနေတာတွေ၊ အသည်းအသန် ခြိမ်းခြောက်နေတာတွေ ကျွန်တော်တို့တွေ့ရပါတယ်။ သူတို့က တရားမျှတတယ် ပြောရင် ပြည်သူကထောက်ခံတယ်လို့ပြောရင် ဒါတွေကို အသည်းအသန် အကြောက်အကန် လုပ်ဆောင်နေဖို့လိုနိုင်မလားဆိုတဲ့ စဉ်းစားတွေးခေါ်မှုမျိုး ကျွန်တော်တို့ တိုင်းရင်းသားပြည်သူလူထုအားလုံးမှာ သိရှိဖို့လိုပါတယ်။ NUG အကြမ်းဖက်အဖွဲ့၊ PDF အကြမ်းဖက်အဖွဲ့အနေနဲ့ ကျွန်တော်တို့နိုင်ငံမှာ မဲလိမ်မဲခိုးမှုကြောင့် တပ်မတော်အနေနဲ့ တာဝန်ယူခဲ့ရတယ်။ ဒီတာဝန်မယူခင်မှာလည်း ညှိနှိုင်းမှုအမျိုးမျိုးလုပ်ခဲ့တယ်။ တာဝန်ယူပြီးနောက်ပိုင်းမှာလည်း တရားဥပဒေအရရင်ဆိုင်ဖြေရှင်းဖို့ပြောခဲ့လုပ်ခဲ့ပါတယ်။ သို့သော်လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို သူတို့ရွေးချယ်ပြီး ပြည်သူ့ရဲ့လူမှုစီးပွားဘဝကို ဖျက်ဆီးနေတာဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလကနေ အခု ၂၀၂၃ ခုနှစ် နိုဝင်ဘာလအထိ NUG၊ PDF အကြမ်းဖက်အဖွဲ့တွေအနေနဲ့ ရဟန်းသံဃာ ၉၂ ပါးကို သတ်ဖြတ်ခဲ့ပါတယ်။ ပညာရေးဝန်ထမ်း ၈၈ ဦးကို သတ်ဖြတ်ခဲ့ပါတယ်။ ကျန်းမာရေးဝန်ထမ်း ၂၀ ကို သတ်ဖြတ်ခဲ့ပါတယ်။ သူတို့ဖျက်ဆီး၊ မီးရှို့၊ မိုင်းထောင်ခဲ့တဲ့ဆေးရုံ၊ ဆေးခန်းပေါင်း ၅၅ ခုရှိပါတယ်။ စာသင်ကျောင်း၊ ပညာရေးဆိုင်ရာအဆောက်အအုံပေါင်း ၇၇၃ ခုရှိခဲ့ပါတယ်။ အများပြည်သူလူထုအသုံးပြုနေတဲ့ ဆက်သွယ်ရေးတာဝါတိုင် ၆၀၀ ကျော် ဖျက်ဆီးခဲ့ပါတယ်။ ဒီလိုလူမျိုးတွေဟာ ဒီလိုအဖျက်လုပ်ငန်းတွေ လုပ်နေတဲ့သူတွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီအရေး၊ တိုင်းရင်းသားတွေပြောနေတဲ့ ဖက်ဒရယ်အရေးဆိုတာတွေကို လုပ်ဆောင်မယ့်သူတွေလား၊ အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ပြီး သူတို့အာဏာရရှိရေးလုပ်ဆောင်မယ့်လူတွေလားဆိုတာ ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ ခွဲခွဲခြားခြား ကွဲကွဲပြားပြား သိမြင်နိုင်ပါတယ်။ ခွဲခွဲခြားခြား ကွဲကွဲပြားပြား သိမြင်ပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ပြည်သူလူထုတစ်ရပ်လုံးပါဝင်တဲ့ ဒီမိုကရေစီစနစ် လျှောက်လှမ်းရေးကို ဆက်လက်လုပ်ဆောင်သင့်ကြောင်း ပြောကြားလိုပါတယ်။

ဒီနေ့ ထိတွေ့တိုက်ပွဲဖြစ်စဉ်တွေအနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာတော့ နမ့်ဆန်ဒေသမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးဘက်မှာတော့ ထီးချိုင့်အရှေ့ဘက်မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့မှုရှိပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ခရီးစဉ်မှာ ယာယီတိုက်ပွဲရှောင်ပြည်သူတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ သိန္နီဘက်နဲ့ လားရှိုးနယ်တစ်ဝိုက်က တိုက်ပွဲရှောင်တွေနဲ့ စကားပြောဆိုခဲ့ပါတယ်။ သူတို့အနေနဲ့က ယာယီတိုက်ပွဲရှောင်တွေဖြစ်တဲ့အတွက် စားဝတ်နေရေး၊ နေထိုင်ရေးအကျပ်အတည်းတချို့ရှိပါတယ်။ ဒါတွေကိုလူမှုအဖွဲ့အစည်းတွေအားလုံးက ကူညီဖြေရှင်းပေးနေကြတယ်။ သို့သော် သူတို့ပိုပြီးတော့ပူတာက သူတို့ရဲ့သားသမီးတွေ၊ ကလေးတွေကျောင်းမတက်ရတာကို ပိုပြီးပူတာကိုတွေ့ရပါတယ်။ ဒီနေရာမှာကျွန်တော်တို့မြင်လိုက်တာကတော့ ဒီဒေသဟာ တိုင်းပြည်ရဲ့ သားသမီးတွေရဲ့ ပညာရေး သူတို့ရဲ့အနာဂတ်အတွက်ကိုလည်း ပိုပြီးအလေးထားတဲ့နေရာဖြစ်ကြောင်း သိခဲ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ယာယီတိုက်ပွဲရှောင်မိသားစုတွေ ကလေးသူငယ်တွေ ပညာသင်ကြားရေးအတွက်လည်း ကျွန်တော်တို့အစိုးရအနေနဲ့ အဓိကထားဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးအတွက်လည်း အဓိကထားဆောင်ရွက်လျက်ရှိပါတယ်။ တည်ငြိမ်အေးချမ်းရေး၊ မငြိမ်သက်တဲ့နေရာတွေမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အစိုးရအနေနဲ့ အားသွန်ခွန်စိုက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

○ ကျောဖုံးမှ

၁၁-၁၂-၂၀၂၃ ရက်နေ့တွင် 92 Ron ဂါလန်ခြောက်သိန်းကျော်၊ 95 Ron ဂါလန်လေးသိန်းခန့်၊ ဒီဇယ်ဆီ ဂါလန်လေးသိန်းကျော်၊ ပရီမီယမ်ဒီဇယ်ဆီ ဂါလန်ငါးသိန်းကျော် စုစုပေါင်းစက်သုံးဆီ ဂါလန်နှစ်သန်းခန့် ဖြန့်ဖြူးခဲ့သဖြင့် ယခင်ထက် သုံးဆခန့် ပိုမိုဖြန့်ဖြူးပေးခဲ့သော်လည်း အမှန်တကယ်ပုံမှန်အသုံးပြုရန်လိုအပ်သည့် ပြည်သူများအနေဖြင့် လူမှုရေး၊ ကျန်းမာရေးကိစ္စများအပါအဝင် လုပ်ငန်းဆောင်တာ အရေးတကြီး ဆောင်ရွက်ရမည့်ကိစ္စရပ်များအတွက် လိုအပ်သည့်စက်သုံးဆီများကို ယနေ့အထိ စက်သုံးဆီအရောင်းဆိုင်အချို့တွင် တန်းစီဝယ်ယူနေရကြောင်း တွေ့ရှိရသည်။

လက်ရှိ ပြည်တွင်းစက်သုံးဆီလက်ကျန် အခြေအနေနှင့် ပြည်ပမှ မှာယူထားသည့် စက်သုံးဆီများ စဉ်ဆက်မပြတ် ဆက်လက်ဝင်ရောက်နေမှုကြောင့် နိုင်ငံတော်အတွင်း စက်သုံးဆီပြတ်လပ်နိုင်သည့် အခြေအနေမရှိသဖြင့် အများပြည်သူအနေဖြင့် စိုးရိမ်စရာမလိုဘဲ စက်သုံးဆီများကို မိမိတို့လိုအပ်သလောက် စိတ်အေးချမ်းသာစွာ ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်ပါသည်။

စက်သုံးဆီအမှန်တကယ်လိုအပ်သည့် အများပြည်သူများ လွယ်ကူလျင်မြန် အချိန်ကုန်သက်သာစွာဖြင့် လိုအပ်သည့် မည်သည့်စက်သုံးဆီအမျိုးအစားကိုမဆို နေရာမရွေး၊ အချိန်မရွေး ပုံမှန်လိုအပ်သည့်ပမာဏအတိုင်း ဝယ်ယူရရှိနိုင်ရန်အတွက် စီမံဆောင်ရွက်လျက်ရှိသည့်အပြင် စက်သုံးဆီအရောင်းဆိုင်များတွင် အကြိမ်ကြိမ်တန်းစီဝယ်ယူကာ တစ်ဆင့်ပြန်လည်ရောင်းချမှုများနှင့် တရားမဝင်သိုလှောင်ရောင်းချခြင်းများကိုလည်း စစ်ဆေးဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်သူများအနေဖြင့်လည်း ထိုကဲ့သို့ ဆောင်ရွက်မှုများကို တွေ့ရှိပါက ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများသို့ သတင်းပို့တိုင်ကြားခြင်းဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါရန် စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီမှ မေတ္တာရပ်ခံ နှိုးဆော်တိုက်တွန်းထားကြောင်း သိရသည်။ **သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## ဂါဇာကမ်းမြောင်ဒေသအရေးနှင့်ပတ်သက်၍ ပူတင်နှင့် နေတန်ယာဟု ဆွေးနွေး



**ဂျေရုဆလင် ဒီဇင်ဘာ ၁၂**

ဂါဇာကမ်းမြောင်ဒေသရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုတို့အကြား တယ်လီဖုန်းဖြင့် ဆွေးနွေးခဲ့ကြကြောင်း ကရင်မလင်နန်းတော်က ဒီဇင်ဘာ ၁၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။

"၎င်းဆွေးနွေးမှုအတွင်း ပါလက်စတိုင်း-အစ္စရေး ပဋိပက္ခဇုန်အတွင်းရှိ အခြေအနေနှင့် ဂါဇာဒေသရှိ လူသားချင်းစာနာမှုအခြေအနေများကို အဓိကထား ဆွေးနွေးခဲ့သည်" ဟု ကရင်မလင်နန်းတော်က ပြောကြားခဲ့သည်။

ဂါဇာဒေသရှိ အရပ်သားများ၏ အခက်အခဲများကို လျှော့ပါးသက်သာစေရန်နှင့် ပဋိပက္ခအရှိန် လျှော့ကျစေရန်အတွက် အကူအညီများအားလုံးကို ပံ့ပိုးပေးရန် ရုရှားက အဆင်သင့်ရှိကြောင်း ကရင်မလင်က ပြောကြားသည်။

ဂါဇာဒေသရှိ ရုရှားနိုင်ငံသားများနှင့် ၎င်းတို့၏ မိသားစုများကို ကယ်တင်ရွှေ့ပြောင်းပေးရေးအပြင် ဂါဇာတွင် ထိန်းသိမ်းခံထားရသော အစ္စရေးနိုင်ငံသားများ လွှတ်ပေးရေးတို့အပေါ်တွင်လည်း အစ္စရေးနှင့် ရုရှားနိုင်ငံအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**




## ဥဇဘက်ကစ္စတန်နိုင်ငံရှိ ကျေးလက်လမ်းများ တိုးတက်စေရန်အတွက် ADB က အမေရိကန်ဒေါ်လာ သန်း ၂၄၀ ချေးငွေထုတ်ချေးရန် အတည်ပြု

**မနီလာ ဒီဇင်ဘာ ၁၂**

အာရှဖွံ့ဖြိုးရေးဘဏ်(ADB)သည် ဥဇဘက်ကစ္စတန်နိုင်ငံရှိ ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အမေရိကန်ဒေါ်လာသန်း ၂၄၀ ထုတ်ချေးရန် ဒီဇင်ဘာ ၁၁ ရက်တွင် အတည်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါချေးငွေစီမံကိန်းသည် ကျေးလက်လမ်းများကို အဓိကထား လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ပြောကြားခဲ့သည်။

အဆိုပါစီမံကိန်းသည် ကျေးလက်နေပြည်သူများနှင့် တောင်သူလယ်သမားများအား ဈေးကွက်များ၊ ကျောင်းများ၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် ခရိုင်စင်တာများသို့ ရာသီဥတုမရွေး ကျေးလက်လမ်းများမှတစ်ဆင့် ဝင်ရောက်နိုင်စေမည်ဖြစ်ကြောင်း ADB က ပြောကြားခဲ့သည်။

ကုန်းတွင်းပိတ်နိုင်ငံ တစ်ခုဖြစ်သည့် ဥဇဘက်ကစ္စတန်၏ လူဦးရေ ထက်ဝက်နီးပါးသည် စိုက်ပျိုးရေးလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းအဖြစ် အဓိကမှီခိုနေရသော ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိကြောင်း အာရှအလယ်ပိုင်းနှင့် အနောက်အာရှရေးရာ ညွှန်ကြားရေးမှူးချုပ် ယက်ဂျီနီဇူကော့ဗ်က ပြောကြားခဲ့သည်။

လုံခြုံစိတ်ချရသော၊ ယုံကြည်စိတ်ချရသော၊ ရာသီဥတုဒဏ်ခံနိုင်သော ကျေးလက်လမ်းများမှတစ်ဆင့် ကျေးလက်အသိုင်းအဝိုင်းများနှင့် ဝန်ဆောင်မှုများကို ချိတ်ဆက်ထားရန်အတွက် အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိရန် မရှိမဖြစ်လိုအပ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

## ဂါဇာကမ်းမြောင်သို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများဝင်ရောက်နိုင်ရေး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တောင်းဆို

**ဂျီနီဗာ ဒီဇင်ဘာ ၁၂**

ဂါဇာကမ်းမြောင်သို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဆောလျင်စွာနှင့် အတားအဆီးမရှိ ဝင်ရောက်နိုင်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အမှုဆောင်ဘုတ်အဖွဲ့က ဒီဇင်ဘာ ၁၀ ရက်တွင် တောင်းဆိုခဲ့သည်။

အဖွဲ့ဝင် ၁၇ နိုင်ငံ၏ တောင်းဆိုချက်အရ အမှုဆောင်ဘုတ်အဖွဲ့သည် ဂျီနီဗာ ရုံးချုပ်တွင် အထူးအစည်းအဝေးတစ်ရပ် ကျင်းပကာ ဂျေရုဆလင်အရှေ့ပိုင်းအပါအဝင် သိမ်းပိုက်ထားသော ပါလက်စတိုင်းပိုင်နက်အတွင်းရှိ ဒေသခံများ၏ ကျန်းမာရေးအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ကျန်းမာရေးအပေါ် ၎င်းပဋိပက္ခ၏ သက်ရောက်မှုသည် ဆိုးရွားပြီး ဂါဇာကမ်းမြောင်၏ ကျန်းမာရေးစနစ်မှာ ပြိုလဲနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ဂါဘရီယီဆက်က ပြောကြားသည်။

ကလေး ၇၀၀၀ အပါအဝင် ဂါဇာဒေသတွင် လူပေါင်း ၁၇၀၀၀ ကျော် သေဆုံးခဲ့ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားခဲ့သည်။ ပဋိပက္ခအတွင်း ဂါဇာကမ်းမြောင်ရှိ လူပေါင်း ၁ ဒသမ ၉ သန်း အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အောက်တိုဘာ ၇ ရက်မှစပြီး ဂါဇာကမ်းမြောင်နှင့် အနောက်ဘက်ကမ်းရှိ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဆောက်အအုံများကို တိုက်ခိုက်မှုပေါင်း ၄၄၉ ကြိမ်နှင့် အစ္စရေးနိုင်ငံရှိ ကျန်းမာရေးစောင့်ရှောက်မှုဌာနများကို တိုက်ခိုက်မှု ၆၀ ကျော်ရှိခဲ့ကြောင်းနှင့် ဂါဇာဒေသရှိ ဒေသခံများ၏ ကျန်းမာရေး စောင့်ရှောက်မှုကို ကာကွယ်ရန်နှင့် မြှင့်တင်ရန်အတွက် အရေးကြီးကြောင်း ၎င်းက ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## တူကီယဲနိုင်ငံ၏ အလုပ်လက်မဲ့နှုန်း ၁၁ နှစ်အတွင်း အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိ

**အန်ကာရာ ဒီဇင်ဘာ ၁၂**

တူကီယဲနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် အောက်တိုဘာလတွင် ၈ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ခြင်းကြောင့် ၂၀၁၂ ခုနှစ် နိုဝင်ဘာလနောက်ပိုင်း အနိမ့်ဆုံးအဆင့်ဖြစ်သည့် ၈ ဒသမ ၄ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ကြောင်း တူကီယဲနိုင်ငံ စာရင်းအင်းအင်စတီကျူက ဒီဇင်ဘာ ၁၁ ရက်တွင် ပြောကြားခဲ့သည်။

**ကျဆင်းသွား**

အသက် ၁၅ နှစ်နှင့်အထက် အလုပ်လက်မဲ့ဦးရေသည် နိုဝင်ဘာလတွင် ၂ ဒသမ ၉၆ သန်းသို့ ကျဆင်းသွားကာ လစဉ်အလုပ်လက်မဲ့နှုန်းမှာ သုည ဒသမ ၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း သိရသည်။

သို့ရာတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် အစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ၂၀၂၀ ပြည့်နှစ် ဒုတိယသုံးလပတ်မှစ၍ တူကီယဲနိုင်ငံ၏ စီးပွားရေးတိုးတက်မှုရှိလာကြောင်း သိရသည်။

တူကီယဲနိုင်ငံ ဗဟိုဘဏ်သည် အောက်တိုဘာလနှောင်းပိုင်းတွင် ငွေကြေးတန်ဖိုးကျဆင်းမှုကို ထိန်းချုပ်ရန်နှင့် ငွေကြေးဖောင်းပွမှုကို ထိန်းညှိရန်အတွက် နိုဝင်ဘာလနှောင်းပိုင်းတွင် နိုင်ငံ၏ ငွေကြေးမူဝါဒနှုန်းထားကို တိုးမြှင့်ခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

## သီရိလင်္ကာနိုင်ငံ၌ ဆိုက်ဘာတိုက်ခိုက်ခံရသူများကို ဖြေရှင်းဆောင်ရွက်ပေးရေးအတွက် အရေးပေါ်ဖုန်းလိုင်းတစ်ခု ဖွင့်လှစ်

**ကိုလံဘို ဒီဇင်ဘာ ၁၂**

သီရိလင်္ကာနိုင်ငံ၌ ဆိုက်ဘာတိုက်ခိုက်ခံရသူများကို ဖြေရှင်းဆောင်ရွက်ပေးရေးအတွက် အရေးပေါ်ဖုန်းလိုင်းတစ်ခုကို ဖွင့်လှစ်ခဲ့ကြောင်း အစိုးရက ပြောကြားသည်။

၎င်းအရေးပေါ်လိုင်းအဖြစ် တယ်လီဖုန်းနံပါတ် ၁၀၁ ကို ခေါ်ဆိုကာ ဆိုက်ဘာမှုခင်းများအတွက် တိုင်တန်းနိုင်ကြောင်း နည်းပညာဆိုင်ရာဝန်ကြီး ကန်နယ်ကာဟာယယ်က ပြောကြားသည်။ နိုင်ငံအတွင်း ဆိုက်ဘာမှုခင်းများကို ကာကွယ်ရန်အတွက် အွန်လိုင်းလုံခြုံရေး ဥပဒေကြမ်းကို အစိုးရက ပါလီမန်သို့တင်သွင်းမည်ဖြစ်သည်။

သီရိလင်္ကာနိုင်ငံသားများ၊ စီးပွားရေးလုပ်ငန်းများနှင့် တာဝန်ရှိသူများ သုံးစွဲရန်အတွက် နိုင်ငံအတွင်း အမျိုးသားဆိုက်ဘာလုံခြုံရေးစင်တာကိုလည်း ဖွဲ့စည်းထားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

## ဂျပန်နိုင်ငံမြောက်ပိုင်း ကမ်းရိုးတန်းဒေသ၌ ဆောင်းရာသီရထား စတင်ပြေးဆွဲ

**တိုကျို ဒီဇင်ဘာ ၁၂**

စားပွဲအောက်ခြေတွင် ဂျပန်ရိုးရာကိုတက်ဆုဟီတာခေါ် အပူပေးစက်တပ်ဆင်ထားသည့် စားပွဲများဖြင့် စားသောက်ဖွယ်ရာများကို ခရီးသည်များအားစားသောက်စေပြီး ရထားပေါ်မှရှုခင်းများကို ကြည့်ရှုနိုင်သည့် ဝန်ဆောင်မှုပေးသည့် ဆောင်းရာသီရထားကို ဂျပန်နိုင်ငံမြောက်ပိုင်း ပစိဖိတ်ကမ်းရိုးတန်းတစ်လျှောက် ဒီဇင်ဘာ ၉ ရက်က စတင်ပြေးဆွဲခဲ့ကြောင်း သိရသည်။

**ပြောကြား**

၎င်းရထားတွင် လိုက်ပါစီးနင်းပြီး ရှုခင်းများကို ကြည့်ရှုကာ စားပွဲတွင် ခင်းကျင်းထားသည့် အစားအသောက်များကို စားသောက်နိုင်သည့်အတွက် မိမိတို့၏ ပထမဆုံးခရီးစဉ်ကို စိတ်ကျေနပ်မှုရှိကြောင်း ၎င်းရထားစီးနင်းသူ တိုကျိုမှ မိသားစုတစ်စုက ပြောကြားသည်။ ၎င်းအဆင့်မြင့်စနစ်သုံးရထားတွင် နေ့လယ်စာဘူးများကိုပါ ပြည့်စုံစွာ စီစဉ်ထားရှိသဖြင့် နိုင်ငံတစ်ဝန်းမှ ခရီးသည်များသည် ၎င်းရထားဖြင့် ကမ်းရိုးတန်းဒေသ၏ ဆောင်းရာသီအလှကို ပြည့်စုံစွာခံစားနိုင်မည်ဖြစ်ကြောင်း Sanriku Railway မှ တာဝန်ရှိသူများက ပြောကြားသည်။



**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**

# နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၁၀ ဒသမ ၄၄ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁၂

နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၁၀ ဒသမ ၄၄ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁ ရက် ည ၇ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် တောင်စဉ်အေးကျေးရွာအနီးတွင် တင်ဖော်လတ် မောင်းနှင၍ကျော်စန်းဌေး လိုက်ပါလာသည့် Chenglong Tipper ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် ဘိလပ်မြေအိတ်များဖြင့် ဖုံးအုပ် သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၄၂ သိန်း တွေ့ရှိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ တာဝန်ခံသယ်ဆောင်သူ ထန်ခိုဆေးအား ယင်းနေ့ ည ၁၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၂၇ x ၂၈



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ကြား ၆၃ (C)လမ်းရှိ Hotel တွင် ဖမ်းဆီးရမိခဲ့၍ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာရှိ ၎င်း၏နေအိမ်မှ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာတွင် အသုံးပြုသည့် Toyota Landcruiser ယာဉ်တစ်စီးနှင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကျပ် ၁၂၀၂ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ဒီဇင်ဘာ ၂ ရက် နံနက် ၄ နာရီတွင် ချမ်းအေးသာစံမြို့နယ် အောင်နန်း(အရှေ့) ရပ်ကွက်နေဝင်းအောင်အား စိတ်ကြွရူးသွပ်ဆေးပြား ၁၈ သိန်း၊ Prado ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်သည့် ငွေကြေးစီးဆင်းမှုများကို စိစစ် ဖော်ထုတ်ချက်များအရ ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အိုင်ကြီးကျေးရွာနေ သန်းသန်းထွန်း(ခ)အားစိုးကို စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၇၆ သိန်း၊ ဘိန်းဖြူ ၈ ဒသမ ၈ ကီလို၊ Super Custom ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဒီဇင်ဘာ ၉ ရက် ညနေ ၃ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ တာဟန်းရပ်ကွက်ရှိ မလားဆန်းခူးမီးကို ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၃ ဒသမ ၂ တန်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို မူးယစ်မှောင်ခိုဂိုဏ်းဖွဲ့၍ ရှမ်းပြည်နယ်မှ မန္တလေးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့သို့ သယ်ဆောင်ရောင်းဝယ်ပြီး စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာတွင် အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများကို ကလေးမြို့မှ ရှမ်းပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းမူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင် ဆက်စပ်ပါဝင်သူများနှင့် ၎င်းတို့မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ ရေနံစိမ်းများ၊ ဆိုင်ကယ်များနှင့် ယာဉ်သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၁၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၁ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မင်းဘူးမြို့ မန်းရေနံမြေအိမ်ရာ၌ တရားမဝင် ရေနံစိမ်း ၂၅ ဂါလန်နှင့် Kenbo 110 ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၀၀၀)ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေအရလည်းကောင်း၊ မကွေးမြို့ မြို့မ အိုးဘိုရပ်ကွက် ရောဝတီတံတားအနီး၌ လိုင်စင်မဲ့ဆိုင်ကယ်များဖြစ်သည့် Turbo 125 တစ်စီး၊ YHJJ 125 တစ်စီးနှင့် New Sumbo 125 တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၅၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၁၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့ ကွေ့ကြီးရပ်ကွက်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စက်သုံးဆီ ဒီဇယ်ဆီ(ချက်ဆီ) ဂါလန် ၇၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၁၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နေပြည်တော်-ရန်ကုန် အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂/၂)အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၁၂၉ တန်၊ အခြားသစ် ၅ ဒသမ ၉၅၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၆၅၅၅၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Nissan UD ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၆၅၅၅၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေ ၁၄၉၆၆၅၂၄ ကျပ်)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

**သတင်းစဉ်**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၁၂

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အမျိုးသားနေ့ အနှစ်သာရများကို ဖော်ဆောင်ကြစေရေး"**ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"တူယှဉ်ဆင်နွှဲ ခရစ္စမတ်ပွဲ"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို MESSAGE ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၁၂-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မောရသုတ်၊ ဝဋ္ဋသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ 'သာလီစွပါ...မြို့မြောက်ဦး'
၀၉:၂၀ '၂၀၂၂ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု၊ ဆုနင်းသဘင်အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်'
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ '**ဘတ်စကက်ဘောအက်ဒေး**' (အပိုင်း-၃၇)
၁၃:၀၀ သီချင်းကြီးပဒေသာ
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်**' (အပိုင်း-၂၃)
၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**ချစ်ပန်းရနံ့လွင့်ပျံ့အမှုန်း**' (အပိုင်း-၇၉)
၁၅:၃၀ Weekly Soccer Preview
၁၆:၃၅ မျိုးဝက်တင့်စေဆိုကရေးတီးအမွေ
၁၇:၁၀ ရွှေသို့ချိမည်ပန်းတိုင်ဆီ
၁၇:၃၅ 'ဟုမရာ့အီယေး..........သံပြိုင်ပေးလို့'
၁၇:၄၅ 'အနာဂတ်ရဲ့ကြယ်ပွင့်ကလေးများ'
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ 'စာပေစွမ်းအားကလောင်အားဖြင့် ရွှေသို့ချိမည်ပန်းတိုင်ဆီ'
၁၉:၀၀ မေးမြန်းဖြေကြားပြည်သူ့အတွက် သတင်းစကား
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**ဘတ်စကက်ဘောအက်ဒေး**' (အပိုင်း-၃၈)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ (၂၄)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ (ရုပ်စုံဇာတ်တော်ကြီး)(ဝါသနာရှင်) (ပထမတန်း)အဆင့်)(ပထမဆု) '**ပညာရွှေအိုး**' (တော်ဝင်ရုပ်စုံအမြင့်သဘင်) (ရန်ကုန်တိုင်းဒေသကြီး)

**mitv**

07:01 Evergreen Classic: Migadawon (Tekkatho Lei Lei)
07:09 Myanmar Puppeteers (Ogre Dance)
07:18 Unique Pattern Of Myanma Ethnic Group: A Trend Of Chin Traditional Dress
07:50 Sweet Delicacy of Pathein
08:01 News
08:26 The Boat Trip to the Three Islands Around Ngwe Saung
08:43 Kyaukse Cement Plant
09:01 Myanmar Delicate Artistic Handy Creations - Lacquer Ware Making
09:26 Myanmar Guitarist
09:49 Mote Khwe Late from Intaing Village
10:01 News
10:27 Topical Topics (No. 7) Renewable Energy & Natural Energy

**MRTV NRC**

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
မြန်မာပြည်တစ်လွှားလျာထိအာထိရခိုင်ဟင်းလျာများ
**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
တို့ဝလေ့တို့သဘာဝ
**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
ချင်းနှင့်ကျန်းမာရေး
**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ
**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
ကယားရိုးရာတူရိယာပြုလုပ်ခြင်း
**ပအိုဝ်းကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ကျဲချို
**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
ကချင်စာပေစကားပြောကြရအောင်(အပိုင်း-၁၀)
**အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
ကရင်ဒီဇိုင်နာ ဟီဟီနှင့်တွေ့ဆုံမေးမြန်းခြင်း
**ချင်း(လိုင်းဇိုး) (၁၉:၀၀ မှ ၂၀:၀၀)**
ပြောင်းဖူးခြောက်ပြုတ်နည်း
**ချင်း(ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
တဝေးပြုလုပ်ခြင်း
**မွန် (၂၁:၀၀ မှ ၂၃:၀၀)**
စံကားပြိုဟောင်းနှင့်ဗယ်ခုံအင်းအလှ

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
၀၉:၂၀ ၂၀၂၂ခုနှစ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု၊ ဆုနင်းသဘင်အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**အမွေ**'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၁၀ ဒီမိုကရေစီဆိုသည်မှာ(အပိုင်း-၂)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
၁၁:၁၀ ရွှေသို့ချိမည်...ပန်းတိုင်ဆီ (အပိုင်း-၁၀)
၁၈:၀၀ Economic Review (အပိုင်း-၃၂) 'ငွေပိုလျှင်ဘာလုပ်သင့်လဲ'

**MRTV FARMERS' / HTV Channel**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၅ လယ်ယာစီးပွားရေးလုပ်ငန်းရှင်အဖြစ် ကြိုးစားဖို့ စိုက်ပျိုးရေးသိပ္ပံကျောင်းကို ရွေးချယ်စို့
၀၆:၃၅ စိုက်ပျိုးမွေးမြူသုတဘက်
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ Jingle Jangle: A Christmas Journey (နိုင်ငံခြားဇာတ်လမ်း)
၂၂:၀၀ ရှယ်လီကောသာ(ဇာတ်လမ်း)

**MRTV SPORTS / HTV Sports**

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၅၀ Sport Diary
၁၆:၃၀ MNL 2022 Match (Replay)
၁၈:၀၀ အားကစားသတင်း
၁၉:၄၀ Weekly Soccer Preview

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# ဧရာဝတီတိုင်းဒေသကြီးတွင် NLD အစိုးရလက်ထက် တောင်သူချေးငွေများ ဖိအားပေးတောင်းယူခံနေရဟု လူမှုကွန်ရက်စာမျက်နှာတို့တွင် သတင်းတု သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၂

"ဧရာဝတီတိုင်းဒေသကြီးတွင် NLD အစိုးရလက်ထက် ထုတ်ချေးထားသည့် စိုက်ပျိုးစရိတ်ချေးငွေ အကြွေးကျန်များကို ပြန်မဆပ်ပါက အရေးယူမည်ဆိုပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သတိပေးစာပို့ကာ ဖိအားပေးတောင်းယူနေသည်" ဟု ကောလာဟလ သတင်းတု သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် တောင်သူဦးကြီးများ စိုက်ပျိုးစရိတ် ကုန်ကျမှုများကို အထောက်အကူပြုနိုင်ရန် နှစ်စဉ် စိုက်ပျိုးစရိတ်ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးလျက်ရှိကြောင်း၊ ယင်းသို့ထုတ်ချေးရာတွင် ယခင်နှစ်ကြွေးကျန်ကျေပြီးမှသာ ချေးငွေအသစ်ထုတ်ချေးသည့်စနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပြီး ကြွေးကျန်များ ပြန်လည်ရရှိရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်/ မြို့နယ်ဘဏ်ခွဲများအနေဖြင့် ကြွေးကျန်ချေးငွေကောက်ခံရေးဆောင်ရွက်ရာတွင် စည်းရုံးကောက်ခံသည့် နည်းလမ်းဖြင့်သာ ဆောင်ရွက်လျက်ရှိပြီး ချေးငွေပေးဆပ်ရန်ပျက်ကွက်နေသည့် မည်သည့်တောင်သူတစ်ဦးတစ်ယောက်ကိုမျှ အမှုဖွင့်အရေးယူထားခြင်းမရှိကြောင်းနှင့် ချေးငွေညွှန်ကြားစာပါ စည်းကမ်းချက်များနှင့်အညီ ကြွေးကျန်များပေးဆပ်ပြီးသည့် တောင်သူများကို ချေးငွေသစ်များ စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးလျက်ရှိကြောင်း သိရှိရသည်။







သို့ဖြစ်ပါ၍ လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့နေသည့် သတင်းသည် ပြည်ဖျက်မီဒီယာများက တောင်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် သတင်းမှားများဖော်ပြခြင်းသာဖြစ်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် တောင်သူများအကြားတွင် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်း၊ ပြန်လည်ပေးဆပ်ခြင်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ကျိုင်းတုံမြို့နယ် လွယ်လုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှုစစ်ဆေး

ကျိုင်းတုံ ဒီဇင်ဘာ ၁၂

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယမန်နေ့နံနက်ပိုင်းက ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများမှ လွယ်လုံကျေးရွာ၌ကွင်းဆင်းစစ်ဆေးသည်။



### ကြည့်ရှုစစ်ဆေး

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေ၊ ကျိုင်းတုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်၊ မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ခမ်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့် အတူ လွယ်လုံကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ကွန်ကရစ်လမ်းအား ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ လွယ်လုံကျေးရွာ ကွန်ကရစ်လမ်းသည် အရှည်ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ ဒုခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၅၉ သိန်း စုစုပေါင်းရန်ပုံငွေကျပ် ၂၁ ဒသမ ၅၉ သိန်းကို အသုံးပြုကာ စက်တင်ဘာလ ဒုတိယပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး၍ အဆိုပါကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၅၂ အိမ် လူဦးရေ ၁၂၀ တို့ကို အကျိုးပြုနိုင်ခဲ့ကြောင်း သိရသည်။ ၂၂၂



## မဘိမ်းမြို့နယ်၌ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

မဘိမ်း ဒီဇင်ဘာ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ်၌ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် မြို့နယ်ပြည်သူ့ဆေးရုံ၌ ဒီဇင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက မဘိမ်းမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇာနည်မောင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသွေးလှူဒါန်းခြင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စင်ကာပူရောက် မြန်မာနိုင်ငံသားများအနေဖြင့် ဝင်ငွေခွန်ပေးဆောင်ပြီး ပြေစာပြမှသာ နိုင်ငံကူးလက်မှတ် သက်တမ်းတိုးမြှင့်ပေးမည်

ရန်ကုန် ဒီဇင်ဘာ ၁၂

စင်ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသားများအနေဖြင့် ဒီဇင်ဘာ ၁၂ ရက်ကစတင်ကာ ဝင်ငွေခွန်ပေးဆောင်ရမည်ဖြစ်ပြီး ဝင်ငွေခွန်ပေးဆောင်ပြီး ပြေစာအထောက်အထားများပြနိုင်မှသာ နိုင်ငံကူးလက်မှတ် သက်တမ်းတိုးမြှင့်ပေးမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သိရသည်။

ပြည်ပနေမြန်မာနိုင်ငံသားများ၏ ပြည်ပတွင်ရရှိသည့် လစာဝင်ငွေအပေါ် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ ဝင်ငွေခွန်များ ပေးဆောင်ရမည်ဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်၍ စင်ကာပူနိုင်ငံ၌ရောက်ရှိနေသော မြန်မာနိုင်ငံသားများအနေဖြင့် ဒီဇင်ဘာ ၁၂ ရက်မှစတင်၍ ဝင်ငွေခွန်များ ပေးဆောင်ရမည်ဖြစ်ကြောင်း သံရုံး၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ဒီဇင်ဘာ ၁၂ ရက်ကစတင်၍ ဝင်ငွေခွန်များ ပေးဆောင်ရမည်ဖြစ်ပြီး အောက်တိုဘာလမှ လာရောက်ဆောင်ရွက်သည့်ကာလအထိ ဝင်ငွေခွန်ပေးဆောင်ပြီးမှသာ မြန်မာသံရုံး စင်ကာပူမြို့တွင် နိုင်ငံကူးလက်မှတ် သက်တမ်းတိုးမြှင့်ခြင်းနှင့် ကောင်စစ်ဆိုင်ရာကိစ္စရပ်များဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အခွန်များကောက်ခံမည့် လစဉ်နှုန်းထားများအား နေထိုင်ခွင့်အမျိုးအစားများပေါ်မူတည်၍ သတ်မှတ်နှုန်းထားအပေါ် နှစ်ရာခိုင်နှုန်း အခွန်ပေးဆောင်ရမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

"အခွန်ဆောင်ပြေစာပြပြီးရင် သက်တမ်းတိုးရမှာပါ။ နိုင်ငံရဲ့အခွန်ဆိုတာ ကမ္ဘာ့နိုင်ငံတိုင်းဆောင်နေရတာပဲလေ"ဟု စင်ကာပူရောက်မြန်မာအလုပ်သမားတစ်ဦးကပြောသည်။ Student Pass ကိုင်ဆောင်ထားသူများသည် လက်ရှိကျောင်းတက်ရောက်နေသည့် ကျောင်းထောက်ခံစာများတင်ပြလျှင် ဝင်ငွေခွန်ပေးဆောင်ခြင်း ကင်းလွတ်ရရှိမည်ဖြစ်ကြောင်းလည်း သံရုံးက အသိပေးထားသည်။

**သစ်တော်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆက်လက်ဆောင်ရွက်



**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန် တိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ၏ မြန်မာ အီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာခြင်း အစီအစဉ်ကို ဒီဇင်ဘာ ၄ ရက်မှစ၍ ခရိုင်နယ်မြေများအလိုက် ဆက်လက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် ရပ်/ကျေး ခုနစ်ခုမှ ပြည်သူ ၄၅၇ ဦး၊ တာမွေမြို့နယ် ရပ်ကွက် ၁၀ ခုမှ ပြည်သူ ၅၁၀၊ ခရမ်းမြို့နယ် ရပ်/ကျေး ၃၁ ခုမှ ပြည်သူ ၄၁၅ ဦး၊ ဒဂုံမြို့နယ် ရပ်ကွက် ငါးခုမှ ပြည်သူ ၄၂၆ ဦး တက်ရောက်၍ လက်တွေ့စမ်းသပ်မဲပေးလေ့လာခဲ့ကြသည်။

သို့ပါ၍ ဒီဇင်ဘာ ၄ ရက်မှ ၁၂ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မြို့နယ် ၁၃ ခုတို့မှ စုစုပေါင်းမဲဆန္ဒရှင် ပြည်သူ ၁၁၃၀၄ ဦး တက်ရောက်၍ လက်တွေ့စမ်းသပ် မဲပေးလေ့လာခဲ့ပြီး ဖြစ်ကြောင်းနှင့် အဆိုပါအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး လေ့လာခြင်းအစီအစဉ်ကို ဒီဇင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်များတွင် မင်္ဂလာဒုံမြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ တွံတေးမြို့နယ်၊ လသာမြို့နယ်တို့တွင် တစ်ပြိုင်တည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကုန်ဈေးနှုန်းတည်ငြိမ်ရေး လုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ




**ကျိုင်းတုံ ဒီဇင်ဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကုန်ဈေးနှုန်း တည်ငြိမ်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီခွဲက ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ကျိုင်းတုံ)ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးရဲနိုင်က ရှမ်းပြည်နယ် (အရှေ့ပိုင်း)ဒေသအတွင်း ပြည်သူများ၏ စားရေးအတွက် အဓိကကျသော ဆန်၊ စားသုံးဆီနှင့် အခြေခံစားသောက်ကုန်ဈေးနှုန်းများ တည်ငြိမ်ရေးနှင့် အခြားသောကုန်ပစ္စည်းဈေးနှုန်းများ တည်ငြိမ်မှုရှိစေရေး လက်တွေ့ကျပြီး အမှန်တကယ်ထိရောက် အကျိုးရှိမည့် နည်းလမ်းများဖြင့် ထိန်းကျောင်းကြပ်မတ် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကုန်ဈေးနှုန်း တည်ငြိမ်မှုကို ပျက်ပြားစေမည့်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း အမှာစကားပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်း ကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များက ဒေသအတွင်း စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ ထုတ်ကုန်/ပို့ကုန် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ကုန်စည်အဝင်အထွက် မျှတမှုရှိစေရေး၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသအတွင်း စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း ဆိုင်ရာလုပ်ငန်းများ စသည့် ဒေသအတွင်း ကုန်ပစ္စည်းထုတ်လုပ်မှု တိုးတက်ရေးနှင့် ကုန်ဈေးနှုန်း တည်ငြိမ်မှုရှိစေရေးဆိုင်ရာ ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြရာ ဆွေးနွေးချက်များအပေါ် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# တီးတိန်မြို့၌ မွေးမြူရေးသင်တန်းဖွင့်လှစ်

**တီးတိန် ဒီဇင်ဘာ ၁၂**

ချင်းပြည်နယ် တီးတိန်မြို့၌ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မွေးမြူရေးသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီက တီးတိန်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စံကိုက်ညီကျောင်းဆောင်၌ ကျင်းပခဲ့သည်။

ဦးစွာ တီးတိန်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက အမှာစကားပြောကြားခဲ့ပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ခံက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါသင်တန်းတွင် မွေးမြူမည့်တိရစ္ဆာန်များ မျိုးရွေးချယ်ခြင်း၊ ခြံဆောက်လုပ်ခြင်း၊ အစာကျွေးမွေးခြင်း၊ ပြုစုစောင့်ရှောက်ခြင်း၊ ကာကွယ်ဆေးဆိုင်ရာ ဆောင်ရွက်မည့်နည်းလမ်းများကို ပို့ချသွားမည်ဖြစ်သည်။ မွေးမြူရေးသင်တန်းကို ရက်သတ္တနှစ်ပတ် သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးမိုး**



# ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများ ပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၁၂**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ MV Royal Venus ရေယာဉ်သည် ကာကွယ်ရေးဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ ပေးပို့သည့် အမိုးဒိုင်းသံချောင်း (Lip Channel) တန် ၁၀၀၊ သံချောင်းလုံး ၆၂၀ ဒသမ ၅၄ တန်၊ ၁၀ ပေခေါင်အုပ်သွပ် ချပ် ၁၇၇၀၀၊ ထရန်စဖော်မာ လေးလုံး၊ ဘီလပ်မြေဖျော်စက် လေးလုံး၊ အမိုးချိတ်ချောင်း ၁၅၀၀၀၀ နှင့် သစ်ခွဲသား ၁၆၄၀ ဒသမ ၀၉ တန် စုစုပေါင်းတန်ချိန် ၂၄၁၄ ဒသမ ၁၄ တင်ဆောင်၍ ယနေ့မွန်းလွဲ ၂ နာရီတွင် The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၁၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၆၅ | ၂၅၁၅ | ၂၅၁၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၃၅ | ၂၅၂၀ | ၂၅၀၀ | ၂၅၉၅ | ၂၆၁၀ | ၂၅၀၅ | ၂၅၁၅ | ၂၅၅၀ | ၂၅၅၀ | ၂၅၅၅ | ၂၇၈၅ | ၂၉၅၀ |
| 95 Ron | ၂၅၇၅ | ၂၆၂၅ | ၂၆၂၀ | ၂၅၈၅ | ၂၆၂၀ | ၂၆၄၅ | ၂၆၃၀ | ၂၆၀၅ | ၂၇၀၅ | ၂၇၂၀ | ၂၆၁၅ | ၂၆၃၀ | ၂၆၆၀ | ၂၆၆၀ | ၂၆၆၅ | ၂၈၉၀ | ၃၀၅၀ |
| HSD (500 ppm) | ၂၂၁၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၅၅ | ၂၂၆၀ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၀ | ၂၅၃၀ | ၃၂၉၀ |
| HSD (50 ppm) | ၂၂၇၀ | ၂၃၁၅ | ၂၃၁၅ | ၂၂၇၅ | ၂၃၁၅ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၄၂၀ | ၂၄၁၅ | ၂၃၁၀ | ၂၃၂၀ | ၂၃၅၅ | ၂၃၅၅ | ၂၃၅၅ | ၂၅၈၅ | ၃၃၅၀ |
| HSD (10 ppm) | ၂၂၇၀ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၀ | ၂၃၂၀ | ၂၃၄၀ | ၂၃၄၀ | ၂၃၀၅ | ၂၄၂၅ | ၂၄၂၀ | ၂၃၁၀ | ၂၃၂၅ | ၂၃၅၅ | ၂၃၅၅ | ၂၃၆၀ | ၂၅၉၀ | ၃၃၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၄၈ | ၂၄၂၈ |
| 95 Ron | ၂၄၅၄ | ၂၅၃၆ |
| HSD (500 ppm) | ၂၁၀၄ | ၂၁၇၆ |
| HSD (50 ppm) | ၂၁၅၇ | ၂၂၃၀ |
| HSD (10 ppm) | ၂၁၆၀ | ၂၂၃၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တန်ဆောင်မုန်းလ စာအလင်္ကာများ

မောင်လူမွှေး (မြန်မာမှု)

**မြန်မာ့ဆယ့်နှစ်လရာသီများအနက် တန်ဆောင်မုန်းလအကြောင်းအရာသည် အခြားလများထက် ပို၍များပါ၏။ ဘာသာရေးဆိုင်ရာ၊ ဆေးပညာဆိုင်ရာ၊ ဝေဒနက္ခတ်ဆိုင်ရာ၊ ရိုးရာဓလေ့ဆိုင်ရာ စသည်ဖြင့် ကျယ်ပြန့်မှုရှိပါ၏။ ထို့ကြောင့်ပင် လောကနီတိကျမ်းပြုပညာရှင် စတုရင်္ဂဗလအမတ်ကြီးက "ဆယ့်နှစ်လရာသီများတွင် တန်ဆောင်မုန်းလသည် အမြတ်ဆုံးဖြစ်သည်"ဟု ရည်ညွှန်းထားလေသည်။**

ထိုရည်ညွှန်းချက်သည် အကြောင်းမဲ့မဟုတ်ချေ။ စတုရင်္ဂဗလအမတ်ကြီးသည် ထိုကျမ်းကို ပြုစုသောအခါ သက္ကတ၊ ပါဠိ၊ စာဏကျနီတိ၊ မဟာရဟာနီတိ စသည့်ကျမ်းဂန်များမှ မှီငြမ်းကိုးကားပြီး ပြုစုခဲ့ကြောင်း စာပေသမိုင်းရှိခဲ့ပေသည်။ ယခုဆိုလျှင် နှစ်ပေါင်း ၆၅၀ ကျော်၊ ၇၀၀ နီးပါး ရှိလေပြီ။

စတုရင်္ဂဗလ စာပေပညာရှင်ကြီးနောက် မြန်မာစာပေပညာရှင်များသည် တန်ဆောင်မုန်းလနှင့် ဆက်စပ်လာပါက ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဝေဒနက္ခတ်ကျမ်းများကို တန်ဆောင်မုန်းလသည် အမြတ်ဆုံးဟူသောအဆိုကို ထောက်ခံဖွင့်ဆိုသကဲ့သို့ ရေးသားပြုစုခဲ့ကြသော စာပေအများပင် ရှိလေသည်။

မဟာမင်းလှ မင်းခေါင်ကျော် ဦးရွှန်း၏ ဥမ္မာဒန္တီပျို့ ပိုဒ်ရေ ၆-၈-၁၄-၁၆-၃၄-၃၉ တွင် တန်ဆောင်မုန်းလပြည့်နေ့ ကြတ္တိကာ ကျီးတာရာ-ဖျောက်ဆိပ်ကြယ်၊ ရောဟဏီနက္ခတ်တို့ကို အကြောင်းပြု၍ ရေးဖွဲ့ထားလေသည်။

ထို့အတူ သျှင်အဂ္ဂသမာဓိ၏ သုဝဏ္ဏသျှံ သစ္စာခန်းပျို့ ပိုဒ်ရေ ၁၄၊ မုံရွေး ဇေတဝန်ဆရာတော်၏ ကုသပျို့ ပိုဒ်ရေ ၃၀ တို့တွင်လည်း တန်ဆောင်မုန်းလ အာကာသ၊ နေ၊ လ၊ နက္ခတ်တာရာများကို ဇာတ်လမ်းအကြောင်းအရာအလိုက် ရေးဖွဲ့ထားသည်များကို တွေ့နိုင်လေသည်။

အထူးသဖြင့် တန်ဆောင်မုန်းလ ကြတ္တိကာနက္ခတ်မှစတင်၍ ဖျောက်ဆိပ်ပေါ်၊ ဖျောက်ဆိပ်မွှန်းတည့်၊ ဖျောက်ဆိပ်မြေလူးစသည့် ဆယ့်နှစ်လရာသီခါမီ အကြောင်းအရာများကို မန်လည်ဆရာတော်၏မဟာသုတကာရီမဃဒေဝလင်္ကာသစ်ပုတ္တောဝါဒခန်း (ပိုဒ်ရေ - ၂၈၀) တွင် ရေးဖွဲ့ထားရာ သဘာဝပတ်ဝန်းကျင် ပြက္ခဒိန်ကြီးကို တစ်ရွက်ချင်းတစ်ရွက်ချင်း လှန်ကြည့်နေရသကဲ့သို့ ရသခံစားရပါ၏။ ဤ၌ အကျယ်မဆိုသာ၍ မြန်မာစာ၊ မြန်မာမှု မြတ်နိုးသူတို့အတွက် အညွှန်းမျှသာ လှစ်ပြနိုင်ပါသည်။

ဖော်ပြပါ ပျို့လင်္ကာအရှည်ကြီးများတွင် အခန်းကဏ္ဍအလိုက် တန်ဆောင်မုန်းနှင့် ဆက်စပ်၍ ရှိသလို သီးခြားရေးဖွဲ့ကြသည်လည်း ရှိကြလေသည်။

တန်ဆောင်မုန်းလကို အကြောင်းပြု၍ သီးခြားရေးဖွဲ့ကြသော ရှေးစာဆိုများသည် - လွမ်းချင်း၊ လူးတား၊ သဖြန်၊ ခွန်းထောက်၊ ရတု စသည်ဖြင့် စာအလင်္ကာပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ရေးဖွဲ့ခဲ့ကြသည့်အနက် အချို့သောစာဆိုတို့က ရာသီစက် နက္ခတ်စန်းယှဉ်ပုဏ္ဏမီ၊ ရာသီပန်းစသည့် အချက်အလက်များ ထည့်သွင်းစပ်ဆိုကြလေသည်။ အချို့သောစာဆိုတို့က ထိုလအကြောင်းအရာကို သိသာရုံမျှသာ တို့ကာထိကာ ရေးဖွဲ့ကြသည်လည်း ရှိပေသည်။

အောက်ပါ စာအလင်္ကာမှာ ဗြိစ္ဆာရာသီ တန်ဆောင်မုန်းလဘွဲ့ကို ဖိုးသူတော်ဦးမင်းက ရေးဖွဲ့ထားသော "ခွန်းထောက်သဖြန်" ဖြစ်သည်။ သီချင်းကြီးအမျိုးအစားဝင် ပတ်ပျိုး ဘောလယ်ဆို၍ ပြီးဆုံးသောအခါမှ ဆက်၍ဆိုရသော စာအမျိုးအစားဖြစ်သည်ဟု သိရသည်။ ဇာတ်စကားများတွင် စကားညှပ်၍ ဆိုရသဖြင့် "စကားခွန်းထောက်" ဟုလည်းကောင်း၊ တောခရီးလမ်းတွင် စခန်းသွား တစ်ထောက်နားရာတွင် ဖွဲ့ဆို၍ "ခွန်းထောက်" ဟုလည်းကောင်း ခေါ်ကြလေသည်။ ရေးစပ်နည်းမှာ အပိုဒ်ကြီးလေးပိုဒ်အပြီး အဆုံးတွင် အက္ခရာလေးလုံး သို့မဟုတ် ငါးလုံးဖြင့် သံပြေချရလေသည်။

**ဗြိစ္ဆာရာသီ တန်ဆောင်မုန်းလဘွဲ့ "သဖြန်"**

၁။ လျှူကထိန်သင်္ကန်းနှင့် မင်္ဂလမ်းတဲ့ ဆုပန်ရွယ်။ သည်ချိန်ကို ဝတ်မှုန်ကြဲပါလို့ ခဝဲရွှေညွှာရင်းမှာကွယ် သင်းရနံ့ကြွယ်၊ ကောင်းကင်လယ် ထက်ဝယ်ဘုံဦး၊ ငွေလစန္ဒာနှင့် ကြတ္တိကာကြယ်ပြောင်ရွှန်းတယ်၊ အိုကွယ်… ထွန်းထိန်လို့မြူး။ ။

၂။ ငွေစန်းရယ်တဲ့ပုဏ္ဏမီ။ ။ ရွှေကျီးငယ်တာရာနှင့် ကြတ္တိကာ ယှဉ်ပြိုင်လျှမ်းတယ်ကွယ်.. ချမ်းစရာသီ။ လျှူကထိန်ခါတော်ပွဲငယ်နှင့် ခဝဲပွင့်ဝါစီစီ သာကြည်လဲ့မြူရှင်း၊ တန်ဆောင်မုန်းမှာတော့ မြတ်ဘုန်းဝါထိန်ထိန်နှင့် သဒ္ဓါရှိန်လျှူတော်ပွဲမှာလှ၊ ဘဂဝါတကြိမ်လ, အမြဲငယ်ကွယ်… သဲ့ခြိမ့်ခြိမ့်လင်း။ ။

ဤသဖြန်သည် တန်ဆောင်မုန်းလ ခါသမယကို သိသာရုံမျှ တို့ကာထိကာ ရေးဖွဲ့ထားသော စာအလင်္ကာဖြစ်ပါသည်။ နက်နဲသော ဝေါဟာရ ပေါ်ရာဇာများ မပါပေ။

**❋ တန်ဆောင်မုန်းလကို အကြောင်းပြု၍ သီးခြားရေးဖွဲ့ကြသော ရှေးစာဆိုများသည် - လွမ်းချင်း၊ လူးတား၊ သဖြန်၊ ခွန်းထောက်၊ ရတု စသည်ဖြင့် စာအလင်္ကာပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ရေးဖွဲ့ခဲ့ကြသည့်အနက် အချို့သောစာဆိုတို့က ရာသီစက် နက္ခတ်စန်းယှဉ်ပုဏ္ဏမီ၊ ရာသီပန်းစသည့် အချက်အလက်များ ထည့်သွင်းစပ်ဆိုကြလေသည်။ အချို့သောစာဆိုတို့က ထိုလအကြောင်းအရာကို သိသာရုံမျှသာ တို့ကာထိကာ ရေးဖွဲ့ကြသည်လည်းရှိ**

**❋ ဇာတ်စကားများတွင် စကားညှပ်၍ ဆိုရသဖြင့် "စကားခွန်းထောက်"ဟုလည်းကောင်း၊ တောခရီးလမ်းတွင် စခန်းသွား တစ်ထောက်နားရာတွင် ဖွဲ့ဆို၍ "ခွန်းထောက်" ဟုလည်းကောင်း ခေါ်ကြလေသည်။ ရေးစပ်နည်းမှာ အပိုဒ်ကြီးလေးပိုဒ်အပြီး အဆုံးတွင် အက္ခရာလေးလုံး သို့မဟုတ် ငါးလုံးဖြင့် သံပြေချရလေသည်။**

အောက်ပါ စာအလင်္ကာမှာ မဟာအတုလ မင်းကြီး၏ ဗြိစ္ဆာရာသီ (တန်ဆောင်မုန်းလ) လွမ်းချင်းဘွဲ့ ဖြစ်လေသည်။

လွမ်းချင်းစာအလင်္ကာမှာ တောတောင်ရေမြေ အာကာသတစ်ခွင် ပတ်ဝန်းကျင်ကို အလွမ်းဓာတ်ခံဖြင့် ရှုမြင်သုံးသပ်သော အရေးအဖွဲ့ဖြစ်သည်။ နှစ်ပိုဒ်ဖွဲ့ရိုးရှိသည်။ အချနှစ်ပိုဒ်လုံးတွင် "လေး" ဟု ဆုံးရလေသည်။

**ဗြိစ္ဆာရာသီဘွဲ့ "လွမ်းချင်း"**

မြောက်လေငယ်သွင်းပါလို့ မြူနှင်းငယ်စိုစို၊ မြင်တိုင်းငယ်ပြုံသည်၊ ရွှေကျီးညိုတာရာနှင့် ကြတ္တိကာထွန်းတဲ့လ, ကိုလေး။ ။

တန်ဆောင်ငယ်မာသ ဆယ့်နှစ်လတွင်၊ ချမ်းမြအေးယင် ဗြိစ္ဆာခွင်သို့ ရက်ငင်ပြောင်းခွာ၊ ခဝဲညွာလဲ ခိုင်လွှာဝတ်မှုန် ရနံ့သာထုံတော့တယ်၊ ဘုန်းဂုဏ်ကြော့သမ္ဘိန်မှာ လျှူကထိန်သဘင်ခင်းပါလို့… ကျင်းကြတယ်လေး။ ။

အောက်ပါစာအလင်္ကာမှာ ညောင်ရမ်းခေတ်ထင်ရှားခဲ့သော စာဆိုတော် ဆီသည်ရွာစား ဦးအောင်ကြီး၏ဆယ့်နှစ်လရာသီဘွဲ့ လူးတားများမှ တန်ဆောင်မုန်းလဘွဲ့ဖြစ်သည်။ လူးတားရေးစပ်နည်းမှာ အစပထမ သုံးလုံးချီ၍ အကြောင်းအရာများရေးပြီးလျှင် အဆုံး၌ ခုနစ်လုံးတစ်လှည့်၊ ဆယ့်တစ်လုံးတစ်လှည့် ရေးပြီး ချလေ့ရှိသည်။ ကဗျာသာရတ္ထ သင်္ဂြိုဟ်ကျမ်း၊ ကဗျာ့စွယ်စုံကျမ်းတို့က "ပလုတ" ပါဠိဘာသာမှ လူးတားအဖြစ် ရွေ့လျားဖြစ်ပေါ်လာသည်ဟု ဆိုပေသည်။ "ပလုတ" ဆိုသည်မှာ အသံရှည်ဆွဲခြင်းကို ဆိုလိုပေသည်။ အချို့ပညာရှင်များကလည်း ချောင်း၊ မြောင်း၊ ရေကြောင်းသွားလာသောအခါ ရေစီးသန်ဒေသများ၌ လှေကြိုးကို တစ်ဖက်ကမ်းတွင်ချည်ပြီး ဟိုဘက်ကမ်း ဒီဘက်ကမ်းဆွဲယူသည်ကို လူးတားပေါက်သည်ဟု ခေါ်သည်။ ဤတွင်လည်း အပိုဒ်တစ်ပိုဒ်၏ အဆုံးနှင့် အပိုဒ်တစ်ပိုဒ်၏အစကို ကာရန်တူ၊ အက္ခရာတူ ရှေ့နောက် ပြောင်းပြန် လူးတားပေါက်သကဲ့သို့ ရေးဖွဲ့၍ လူးတား ဝေါဟာရ ဖြစ်သည်ဟု ဆိုလိုပေသည်။ **(လင်းယုန်သစ်လွင်-မြန်မာ့လှေ ရှု)**

ပြင်စည်မင်းသားကြီး ရေးစပ်သည်ဟုဆိုသော လှေတော်ဖွဲ့ လူးတားတွင်မူ-အဆုံးချကို နောက်တစ်ပိုဒ်တွင် အစချီကာ အပိုဒ်လိုက်ရေးဖွဲ့ထားသည်ကို တွေ့ရပေသည်။ "ကျက်သရေ ဖြန့်မိုးကောင်းကြီးနိုး၊ ဖြန့်မိုးကျက်သရေ..၊ ဘုန်းနေကွန့်ဖြိုး အောင်ပွဲစိုး...ကွန့်ဖြိုးတက်နေ" ဟု ရေးသားထားရာ ဒုတိယအဆို ချောင်း၊ မြောင်းသွားလာ လှေဝေါဟာရ လူးတားပေါက်အဆိုက ပို၍ ယုတ္တိရှိသည်ဟု ဆိုရာ၏။ ဤအဆိုနှစ်မျိုးကို မစောကြောလိုပေ။ ဗဟုသုတအဖြစ်သာ ဖော်ပြခြင်းဖြစ်ပါ၏။

**တန်ဆောင်မုန်းလဘွဲ့ "လူးတား"**

သာစွလေ…၊ ရစ်ခွေပတ်လှည့်၊ မိုးလပြည့်နှင့်၊ တူယှဉ်ပြိုင်ကာ၊ ကြတ္တိကာတည့်၊ ဗြိစ္ဆာရာသီ၊ နာရီည၌တိုး၊ နတ်လည်းနိုး၍၊ သန်မိုးကုန်စဲ၊ နှင်းသေးဖွဲ့သည်၊ ခဝဲပွင့်တုန်း၊ တန်ဆောင်မုန်းကား၊ မချွန်းမိုးသား၊ တိုင်ထွတ်ဖျားတွင်၊ ငါးပါးကျိုးရှိ၊ မီးပွင့်ညှို၍၊ ပြည်ကြီးဖွယ်ရာ၊ သဒ္ဓါအားကြိုး၊ မသိုးသင်္ကန်း၊ လျှူရှင်လန်းသည်၊ ရဟန်းသံဃာ၊ အရိယာတို့၊ သစ္စာလေးစုံ၊ ရွှေစည်းခုံဝယ်၊ ကြည်ယုံလှကျင်၊ ပွဲပုံယင်လျက်၊ အောက်ထက်ကျော်ရှိန်၊ ပြည့်ဆုချိန်သည်၊ ကထိန်လှူသင်္ကန်းတည့်လေး။ ။ ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝ နန်းတည့်လေး။ ။

ဤလူးတား စာကဗျာ၌ "ဗြိစ္ဆာရာသီ၊ နာရီည၌တိုး၊ နတ်လည်းနိုး၍" အစရှိသည်များ ဆိုရာ၌ ရှေးက နေ့နာရီ ၃၀၊ ညနာရီ ၃၀၊ တစ်နေ့တာ နာရီ ၆၀ ကို တွက်ရသော "ပတ် သာ တန် ရှည် တီး သံ မြည် လက် ဆီ ကန် စာ ရေး၊ တစ်ဆယ်တိုးမည် ထမ်းပိုးရည်၊ ယင်းသည် အကြွင်းဆေး" ဆိုသော ရှေးမြန်မာနာရီတွက်ရိုး၊ နတ်အိပ် နတ်နိုး ဗိဿနိုးဆိုသော ဟိန္ဒူအယူဝါဒ စသည်ဖြင့် ကျယ်ပြန့်လာပါတော့သည်။

ဆောင်းပါးအစတွင် ဖော်ပြထားသကဲ့သို့ လတကာတွင် တန်ဆောင်မုန်းလသည် အမြတ်ဆုံးလဖြစ်သည်ဟု လောကနီတိဆရာ ဆိုသည်ကို ညွှန်ခဲ့ပါ၏။ မြတ်သည်ဟု ဆိုဆို၊ လေးနက်သည်ဟု ပြောပြော စာဆိုမယ်ခွေ၏ တန်ဆောင်မုန်းလ အဲချင်းကမူ ထိုဂုဏ်ရည်ကို ထူးခြားစွာဖော်ဆောင်နေပေသည်။ စာဆိုရှင်မယ်ခွေ၏ ဆယ့်နှစ်လ ရာသီဘွဲ့ အဲချင်းထဲမှ တန်ဆောင်မုန်းလဖွဲ့ကို ဖော်ပြပါမည်။

အဲချင်းဆိုသည်မှာ "အယျေ=အရှင်" ဆိုသော ပါဠိဘာသာမှ ရွေ့လျားလာကာ အဲချင်းဖြစ်လာပေသည်။ ထို့ကြောင့် "နေနတ်ကယ်မှရာဇာလေ…၊ ခမောက်ကယ်မှ စိန်တောင်လေ၊ မင်္ဂလာရယ်မှ မဏ္ဍိုင်ငယ်လေ…" စသည်ဖြင့် ခုနစ်လုံးဖြစ်စေ၊ ခြောက်လုံးဖြစ်စေ စ၍ လေးချိုးများကဲ့သို့ စပ်ဆိုရေးသားရသော စာအလင်္ကာအမျိုးအစား ဖြစ်ပေသည်။

ဤအဲချင်းကိုရေးဖွဲ့ခဲ့သော စာဆိုရှင် မယ်ခွေမှာ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်မှသည် ကုန်းဘောင်မင်းလက်ထက်အထိ နန်းတွင်း၌ ခစားရသော အမျိုးသမီးစာဆိုဖြစ်သည်။ မြန်မာ-အင်္ဂလိပ်အဘိဓာန်ကျမ်းပြု ဆရာယုဒသန်နှင့် တစ်ခုနှစ်တည်းမွေး၍ ကွယ်လွန်သောအခါလည်း နှစ်ပိုင်းများသာကွာလေသည်။ (၁၁၅၀-၁၂၁၀ ခန့်)။

စာဆိုမယ်ခွေ၏ တန်ဆောင်မုန်းလ အဲချင်းကို နားလည်ဖို့ရာ ရာသီစက်၊ ဝေဒနက္ခတ်တာရာဆိုင်ရာများ၊ နာရီခြောက်ဆယ်နည်းနာများ၊ ဥတုဘောဇနကျမ်း၊ တိတ်စွဲတိုင်းဒေသ စသည်များကို ပြိုးပြွမ်းသိပါမှ ရသခံစားနိုင်ပါလိမ့်မည် ဖြစ်ပါသည်။ ရှေးအခါက ထိုစာပေမျိုးကို ရှေးမြန်မာများသည် ယေဘုယျအားဖြင့် သိရှိနားလည် အကျွမ်းတဝင်ရှိကြကြောင်း သိရာ၏။

စာဆိုမယ်ခွေ၏ လတန်ဆောင်အလှ သဘာဝပြက္ခဒိန်ကို ဖတ်ရှုခံစားကြဲဆနိုင်ပါစေဟု ဆန္ဒပြု ဖော်ပြအပ်ပါသည်။

**တန်ဆောင်မုန်းလဖွဲ့ "အဲချင်း"**

တိမ်ခိုးမှဖျော်ဖျော်လေ။ ။ ဖလ်နန်းစကြာ၊ ဝိသာခါနှင့်၊ ယှဉ်လာပြိုင်ထွန်း၊ လပြည့်ဝန်းလည်း၊ လေးကျွန်းလည်လှည့်၊ ရွှေဘုန်းတော်ပြည့်လှသည်၊ ကြည့်တိုင်းတော်ပါလို့လေ။ ။

စက်ဖော်ငယ်မှာကွာဝေး၊ အခေါက်တစ်ရာ၊ ကတ္တီပါနှင့်၊ ရတနာကျောက်စီ၊ မည်သရီကို၊ လီလီထပ်ပုံ၊ တစ်ပိုင်းငယ်ခြုံ မလုံသေးလို့၊ အေးလှသနော်၊ လမြတ်ကယ်ဗြိစ္ဆာ။ ဤအခါကို တံငါငါးမင်၊ ပိုက်ကြီးရှင်တို့၊ ဒေါင်ဒင်သံညောင်း၊ လှေငယ်လောင်းနှင့်၊ မြစ်ကြောင်းမှာ ဆော်သည်၊ နတ်ကျော်အောင်စည်တီးလို့၊ မကြီးငယ်ညှိုး။ ။

ကြောက်စိုးမှလန့်ဖွယ်၊ ခဝဲရစ်ခွေ၊ ပြည်ပန်းရွှေနှင့်၊ တောင်ခြေတောင်ယံ၊ ပင်နန်းပျံမှာ၊ လူဟန်နွဲ့ညိတ်၊ ကရဝိက်လည်း၊ ချစ်ရိပ်သွယ်လို့၊ ငယ်သံတွတ်တီး၊ ဆီမီးကထိန်၊ မြောက်လေက ကြိမ်သနှင့်၊ တိမ်အဆာကျယ်၊ နှာမောင်းသွယ်လို့၊ ရွှေနှယ်လိုချီသည်၊ ကျီးအာနီမျက်နှာလှလို့၊ ညေပြည်အေး။ ။

နာရီအန္တ၊ ဂဏန်းဆနှင့်၊ ချမ်းစပြုတုန်း၊ တန်ဆောင်မုန်းကို၊ ပတ်ကုံးဝန်းကျင်၊ ဇမ္ဗူပြင်မှာ၊ ကြင်သူမရှိ၊ အသာမိတို့၊ ကယိကန္ဒမ်း၊ မယ့်နှင့်လွမ်းလို့၊ စက်ခန်းဘုံခွင်၊ ငိုလျက်သာဝင်လိမ့်မယ်၊ နှင်းရွှင်ရွှင် ပေါမန်မိုးက၊ ဆော်နှိုးကြွေး။ ။

# ဝတ္တရားကျေပွန်ခြင်း

ပီမိုးနှင်း

(၂၉-၁၁-၂၀၁၃ ရက်နေ့မှအဆက်)

အများနှင့်ရောပါကာ လှုပ်ရှား၍နေကြသည့်အခါ ၎င်းတို့မှာ လူတို့၏ဓမ္မတာ စိတ်မျိုးမရှိ။ အိပ်ပျော်ရာမှ အိပ်မက်၌ထ၍လျှောက်ကာ သွားလာလုပ်ကိုင်လျက်နေသူများလို ဖြစ်ကြလေသည်။

ထိုကဲ့သို့သောအခါများ၌ အလွန်သိမ်မွေ့နူးညံ့ကြောက်ရွံ့တတ်သောသူများပင် သတ်ရပုတ်ရမှာကို ကြောက်ရမှန်းမသိ၊ အများလုပ်ရာကို ယောင်ယမ်းကာ လိုက်၍လုပ်ကြသောကြောင့် ယောင်ယမ်း၍နေသူများနှင့် တူရုံမက အဟုတ်တကယ်ယောင်ယမ်း၍ နေကြ၏။ ၎င်းတို့မှာ စဉ်းစားတတ်သောစိတ် ငုပ်ကွယ်ပျောက်ပျက်၍ နေတတ်ကြ၏။ အိပ်ပျော်ယောင်ယမ်းသောစိတ်သာ ၎င်းတို့ကိုဆောင်၍ နေတတ်ကြလေသည်။

ထိုကဲ့သို့သူတို့အနက် များစွာတို့မှာ အမြဲလိုလိုအိပ်ပျော်၍နေကြလေသည်။ သို့ဖြစ်လေရာ စိတ်အားသတ္တိနှင့် ဆန္ဒတန်ခိုးကို ငယ်စဉ်ကပင် ကြီးမားသန်စွမ်းအောင် လေ့ကျင့်အပ်ကြလေသည်။

၎င်းဆန္ဒစိတ်၏တန်ခိုးသတ္တိမရှိက လွတ်လပ်ခြင်းလည်းမရှိ ကိုယ်ပိုင်သဘောအလိုနှင့် တစ်စုံတစ်ရာကိုမျှလည်း မလုပ်နိုင်၊ စွဲမြဲသန်ခြင်းလည်းမရှိ၊ လူ့ကျင့်ဝတ် လူ့ဝတ္တရားဆိုသည်မှာ အဘယ်သို့သောအရာနည်းဟူ၍ သိကြမည်မဟုတ်ပေ။

ထိုကဲ့သို့သောသူများမှာ မကောင်းသောသူများ၊ မကောင်းသောခေါင်းဆောင်များ၏လက်ထဲတွင် ပြုချင်သလိုပြုလုပ်သည်ကို အမြဲခံ၍သာ နေကြဖို့ရှိလေသည်။

လူ့ကျင့်ဝတ်ကို ကျေပွန်စွာဆောင်ရွက်နိုင်ရန်အတွက် စိတ်၏ဆန္ဒအားအစွမ်းသတ္တိကိုတိုးတက်အောင် ငယ်စဉ်ကပင်လေ့ကျင့်ရာ၏။

ထိုဆန္ဒစိတ်အားကို အသုံးဝင်အောင် ငယ်စဉ်က လေ့ကျင့်ခြင်း မပြုကြရပါက နောင်သောအခါ၌ စိတ်နောက်ကိုယ်ပါ ပရမ်းပတာဖြစ်ဖို့သာ ရှိလေသည်။

ထိုလေ့ကျင့်နည်းသည်ကား အရာရာ၌ စည်းစနစ်ရှိခြင်း၊ စိတ်ကိုချုပ်တည်းခြင်း၊ စိတ်အလိုကို မလိုက်ခြင်း၊ ကျိုးနွံခြင်း၊ အမိန့်ကိုနာခံခြင်း၊ ရိုးသားဖြောင့်မှန်ခြင်း စသည့်ကောင်းမြတ်သောအကျင့်များ၌ အလေ့အကျင့်ကို ရရှိစေခြင်းပင်ဖြစ်လေသည်။

ပညာအလိမ္မာရှိခြင်းသည် ဉာဏ်၏အရာမဟုတ်၊ စိတ်နှလုံး၌ သက်ဆိုင်လေသည်။ စိတ်နှလုံးကောင်းမြတ်၍ လူ၏တာဝန်ဝတ္တရားကျေပွန်သောသူသည် ပညာရှိလူလိမ္မာဖြစ်၏။ စိတ်နေသဘောထားဆိုးယုတ်၍ လူ၏ကျင့်ဝတ်တရား ပျက်ကွက်သူတို့သည် ဆိုးမိုက်သူများဖြစ်ကြလေသည်။

လူမှန်က အရှုးအနှမ်းမဟုတ်လျှင် အကောင်းနှင့်အဆိုး အယုတ်နှင့်အမြတ်ကို ဝေဖန်သိတတ်လေသည်။

စာတတ်တိုင်း ပညာရှိမဖြစ်၊ ကိုယ်ကျင့်တရားကောင်းမှ လူလိမ္မာ၊ လူပညာရှိဖြစ်၏။ သို့ဖြစ်သောကြောင့် မြန်မာဘာသာစကားအရ လူဆိုးကို လူမိုက်ဟုခေါ်ခြင်းဖြစ်လေသည်။

ပညာတတ်ခြင်းနှင့် စိတ်နှလုံးယဉ်ကျေးခြင်း၊ စိတ်ချမ်းသာခြင်းသည် တစ်စုံတစ်ရာသက်ဆိုင်ခြင်း မရှိပေ။ ပညာတတ်ခြင်းကြောင့် တက်ကြွထောင်လွှား၊ လူမှား၊ လူမိုက်ကြီးများ ဖြစ်နိုင်ကြလေသည်။ ပညာနှင့် ကြွားခြင်းထက် ပညာမတတ်ခြင်းက ပို၍မြတ်၏။

**“စာတတ်တိုင်း ပညာရှိမဖြစ်၊ ကိုယ်ကျင့်တရားကောင်းမှ လူလိမ္မာ၊ လူပညာရှိဖြစ်၏။ သို့ဖြစ်သောကြောင့် မြန်မာဘာသာစကားအရ လူဆိုးကို လူမိုက်ဟုခေါ်ခြင်းဖြစ်လေသည်။**

**ပညာတတ်ခြင်းနှင့် စိတ်နှလုံးယဉ်ကျေးခြင်း၊ စိတ်ချမ်းသာခြင်းသည် တစ်စုံတစ်ရာသက်ဆိုင်ခြင်း မရှိပေ။ ပညာတတ်ခြင်းကြောင့် တက်ကြွထောင်လွှား၊ လူမှား၊ လူမိုက်ကြီးများ ဖြစ်နိုင်ကြလေသည်။ ပညာနှင့် ကြွားခြင်းထက် ပညာမတတ်ခြင်းက ပို၍မြတ်၏”**

ကမ္ဘာပေါ်၌ အကြီးအကျယ်တို့ကို ဖြစ်မြောက်အောင်လုပ်ကိုင်ခဲ့သူများ လူသတ္တဝါတို့၏အကျိုးစီးပွားကို ထိထိရောက်ရောက် ဆောင်ရွက်ခြင်းဖြင့် လူ့ဝတ္တရားကို အကြီးအကျယ်ကျေပွန်အောင် ဆောင်ရွက်ခဲ့သူတို့သည် စာတတ်ပေတတ်ပုဂ္ဂိုလ်များ မဟုတ်ကြပေ။ စာတတ်ပုဂ္ဂိုလ်များသည် လူသတ္တဝါတို့ကို ကြီးကြီးကျယ်ကျယ် ဖြစ်မြောက်အောင် အားပေးသောစာများကို ရေးတတ်ကြ၏။ မိမိတို့ကိုယ်တိုင်ကား ကိုယ်ကျင့်တရားအရာ၌ ကြီးကျယ်သူများ မဟုတ်ကြပေ။

ကျောင်းပညာနှင့် ကိုယ်ကျင့်တရားသည် များစွာဆက်သွယ်ခြင်းမရှိ။ ကိုယ်ကျင့်တရား၏ အခြေပြုရာဌာနသည် ကျောင်းမဟုတ် အိမ်ဖြစ်၏။ အိမ်များမကောင်းမှသာ ကျောင်းကို အနည်းငယ်အားကိုးပြုရလေသည်။

အိမ်၌ မိဘစကားနားထောင်ခြင်း၊ စည်းစနစ်ကျခြင်း၏ လေ့ကျင့်ခန်းကို ရကြ၏။ မိဘကောင်းမရှိမှသာ ထိုအကျင့်များအတွက် ကျောင်းကို အားကိုးပြုရလေသည်။

အိမ်သူအိမ်သားတို့ကို လိမ္မာအောင်သင်ပြခြင်းသည် လူကြီးမိဘ၏ တာဝန်ဝတ္တရားဖြစ်လေသည်။

ကျောင်း၌ သင်ကြားရသောလောကီပညာများသည် အမိန့်ကိုနာခံခြင်း၊ ရိုသေကိုင်းညွတ်ခြင်းအတွက်သာ ဖြစ်၏။ ကိုယ်ကျင့်တရားကောင်းမြတ်ခြင်းမှာကား မိမိယုံကြည်ကိုးကွယ်သော ဘာသာကျမ်းစာများနှင့် သက်ဆိုင်လေသည်။

တရားကို သိသူတို့မှာ လောက၏ ဆင်းရဲဒုက္ခတည်းဟူသော လှိုင်းတံပိုးတို့၏ ရိုက်ခတ်ခြင်းကို ခံနိုင်ရည်ရှိ၏။ ကိုယ်ကျိုးစီးပွားကို မငဲ့ဘဲ အများ၏အကျိုးကို ဆောင်နိုင်သော စိတ်၏ကြံ့ခိုင်မြင့်မြတ်ခြင်းကို ရရှိကြလေသည်။

ငယ်ရွယ်သူသားသမီးတို့အား လူ၏ကျင့်ဝတ်ကို မိဘများသည် ကိုယ်တိုင်အကျင့်ဖြင့် သင်ကြားရာ၏။ ကိုယ်တိုင်မကျင့်ဘဲ နှုတ်ဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း သွန်သင်ဆုံးမချေက အကျိုးမရှိပေ။ ။

(ထူးချွန်ရေးမှ)

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

## အကောင်းဆုံးလုပ်ဆောင်ပါ

“ဘယ်နေရာပဲရောက်နေနေ ကိုယ့်မှာရှိတဲ့စွမ်းအားနဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် စွမ်းဆောင်နိုင်သလောက် အကောင်းဆုံးလုပ်ပါ”

**သီအိုဒိုရူးစဗဲ့လ်(၁၈၅၈-၁၉၁၉)**

**(၂၆) ဦးမြောက်အမေရိကန်သမ္မတ**

အောင်မြင်ကြီးပွားချမ်းသာရေးအတွက် လူသားတိုင်းက ဘဝတစ်လျှောက်တွင် နေ့စဉ်နှင့်အမျှ ကြိုးစားလျက်ရှိသည်။ ထိုသို့ကြိုးစားကြရာတွင် အရေးကြီးသောအဓိကအချက်များစွာတို့မှ အရွယ်မရွေးသော လူသားတိုင်း သတိမထားမိသေးသည့် အချက်တစ်ချက်ရှိနေပေသည်။

ယင်းမှာ စွမ်းဆောင်နိုင်သလောက် အကောင်းဆုံးလုပ်ဆောင်မှုပြုခြင်းပင်။

စွမ်းဆောင်နိုင်သလောက်ဟုဆိုရာတွင် ကိုယ့်မှာရှိသည့်စွမ်းအားနှင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ကြိုးစားရန်းကန်လုပ်ဆောင်နိုင်ရေးသည်သာ အရေးကြီးကြောင်းကိုဆိုလိုရင်းဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် ကောင်းရာကောင်းကြောင်းများကို လုပ်ဆောင်ရာပင်ဖြစ်သည်။ ကောင်းမှုများအတွက် မကောင်းမှုကိုရှောင်ပယ်ရမည်လည်းဖြစ်သည်။ သို့မှသာ အောင်မြင်မှုရရှိပြီး ကြီးပွားချမ်းသာမှုများ ရရှိလာမည်ဖြစ်သည်။

“စိတ်ကောင်း၊ နှုတ်ကောင်း၊ အလုပ်ကောင်းလျှင် အများချစ်၍ချမ်းသာသည်။”

ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ တန်ဖိုးရှိလှပြီး တန်ဖိုးမဖြတ်နိုင်သော မိန့်ကြားမှုများစွာတို့မှ တစ်ခုပင်ဖြစ်သည်။ ထို့ကြောင့် ဘဝတွင် အောင်မြင်ကြီးပွားချမ်းသာကြသော လူတိုင်းလူတိုင်းသည် စိတ်ကောင်း၊ စေတနာကောင်းထားနိုင်သူများသာဖြစ်သဖြင့် စိတ်ကောင်း၊ စေတနာကောင်းများထားပြီး အကောင်းဆုံးကြိုးစားလုပ်ဆောင်နိုင်ကြရန် တိုက်တွန်းလိုက်ပါသည်။

ထို့ကြောင့် စိတ်ကောင်းထားလျှင် မိတ်ကောင်းများမည်ဖြစ်ပြီး စေတနာကောင်းလျှင် ကံကောင်းသည်ပင်။




ကောင်းမှုအစုစုသည် ကုသိုလ်အရေးလည်းပါဝင်ပြီး ကောင်းမွန်သောလူမှုပတ်ဝန်းကျင်၊ ကောင်းမွန်သောမိတ်ဆွေ၊ ကောင်းမွန်သောအသိုင်းအဝိုင်း၊ ကောင်းမွန်သောအလုပ်တို့ ပါဝင်သည်။

“ညီတော်အာနန္ဒာ ... ဆရာသမားကောင်း၊ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းဖော်ယှဉ်တွဲ အမှီသဟဲပြုခြင်းသည် မိမိကြံစည်အောင်မြင်လိုသောလုပ်ငန်းစဉ်၏ ၁၀၀ ရာခိုင်နှုန်းဖြစ်သောခရီးအဆုံးသို့ ရောက်ရှိပြီးစီးခြင်းနှင့် အလားသဏ္ဌာန်တူပေသည်။ ကောင်းသောဆရာ၊ ကောင်းသောအပေါင်းအဖော်ဟူသည် အောင်မြင်မှုအတွက် ရာခိုင်နှုန်းပြည့် ၁၀၀ ရာခိုင်နှုန်းအထောက်အပံ့ဖြစ်စေသောစွမ်းအားရှိကြပေသည်ဟုမှတ်ယူလော့”ဟု ဂေါတမမြတ်စွာဘုရားကိုယ်တော်က ညီတော်အာနန္ဒာအား မိန့်ကြားလမ်းညွှန်ခဲ့သောဓမ္မစကားပင်ဖြစ်သည်။

ယင်းသို့ဖြစ်သောကြောင့် ဆရာသမားကောင်း၊ မိတ်ဆွေအပေါင်းအဖော်ကောင်းများ၏ တန်ဖိုးကားကြီးမားလှပေသည်။ အောင်မြင်ပျော်ရွှင်ပြီး ကြီးပွားချမ်းသာသောလူ့ဘောင်ဘဝကို ရရှိတည်ဆောက်နိုင်ရန် ဆရာသမားကောင်း၊ မိတ်ဆွေအပေါင်းအဖော်ကောင်းများရှိရန် မြတ်စွာဘုရားက သတိပေးလမ်းညွှန်မိန့်ကြားထားခြင်းပင်။ အဆိုပါအချက်သည် အောင်မြင်ကြီးပွားချမ်းသာရေးအတွက် အဓိကသော့ချက်ဖြစ်သည်။

စိတ်ကောင်းထားသောသူသည် မိတ်ကောင်းများမည်မှာ သေချာသည်။ မိတ်ကောင်းဆွေကောင်းများ ခြံရံနေလျှင် လုပ်ဆောင်မှုမှန်သမျှများစွာအောင်မြင်မည်မှာအသေအချာပင်။

“မကောင်းမှုများ၊ ရှောင်ပယ်ခွာ၊ကောင်းမှုအပေါင်း စုဆောင်းကြပါ။ မိမိစိတ်ရင်း၊ သန့်ရှင်းစေရာ၊ ဤသုံးပါး ဘုရားသာသနာ။”

ဓမ္မပဒ၊ ဩဝါဒပါတိမောက်တွင် မြတ်စွာဘုရားက မိန့်မှာဟောကြားတော်မူထားပြီးဖြစ်သဖြင့် မကောင်းမှုမှန်သမျှကို ရှောင်ဖယ်ကာ ကောင်းမှုမှန်သမျှကို စုဆောင်းနိုင်ကြရန် မိမိ၏စိတ်ကို ဦးဆောင်ဦးရွက်ပြုနိုင်ရန် ကြိုးစားရပေမည်။ သို့မှသာ ဘဝတွင် အောင်မြင်မှု၊ ကြီးပွားချမ်းသာမှုဟူသည့် ပျော်ရွှင်ချမ်းမြေ့မှုအစစ်အမှန်ကို လက်ဝယ်ပိုင်ပိုင်ရရှိနိုင်မည်ဖြစ်သည်။

“စိတ်နှင့်စပ်ဆိုင်သမျှ သဘောတရားတို့သည် စိတ်သာရှေ့သွားခေါင်းဆောင်ဖြစ်ပေသည်။ စိတ်သာအကြီးအမှူးဖြစ်ကုန်၏။ စိတ်အတိုင်းဖြစ်ကုန်၏။ ကောင်းသောစိတ်ဖြင့် ပြောဆိုပြုလုပ် ကြံစည်သူ၏နောက်သို့ အရိပ်သည်အစဉ်လိုက်သကဲ့သို့ ချမ်းသာသုခအစဉ်လိုက်လေသည်”ဟု ဓမ္မပဒ၊ ယမကဝဂ်၊ စာပိုဒ်-၂ တွင် ဖော်ပြထားသည်။

ထို့ကြောင့် အောင်မြင်ကြီးပွားချမ်းသာလိုကြသော ယနေ့မျိုးဆက်သစ်လူငယ်လူရွယ်များနှင့် လူသားတိုင်းသည် စိတ်စေတနာကောင်းများဖြင့် စိတ်ကို ထိန်းကျောင်းဦးဆောင်နိုင်ပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက်၊ စွမ်းဆောင်နိုင်သလောက် အကောင်းဆုံးကြိုးစားလုပ်ဆောင်ခြင်းဖြင့် အောင်မြင်ကြီးပွားချမ်းသာရေးပန်းတိုင်သို့ မလွဲမသွေ ရောက်ရှိမည်ဖြစ်ပေတော့သည်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၁-၁၂-၂၀၁၃ ရက်မှအဆက်

ခင်သန်းငွေသည် ထပ်၍ ဆင်ခြေကန်မနေတော့ပေ။ အသာ ငြိမ်နေလိုက်သည်။

မှန်ပေသည်။ ကိုအေးဆွေတို့၏ စုပေါင်းထန်းလုပ်ငန်းအဖွဲ့မှ ဘုံထန်းတောအဖြစ် ပြုလုပ်ထားသော ထန်းတောများအတွက် ထန်းပိုင်ရှင်တို့ကို ထန်းစု မပေးတော့ဘူးဆိုသည့် သတင်းမှာ ခင်သန်းငွေအဖို့ အဆန်းမဟုတ်တော့ပေ။ ၎င်းတို့ စုပေါင်းထန်းလုပ်ငန်းအဖွဲ့၊ ၄ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကြီးတွင် မကြေညာမီကပင် ကိုအေးဆွေက ခင်သန်းငွေအား ပထမဆုံးပြောပြကာ ဆွေးနွေးခဲ့ဖူးသည်။

“ကဲ ဒါတွေထားပါလေ။ သမီးကို မေမေပြောချင်တာက မိန်းကလေးဆိုတာ၊ အထူးသဖြင့် အပျိုအရွယ်လေးဆိုတာ ဘေးက လူပြောလူဆိုလွတ်အောင် အမြဲတမ်း ကိုယ့်ဟာကိုယ် ထိန်းထိန်းသိမ်းသိမ်းနဲ့ နေတတ်ရတယ်။ ဒါမှ တန်ခါကျမယ်”

စောစောက စိတ်ဆိုးဟန်ဖြင့် ပြောနေသော ဒေါ်လှတင်သည် ယခုတော့မူ စိတ်ဆိုးပြေသွားဘိအလား ချက်ချင်းလိုပင် လေသံတစ်မျိုးပြောင်းလာပြီး ချော့မော့သည့်အသံဖြင့် ဆိုလာပြန်သည်။

“ကိုယ်က ဘယ်လိုပဲ ရိုးရိုးသားသားနဲ့ ဆက်ဆံနေပေမဲ့ ဘေးက အထင်တစ်မျိုးနဲ့ မြင်တတ်တယ်။ အေး ဒီတော့ သမီးကို မိခင်တစ်ယောက်အနေနဲ့ အထူးသတိပေးချင်တာက ကိုယ်နဲ့ အဆင့်အတန်းချင်းမတူတဲ့သူတွေကို ရင်းရင်းနှီးနှီး မနေစေချင်ဘူး။ အေးလေ သမီးလည်း ပညာတွေ ဒီလောက်သင်ထားပြီး စဉ်းစားကြည့်ပေါ့”

ခင်သန်းငွေသည် ဒေါ်လှတင် ဆိုဆုံးမသမျှကို ငြိမ်၍ နားထောင်နေရသော်လည်း မိခင်လုပ်သူ၏ ခေတ်နောက်ပြန်ဆွဲသော အယူအဆဟောင်းကိုမူ ဘယ်လိုနည်းမျှ လက်မခံနိုင်ပေ။ သို့တစေ လက်ခံသည် လက်မခံသည် အပထား၊ မိခင်လုပ်သူ ပြောသခိုက်တွင် ကောင်းမွန်စွာ နားထောင်နေခြင်းသည် သားသမီးကောင်းတို့၏ ဝတ္တရားပင် မဟုတ်ပါလော။

တကယ်တော့ ခင်သန်းငွေသည် ကျောင်းတွင် ဆရာမကြီးလုပ်ကာ ကလေးသူငယ်များကို ဆိုဆုံးမနေရသော်လည်း မိခင်၏ရှေ့တွင်မူ ယခု မိမိကိုယ်တိုင် ကျောင်းသားကလေးသူငယ်လေးသဖွယ် ဖြစ်နေရချေပြီတကား။

အတန်ကြာမှ ဒေါ်လှတင်သည် သူ့စကားကို ဆက်ကောက်ပြန်သည်။

“အေး၊ ဒါနဲ့ သမီးကို ပြောမယ်ပြောမယ်နဲ့ စကားမစပ်လို့ မပြောဖြစ်ဘူး။ ခုတော့ဖြင့် လက်စနဲ့မို့ တစ်ခါတည်း ပြောရဦးမယ်”

ဒေါ်လှတင်၏ အမူအရာများမှာ သိမ်မွေ့နူးညံ့လာသလို ပြောဆိုနေသည့်အသံကလည်း ချော့ချော့မော့မော့ ရှိလှသည်။

ထို့ကြောင့်လည်း ခင်သန်းငွေသည် ပြောင်းလဲလာသော မိခင်လုပ်သူ၏ အမူအရာများကြောင့် မိမိကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုကိုတော့ ပြောတော့မည်ဟု ရိပ်စားလာမိသည်။ ဦးဝင်းအောင်နှင့် ပတ်သက်သောကိစ္စများ မဟုတ်ပါစေနှင့်ဟုလည်း တစ်ဆက်တည်း ဆုတောင်းမိသည်။

“အရင်တလောကတိုင် မင်းကတော်စိန်စိန်က မေမေ့ကို လာပြောနေတယ်။ ဒီနေ့လည်း တစ်ခါ လာပြောသေးတယ်။ သမီးကို မောင်ဝင်းအောင်က လက်ထပ်ချင်လို့တဲ့”

“အလို မြတ်စွာဘုရား” ဟု ခင်သန်းငွေက သူ့စိတ်ထဲတွင် အထိတ်တလန့် တလိုက်မိသည်။ ခေါင်းနားပန်းကြီး၍ တစ်ကိုယ်လုံးလည်း အတော်တုန်လှုပ်သွားသည်။ ဘုံထန်းတောသို့ မိမိဝင်နေသည်ကို ကြိုတင်သိပြီး ဆူပူမာန်မဲနေသော မိခင်လုပ်သူ၏ ပြစ်တင်ချက်များမှာ ယခုတော့ ရှင်းသွားပေပြီ။

အမှန်မှာ သည်ပြဿနာသည် တစ်နေ့တွင် မိမိထံသို့ မြားဦးလှည့်လာလိမ့်ဦးမည်ဟု မဆွကတိုင် ထင်မိခဲ့၏။ ထင်သည့်အတိုင်း ယခုတော့လာချေပြီ။ မိမိဆုတောင်းခြင်းမှာ ယခုတော့ မပြည့်ရှာတော့ပေ။

တကယ်တော့လည်း ဦးဝင်းအောင်သည် မိမိအားသူ ကိုယ်တိုင်ကိုယ်ကျ လက်ထပ်ခွင့်တောင်းဆို၍ မရလာသောအခါ မေမေနှင့် ဖေဖေတို့အား အတတ်နိုင်ဆုံးနည်းဖြင့် စည်းရုံးပြီးလျှင် သူ့ဘက်သားလူဖြစ်အောင် ကြိုးစားလာသည်။ ထိုနောက်တော့ နိုင်ပေါက်ကိုကိုင်ကာ တိုက်ကွက်ဆင်လာပြန်ချေပြီတကား။

“ဘယ်လိုလဲ သမီး”

သမီး၏ အကဲကိုခတ်နေသော ဒေါ်လှတင်က ငိုင်ကာတွေနေသော ခင်သန်းငွေအား ကြည့်၍ မေးလိုက်သည်။

“ဒါကိုတော့ ငွေ သဘောမတူဘူး မေမေ”

“ဘာပြုလို့လဲ”

“အို ဒါတော့ ငွေ မဖြေတတ်ဘူး”

**“လူကြီးမိဘတို့၏ ဂုဏ်ပကာသနမက်မောသည့် အချစ်မပါသော အိမ်ထောင်ရေးစနစ်ကို ခင်သန်းငွေသည် အနည်းငယ်လေးမျှ သဘောမကျနိုင်ပေ။ နောက်ပြီး ဂုဏ်ပကာသန မက်မောသူများပီပီ တစ်ဖက်သတ် တစ်ယူသန်ဖြင့်သာ ဇွတ်လုပ်လိုသည့် မိဘတို့၏ အစီအမံကိုလည်း ဘယ်နည်းနှင့်မျှ လက်မခံနိုင်ပေ။ ဒါကိုတော့ အကြောက်အကန် ငြင်းရမည်သာ။ “မေမေရယ်၊ ငွေလည်း စဉ်းစားတတ်တဲ့အရွယ် ရောက်နေပါပြီ။ စဉ်းစဉ်းစားစားလည်း လုပ်ပါဦး။ တကယ်တမ်း ဘဝတစ်သက်တာ လက်တွဲသွားရမှာက ငွေတို့ပါမေမေ။ ဒီတော့ ဒီကိစ္စကို ငွေမသိဘဲနဲ့ မစီစဉ်လိုက်ပါနဲ့။ ဒါကိုတော့ ငွေ ဘယ်နည်းနဲ့မှ သဘောမတူဘူး”**

“ဟဲ့၊ ဖြေတတ်ရမှာပေါ့။ ဘယ်လိုဖြင့် ဘယ်လိုကြောင့်မို့ သဘောမတူဘူးဆိုတာ”

“အိုလေ၊ သူ့ကို နှစ်ကိုမနှစ်သက်ဘူး။ နည်းနည်းလေးမှလည်း ချစ်လို့မရဘူး”

“ဒါကတော့သမီးရယ်၊ တစ်ဦးနဲ့တစ်ဦး ချစ်မှကြိုက်မှရယ်လို့ ဘယ်ဟုတ်မလဲ။ သမီးဖေဖေနဲ့မေမေတို့ဟာလည်း ဟိုတုန်းကဆိုရင် တစ်ယောက်နဲ့တစ်ယောက် ဘယ်ချစ်ကြမလဲ။ မိဘတွေ ကောင်းတယ်ထင်လို့ ပေးစားလို့ယူလိုက်ကြတာပဲ။ ဟောနောက်ကျသွားတော့လည်း ချစ်သွားကြတာပဲ”

“ဒါက မေမေတို့ခေတ်ကကို”

“ဟဲ့ သမီးရဲ့။ ဘယ်ခေတ်ပဲဖြစ်ဖြစ် လူကြီးမိဘတွေက ကိုယ့်သားသမီးကို ကောင်းတယ်ထင်လို့ စီမံရင် ခံရမှာပေါ့။ ခုလည်း ကောင်းမယ်ထင်လို့ သမီးသဘောကို မေးကြည့်တာ။ မေမေတို့ကတော့ ကိုယ့်သမီးလေးဟာ ဆရာမဆိုတဲ့ ဂုဏ်အပြင် မင်းကတော် စိုးကတော်ဆိုတဲ့ ဂုဏ်ပါဝါအရှိန်တွေပါ ထပ်တိုးလာရင် ဂုဏ်ရှိရှိ အဆင့်အတန်းမြင့်မြင့်နဲ့ မြင်ရမှာမို့ ကျေနပ်တာပဲ။ ဒါ မေမေတို့ရဲ့စေတနာပဲ”

“ဒါက ဒီလိုရှိတယ် မေမေ။ ဘယ်လိုပဲ ဂုဏ်ပကာသန အဆောင်အယောင်တွေ ရှိနေပေမဲ့လည်း စိတ်သဘောချင်း၊ ယုံကြည်ချက်ချင်း၊ အသွင်ချင်း မတူရင် ဘယ်မှာလာပြီး စိတ်ချမ်းသာမှု ရှိပါတော့ဦးမလဲ မေမေ”

“ဟဲ့ သမီးရဲ့၊ အသွင်ချင်း ဘာလို့ မတူဘဲနေရမှာလဲ။ သူ့မိဘတွေနဲ့ဆိုရင်လည်း ခုမှ သိတာမှမဟုတ်ဘဲ။ တစ်ဦးနဲ့တစ်ဦး အတွင်းသိ အစင်းသိ၊ ဂုဏ်ရည်တူချင်း။ နောက်ပြီး မောင်ဝင်းအောင်ဆိုတာကလည်း အရာရှိတစ်ယောက်”

“ဒါကိုဆိုတာမဟုတ်ပါဘူး မေမေ၊ ယုံကြည်ချက်နဲ့ စိတ်နေသဘောထားချင်းကို ဆိုလိုတာပါ” ဟု ခင်သန်းငွေက ဒေါ်လှတင်၏စကားကို ဖြတ်ပြောလိုက်သည်။

“အိုကွယ်၊ ဒါကတော့ အတူနေသွားရင် တစ်ဦးနဲ့တစ်ဦး သည်းညည်းခံပြီး ပေါင်းသွားရမှာပေါ့”

လူကြီးမိဘတို့၏ ဂုဏ်ပကာသနမက်မောသည့် အချစ်မပါသော အိမ်ထောင်ရေးစနစ်ကို ခင်သန်းငွေသည် အနည်းငယ်လေးမျှ သဘောမကျနိုင်ပေ။ နောက်ပြီး ဂုဏ်ပကာသန မက်မောသူများပီပီ တစ်ဖက်သတ် တစ်ယူသန်ဖြင့်သာ ဇွတ်လုပ်လိုသည့် မိဘတို့၏ အစီအမံကိုလည်း ဘယ်နည်းနှင့်မျှ လက်မခံနိုင်ပေ။ ဒါကိုတော့ အကြောက်အကန် ငြင်းရမည်သာ။

“မေမေရယ်၊ ငွေလည်း စဉ်းစားတတ်တဲ့အရွယ် ရောက်နေပါပြီ။ စဉ်းစဉ်းစားစားလည်း လုပ်ပါဦး။ တကယ်တမ်း ဘဝတစ်သက်တာ လက်တွဲသွားရမှာက ငွေတို့ပါမေမေ။ ဒီတော့ ဒီကိစ္စကို ငွေမသိဘဲနဲ့ မစီစဉ်လိုက်ပါနဲ့။ ဒါကိုတော့ ငွေ ဘယ်နည်းနဲ့မှ သဘောမတူဘူး”

“ဘာ”

ဒေါ်လှတင်သည် ရုတ်တရက် စိတ်ထွက်သွားဟန်ဖြင့် အော်လိုက်သည်။

“ညည်း ညည်းက ငါ့သမီးပါအေ့။ တို့ လူကြီးတွေက ကောင်းမယ်ထင်လို့ စီမံမယ်လုပ်နေတာ။ အဲဒါပဲ။ ညည်း လူကြီးတွေကိုတော့ အိုးမဲသုတ်မယ်မကြံနဲ့။ လူဆိုတာ စဉ်းစားတတ်ရတယ်။ ကုလီယူရင် ကုလီကတော်ဖြစ်မယ်။ ထန်းသမားယူရင် ထန်းသမားကတော် ဖြစ်မယ်။ အရာရှိယူရင် မင်းကတော် စိုးကတော်ဖြစ်မယ်။ ညည်းက ဘယ်လိုပဲ ဂုဏ်ရှိနေပေမဲ့ ညည်းယူတဲ့ယောကျ်ားက ကုလီဖြစ်နေရင် ကုလီမယား၊ ကုလီကတော်ပဲဖြစ်မယ်။ ဘယ်တော့မှ လူရာမဝင်ဘူး။ လူပုံအလယ်မှာ မတင့်တယ်ဘူး။ အေး၊ တို့ကတော့ ညည်း ကောင်းစားစေချင်လို့ အထက်ကို တွန်းပို့တာပဲ။ ညည်းက အထက်ကို မသွားချင်ဘူး၊ အောက်ကို ခုန်ဆင်းချင်တယ်ဆိုရင်တော့ ညည်းထိုက်နဲ့ ညည်းကံပဲ။ တို့နဲ့ တစ်ခါတည်း သေခန်းပြတ်ပဲ။ အဲဒါပဲ။ ညည်း စဉ်းစား”

ဒေါ်လှတင်သည် သမီးဖြစ်သူအား နားချ၍မရသည့်အဆုံးတွင် စိတ်ဆိုးမာန်ဆိုးနှင့်ဆို၍ အခန်းထဲမှ ထွက်သွားတော့သည်။

သည်တော့မှလည်း ခင်သန်းငွေသည် မိမိအခန်းထဲတွင် မည်သူမျှမရှိတော့မှ မိမိအိပ်ရာပေါ်သို့ ပစ်လှဲချလိုက်ကာ စောစောက ဟန်ဆောင်မျိုသိပ်ထားခဲ့ရသမျှ တစ်ခါတည်း အားရပါးရ ငိုချလိုက်တော့သည်။ သို့ရာတွင် အသံကတော့ မထွက်ဝံ့ရှာပါ။ ကျိတ်၍သာ ရှိုက်နေရရှာတော့သည်။

အိပ်ခန်းပြတင်းပေါက်မှ နွေဦးည၏ လေပြည်လေညင်းကလေးသည် တစိမ့်စိမ့်နှင့် ပြေးဝင်လာနေသည်။

ကောင်းကင်ယံမှ လပြည့်ဝန်း၏ ရွှန်းမြမြလရောင်ကလည်း ပြတင်းပေါက်မှ ဝင်ရောက်လာကာ ခင်သန်းငွေ၏ အိပ်ရာတစ်ခုလုံးအား ထိုးဟပ်လျက်ရှိလေသည်။

သို့တစေလည်း ခင်သန်းငွေမှာ မအေးမြရှာပါ။ တွေးရသူကို ပို၍ဆွေးရှာသည်။

သည်နေ့မှလည်း တိုက်တိုက်ဆိုင်ဆိုင်လာဖြစ်ရသည်။ ထို့ကြောင့်လည်း ခင်သန်းငွေမှာ ကြုံလာရသည့် သူ့ဘဝအဖြစ်ကို အားမလိုအားမရဖြင့် မကျေမနပ် ဖြစ်နေမိသည်။

အမှန်ကလည်း အယူအဆချင်း၊ ယုံကြည်ချက်ချင်း တူသူမို့ ကိုအေးဆွေရှိရာ ဘုံထန်းတောနယ်မြေ စုပေါင်းလုပ်ငန်းသို့ မကြာခဏ သွားမိသည်။ ကျောင်းသွား ကျောင်းပြန်မှာလည်း အချိန်ရလျှင် ရသလို မကြာခဏဝင်မိသည်။ ကိုအေးဆွေထံသို့ ဝင်လေတိုင်း အဖော်ဆရာမတော့ ပါစမြဲဖြစ်သည်။ တစ်ခါတစ်ရံတော့မူ မိမိတစ်ယောက်တည်း သွားမိသည်။

သွားသည် ဆိုသည်ကလည်း အကြောင်းမဲ့တော့ မဟုတ်ပေ။ မိမိဘဝင်မကျသော အယူအဆများ ရှိလာသည့်အခါတွင် ပွင့်လင်းရင်းနှီးစွာဖြင့် အယူအဆချင်း ညှိနှိုင်းရန်အတွက် သွားခြင်းဖြစ်သည်။ တစ်ခါတစ်ရံ အကြောင်းအရာ ပြဿနာတစ်ခုကို ဝိဇ္ဇာနည်းဖြင့် ဆန်းစစ်တွေးခေါ်၍ရသော်လည်း သိပ္ပံနည်းကျကျဖြင့် အဖြေထုတ်လိုက်သည့်အခါ အဖြေရှာမရဘဲ ဖြစ်နေတတ်သည်။ ထိုအခါ ကိုအေးဆွေထံ သွားရောက်ကာ ဆွေးနွေးခြင်းအားဖြင့် တွက်စစ်ကြပြန်သည်။ တစ်ခါတစ်ရံတော့လည်း နှစ်ဦးလုံး မပိုင်နိုင်သော အဘိဓမ္မာခန်းများနှင့် ပတ်သက်၍ ကြုံလာတတ်သည်။ ယင်းအခါ ဆရာကြီး ဦးလှဒင်ထံသို့ နှစ်ဦးလုံး သွားကြကာ တင်ပြဆွေးနွေးကြခြင်းဖြင့် လေ့လာရပြန်သည်။

ဆက်လက်ဖော်ပြပါမည်။

ဆရာမောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

စာတည်း



## FIFA-MFF U-15 LEAGUE 2023 ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည့် အသက် ၁၅ နှစ်အောက် ရာမည FC ဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

မော်လမြိုင် ဒီဇင်ဘာ ၁၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော FIFA–MFF U–15 LEAGUE 2023 ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည့် အသက် ၁၅ နှစ်အောက် ရာမည FC ဘောလုံးအားကစားသမားများအား မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့တွင် ဂုဏ်ပြုပန်းစည်းများဖြင့် ကြိုဆိုခဲ့ကြသည်။

ထို့နောက် ဂုဏ်ပြုပွဲအခမ်းအနားကို ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ဆက်လက်၍ကျင်းပရာ FIFA–MFF U–15 LEAGUE 2023 ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည့် အသက် ၁၅ နှစ်အောက် ရာမည FC ဘောလုံးအသင်းမှ အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများက တစ်ဦးချင်းမိတ်ဆက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၃ ခုနှစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပ၍ FIFA–MFF U–15 LEAGUE 2023 ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့ပြီး အခြားအင်အားကြီးပြည်နယ်နှင့် တိုင်းအသင်းကြီးများကို ကျော်ဖြတ်၍ အနိုင်ယူကာ တတိယဆုရရှိအောင် စွမ်းဆောင်ခဲ့ကြသည့် အုပ်ချုပ်သူ၊ နည်းပြများနှင့် အသင်းသားအားလုံးကို မွန်ပြည်နယ် ပြည်သူလူထုကိုယ်စား လှိုက်လှိုက်လှဲလှဲ ချီးကျူးဂုဏ်ပြုပါကြောင်း၊ မွန်ပြည်နယ် လက်ရွေးစင်အားကစားသမားများအနေဖြင့် အားကစား စည်းမျဉ်း၊ စည်းကမ်း ဥပဒေဘောင်များအတွင်းမှ အားကစားစိတ်ဓာတ်အပြည့်ဖြင့် တရားနည်းလမ်းကျစွာ ယှဉ်ပြိုင်အနိုင်ယူပြီး မွန်ပြည်နယ်အတွက် ဆုတံဆိပ်များ ဆွတ်ခူးပေးခဲ့သည့်အတွက် ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်ပါကြောင်းနှင့် ရှေ့ဆက်ပြီးလည်း ပြိုင်ပွဲတိုင်းတွင် အနိုင်ရရှိကာ ပြည်နယ်ဂုဏ်ကို မြှင့်တင်ပေးနိုင်အောင် ကြိုးစားလေ့ကျင့်သွားကြရန်၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများဖြစ်အောင် စွမ်းစွမ်းတမံကြိုးစားလေ့ကျင့်သွားကြရန်၊ တာဝန်ရှိသူအားလုံးကလည်း ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရန်နှင့် မွန်ပြည်နယ်အစိုးရအဖွဲ့ကလည်း အောင်မြင်မှုရရှိပါက ထိုက်ထိုက်တန်တန်ဂုဏ်ပြုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားခဲ့သည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မွန်ပြည်နယ် ရာမည FC ဘောလုံးအသင်းနည်းပြချုပ်က ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး FIFA–MFF U–15 LEAGUE 2023 ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည့် အသက် ၁၅ နှစ်အောက် ရာမည FC ဘောလုံးအသင်းအား ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြု ဆုငွေကျပ်သိန်း ၈၀ ပေးအပ်ချီးမြှင့်ခဲ့သည်။ ယင်းနောက် မွန်ပြည်နယ် ရာမည FC ဘောလုံးအသင်း အုပ်ချုပ်သူ ဦးဆန်းဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး ဆုရပြိုင်ပွဲဝင် အားကစားသမားများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် MRTV(HD) Channel မှ Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ (၁၅-၁၂-၂၀၂၃)ရက် (သောကြာနေ့)ညတွင် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ ပြင်ပတေးသံရှင်များ စုပေါင်း၍ Live Show တေးသီချင်းဖျော်ဖြေမှု အစီအစဉ်ကို "ကုံ့ကော်မြို့တော်" တေးဂီတဖျော်ဖြေပွဲ ပွဲစဉ်(၃) ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သဖြင့် အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၁၅-၁၂-၂၀၂၃)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "ကုံ့ကော်မြို့တော်" တေးဂီတဖျော်ဖြေပွဲ ပွဲစဉ်(၃) ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၂)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | မိတော့မိတယ် | ပြင်ပအဆိုရှင် |
| ၂။ | ကုံ့ကော်မြို့တော် | ပြင်ပအဆိုရှင် |
| ၃။ | တို့ရဲ့နောက်ဆုံးအချိန် | ပြင်ပအဆိုရှင် |
| ၄။ | မမဖိုင်နယ်သူ | ပြင်ပအဆိုရှင် |
| ၅။ | ကုံ့ကော်အိမ်မက်ရှည် | ပြင်ပအဆိုရှင် |
| ၆။ | ကုံ့ကော်အင်တာဗျူး | ပြင်ပအဆိုရှင် |
| ၇။ | ငါတောင်းတဲ့ဆု | ပြင်ပအဆိုရှင် |
| ၈။ | တက္ကသိုလ်ကချစ်အကြောင်း | ပြင်ပအဆိုရှင် |
| ၉။ | အလွမ်းညပေဟာမာန် | ပြင်ပအဆိုရှင် |
| ၁၀။ | နွေကျောင်းပိတ်ရက်မလိုချင် | ပြင်ပအဆိုရှင် |
| ၁၁။ | ပန်းခရမ်းပြာ | ပြင်ပအဆိုရှင် |
| ၁၂။ | အဆောင်သူအလွမ်းပြေ | ပြင်ပအဆိုရှင် |

★ MNL မှ

မြဝတီအသင်းနှင့် ရတနာပုံအသင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ချန်ပီယံ အသင်း၊ ဒုတိယနှင့် တတိယနေရာရအသင်း၊ တန်းဆင်းနှစ်သင်းတို့မှာ နောက်ဆုံးပွဲမတိုင်မီကတည်းက အဖြေထွက်ပေါ်ပြီဖြစ်သော်လည်း နောက်ဆုံးရက်သတ္တပတ်မှာ စိတ်ဝင်စားစရာ ပွဲကောင်းများရှိနေပြီး ချန်ပီယံဖြစ်သွားသည့် ရှမ်းယူနိုက်တက်အသင်း၏ ရှုံးပွဲမရှိစံချိန်၊ အဆင့် ၄/၅ နေရာအတွက် အသင်းခြောက်သင်း၏ အားပြိုင်မှုများကို တွေ့မြင်ရမည်ဖြစ်သည်။

ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ရန်ကုန်နှင့် နောက်ဆုံးပွဲတွင် ရှုံးပွဲမရှိအောင် ကစားနိုင်ပါက တစ်ရာသီလုံးရှုံးပွဲမရှိစံချိန်ဖြင့် ချန်ပီယံဆု ရယူနိုင်မည်ဖြစ်ပြီး တစ်ရာသီလုံး ချန်ပီယံဖြစ်သည့် သုံးကြိမ်မြောက်အဖြစ် မှတ်တမ်း ဝင်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းတို့ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပမည်ဖြစ်သည်။

ပွဲစဉ် (၂၁) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၅၉ မှတ်ဖြင့် ချန်ပီယံဖြစ်ခဲ့ပြီး ရန်ကုန်အသင်းက ရမှတ် ၅၀ ဖြင့် ဒုတိယ၊ ဟံသာဝတီအသင်းက ၃၇ မှတ်ဖြင့် တတိယနေရာရရန် သေချာခဲ့သည်။ ယင်းအသင်းများနောက်တွင် အား/ ကာသိပ္ပံအသင်းက ၂၉ မှတ်၊ ဒဂုံစတားနှင့်မြဝတီအသင်းက ၂၈ မှတ်စီ၊ မဟာယူနိုက်တက်အသင်းက ၂၇ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၂၆ မှတ်၊ ရှောဝတီအသင်းက ၂၅ မှတ်၊ ရတနာပုံအသင်းက ၂၃ မှတ်ရရှိထားကာ ၁၂ မှတ်ရသည့် GFA အသင်းနှင့် ၁၀ မှတ်ရထားသည့် ကချင်ယူနိုက်တက်အသင်းတို့မှာ တန်းဆင်းရပြီဖြစ်သည်။

ကိုညီလေး

## ဒီဇင်ဘာလအတွက်သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်းအဖြစ် ရွှေဘိုပေါ်ဆန်း တစ်အိတ်ကို ကျပ် ၉၅၀၀၀ အထိ MRF သတ်မှတ်

ရန်ကုန် ဒီဇင်ဘာ ၁၂

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းများ၊ ကုန်စည်ဒိုင်များ၏အသင်းဝင်များ၊ ပြည်ပတင်ပို့သည့် Exporter များ၊ ဆန်ကုမ္ပဏီများအနေဖြင့်လိုက်နာဆောင်ရွက်ရန် ဒီဇင်ဘာလအတွက် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်း (Reasonable Market Price) အဖြစ် ရွှေဘိုပေါ်ဆန်း တစ်အိတ်ကို ငွေကျပ် ၉၅၀၀၀ အထိ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) က သတ်မှတ်ထုတ်ပြန်ပေးခဲ့သည်။

ဒီဇင်ဘာလအတွက် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်း (Reasonable Market Price) ထုတ်ပြန်ချက်အရ ၁၀၈ ပေါင်/၂၄ ပြည် ဆန်တစ်အိတ်ဈေးနှုန်းအနေဖြင့် သတ်မှတ်ပေးထားရာတွင် ဧည့်မထအုပ်စု ၂၅ မှတ်ဆန်တစ်အိတ်ကို ဈေးနှုန်းအနေဖြင့် ငွေကျပ် ၆၀၀၀၀ မှ ငွေကျပ် ၆၂၀၀၀ အဖြစ်လည်းကောင်း၊ ဧည့်မထအုပ်စု ၁၅ မှတ် ဆန်တစ်အိတ်ကို ငွေကျပ် ၆၂၀၀၀ မှ ငွေကျပ် ၆၄၀၀၀ အထိလည်းကောင်း၊ ဧည့်မထအုပ်စု ၁၀-၅ မှတ် ဆန်တစ်အိတ်လျှင် ငွေကျပ် ၆၄၀၀၀ မှ ငွေကျပ် ၆၈၀၀၀ အထိလည်းကောင်း သတ်မှတ်ထားသည်။ ထို့အတူ ရက် ၉၀၊ ပခန်း၊ အညာသား၊ အထူးဧည့်မထအုပ်စုများ ၁၀-၅ မှတ် ဆန်တစ်အိတ်ကို ငွေကျပ် ၆၈၀၀၀ မှ ငွေကျပ် ၇၂၀၀၀ အထိလည်းကောင်း၊ ရှောမင်း၊ ရှောပဒေသာ ၁၀-၅ မှတ် ဆန်တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ မှ ငွေကျပ် ၉၅၀၀၀ အထိလည်းကောင်း၊ ရှောဝတီပေါ်ဆန်းများ ၁၀-၅ မှတ် ဆန်တစ်အိတ်ကို ငွေကျပ် ၈၀၀၀၀ မှ ငွေကျပ် ၉၀၀၀၀ အထိလည်းကောင်း၊ ရွှေဘိုပေါ်ဆန်း ၁၀-၅ မှတ် ဆန်တစ်အိတ်ကို ငွေကျပ် ၉၀၀၀၀ မှ ငွေကျပ် ၉၅၀၀၀ အထိလည်းကောင်း သတ်မှတ်ထားသည်။

ဈေးကွက်အတွင်း ရောင်းချမှုများတွင် ငါးရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအတွင်း ကွာဟမှုရှိနိုင်ပြီး SuperMarket များ Mini Mart များတွင် Consumer Packaging ဖြင့် Modern Trade ရောင်းချမှုများအတွက် ဈေးနှုန်း ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း ကွာဟမှုရှိနိုင်ကြောင်းလည်း ပါရှိသည်။

ဝယ်ယူရန်အခက်အခဲရှိပါက အသင်းချုပ်ရုံးနှင့် ကုန်စည်ဒိုင်များသို့ ဆက်သွယ်ညှိနှိုင်းဝယ်ယူနိုင်ကြောင်းလည်း သိရသည်။

MT

## မိတ္ထီလာတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီးပြေးခုန်ပစ်ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

မိတ္ထီလာ ဒီဇင်ဘာ ၁၂

မန္တလေး တိုင်းဒေသကြီး မိတ္ထီလာမြို့ မိတ္ထီလာတက္ကသိုလ်၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။



ဦးစွာ ဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲ၊ မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ မီတာ ၁၀၀ လေးယောက်တွဲလက်ဆင့်ကမ်းပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲ၊ အမြင့်ခုန်ပြိုင်ပွဲနှင့် သံလုံးပစ်ပြိုင်ပွဲများကို နံနက် ၇ နာရီက စတင်ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာဘဟန်၊ ဒုတိယပါမောက္ခချုပ်ဒေါက်တာနေအောင်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်နှင်းအိနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ထို့နောက် ပြိုင်ပွဲအသီးသီး၌ ဆုရရှိကြသော ပြိုင်ပွဲဝင်အသင်းများမှ ကျောင်းသား ကျောင်းသူများအား ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခ၊ ဌာနမှူးများက တစ်ဦးချင်းဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရူပဗေဒအသင်းအား တံခွန်စိုက်ဒိုင်းဆုကို ပါမောက္ခချုပ် ဒေါက်တာဘဟန်က ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ပြေးခုန်ပစ်ပြိုင်ပွဲတွင် သင်္ချာ၊ ဒဿနိက၊ သမိုင်း၊ ရုက္ခဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ပထဝီဝင်၊ သတ္တဗေဒ၊ မြန်မာစာ၊ ဥပဒေပညာနှင့် ဘူမိဗေဒအသင်းတို့မှ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **ချမ်းသာ ( မိတ္ထီလာ)**

## Star Moe Yan Microfinance Co.,Ltd ၏ အစုရှယ်ယာ လျှော့ချကြောင်း ကြေညာခြင်း

ကျွန်ုပ်တို့ Star Moe Yan Microfinance Co.,Ltd ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၀/၉)တွင် ဖွင့်လှစ်ထားသော Star Moe Yan Microfinance Co.,Ltd ကုမ္ပဏီမှတ်ပုံတင်အမှတ် (111978727) သည် (၂၉-၁၁-၂၀၂၃) နေ့တွင် ကျင်းပသည့် ကုမ္ပဏီအစုရှယ်ယာရှင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ လက်ရှိအစုရှယ်ယာ မတည်ငွေရင်း (၅၀၀,၀၀၀,၀၀၀/-) (ငွေကျပ် သိန်းငါးထောင်ကျပ်)မှ ငွေကျပ် (၃၀၀,၀၀၀,၀၀၀/-) (ငွေကျပ် သိန်းသုံးထောင်) သို့ လျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ**

## ဖခင်နှင့် မိခင်တို့သည် အမည် (၂) မျိုးဖြင့် လူတစ်ဦးတည်းဖြစ်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၂) ရပ်ကွက်၊ ရွှေဒင်္ဂါးလမ်း၊ အမှတ် (၂၆/ခ) နေ ကျွန်တော် မောင်အောင်မိုးကျော် [၁၂/ဒဂတ(နိုင်)၀၆၈၅၂၅]ကိုင်ဆောင်သူသည် အောက်ပါအတိုင်း ကြေညာအပ်သည်မှာ –

ကျွန်တော်၏ဖခင်အမည်သည် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်းနှင့် ဥပဒေဘွဲ့မူရင်းတို့တွင် ဦးမြင့်အောင်ဟု ဖော်ပြထားပြီး မှတ်ပုံတင်မူရင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) တွင် ဦးမြင့်မောင်ဟု ဖော်ပြထားသော်လည်း အမှန်မှာ အမည် (၂) မျိုးဖြင့် လူတစ်ဦးတည်းသာလျှင်ဖြစ်ကြောင်းနှင့်

ကျွန်တော်၏မိခင်အမည်သည် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်းတွင် ဒေါ်ခင်အေးမူဟု ဖော်ပြထားပြီး မှတ်ပုံတင် မူရင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) တွင် ဒေါ်အေးမူဟု ဖော်ပြထားသော်လည်း အမှန်မှာ အမည်(၂)မျိုးဖြင့် လူတစ်ဦးတည်းသာလျှင်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မိုးကျော်**
**[၁၂/ဒဂတ(နိုင်)၀၆၈၅၂၅]**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်(၆၈၈)၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်နေ ဒေါ်မြတ်စုခိုင် [၁၂/မဂတ(နိုင်)၀၉၂၁၁၀]အမည်ပေါက်ပိုင်ဆိုင်သော ကားနံပါတ် (FF/4092)၊ TOYOTA COROLLA FIELDER ZRE142, STATION WAGON (GRAY) Color, Taxi အငှားယာဉ်သည် လက်ရှိ ကျွန်မ ဒေါ်မြတ်စုခိုင် ပိုင်ဆိုင်လျက်ရှိပါသည်။ ၎င်းမော်တော်ယာဉ်အား လက်ဝယ်ရှိသူသည် ကျွန်မထံ အမြန်ဆုံးအပ်နှံပါရန်နှင့် ကျွန်မ မသိဘဲ ရောင်းမှား၊ ဝယ်မှား မဖြစ်စေရန် အများသိစေရန် ကြေညာအပ်ပါသည်။ ယင်းကားအား တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်းဖြစ်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြတ်စုခိုင်**
**[၁၂/မဂတ (နိုင်) ၀၉၂၁၁၀]**
**Ph:09-256398884**

## အများသိစေရန် ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ တောင်ဘက်ကမ်းလမ်း၊ အလျား (၆၀)ပေ x အနံ(၁၈)ပေ မြေကွက်အား ဒေါ်တင်တင်နွဲ့[၇/ပခန(နိုင်)၃၄၆၂၄၄]နှင့် မပြည့်ဖြိုးဝင်းတို့မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းတစ်စုံတစ်ရာ မရှိကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြရီ[၁၀/ရမန(နိုင်)၂၀၇၉၂၆]မှ (၃-၁-၂၀၂၃)ရက်နေ့တွင် ငွေအပြေအကျေပေးချေပြီး ဝယ်ယူထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြရီ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကေသီထိုက် LL.B**
**(အထက်တန်းရှေ့နေ) (စဉ်–၄၅၀၈၈)**
**အမှတ်(၂၇/၂၉)၊ ပ–ထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်။**
**Ph:09-795414148**

## *အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၆/၁၄) ရပ်ကွက်၊ ရွှေလီလမ်း၊ အမှတ် – ၂၄ (က/ခ) နေ ဒေါ်ဝင်းသိင်္ဂီစော [၁၂/အစန(နိုင်)၀၁၄၈၇၇] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည် –

(၁) ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၁၈၊ လူနေရပ်ကွက်အမှတ် – ၆/၁၄၊ မြေကွက်အမှတ် – ၂၄/က၊ အကျယ်အဝန်း (၂၃ ပေx ၆၀ ပေ) ရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် – ၂၄/က၊ ရွှေလီလမ်း၊ (၆/၁၄) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(၂) ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၁၈၊ လူနေရပ်ကွက် အမှတ် – ၆/၁၄၊ မြေကွက်အမှတ်– ၂၄/ခ၊ အကျယ်အဝန်း (၂၃ ပေ x ၆၀ ပေ) ရှိ ဖခင် ဦးသန်းမောင် အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် – ၂၄/ခ၊ ရွှေလီလမ်း၊ (၆/၁၄) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(၃) ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင် (ယခင်)၊ ကလောခရိုင် (ယခု)၊ ကလောမြို့၊ ရပ်ကွက်–အမှတ် (၁၀) ရပ်ကွက် ကလော၊ ကွင်းအမှတ်နှင့်အမည် – ၄၃ (ဗိုလ်ကုန်း အနောက်ပိုင်း)၊ ဦးပိုင်အမှတ်– ၁၂၊ မြေကွက်အမှတ် – ၂၈/၄၈၊ ဧရိယာ (၀.၃၄၆) ဧကရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် – ၁၆၅၊ ကနောင်ဆောင် အနောက်၊ အမှတ် (၁၀) ရပ်ကွက်၊ ကလောမြို့ ဟုခေါ်တွင်သည့် ဦးဂျိုးဇက်သာအေး အမည်ပေါက် ဂရန်မြေကွက် (ယခု ဒေါ်စောစန္ဒာကြည် အမည်ပေါက်လျက်ရှိပါသည်။)

အထက်ဖော်ပြပါပစ္စည်းများသည် ဖခင် ဦးသန်းမောင်၊ မိခင် ဒေါ်ခင်စန်းအေး တို့ (၂) ဦး ပိုင်ဆိုင်သော ပစ္စည်းများဖြစ်သည်။ အဆိုပါ ပစ္စည်းများအား ဖခင်၊ မိခင်တို့ သက်ရှိထင်ရှားရှိစဉ် ကျွန်ုပ်မိတ်ဆွေအပါအဝင် မောင်နှမများဖြစ်ကြသော ဒေါ်စောစန္ဒာကြည်၊ ဦးဝဏ္ဏဇော်၊ ဒေါ်မိုးစန္ဒာကြည်၊ ဒေါ်စောသိင်္ဂီနွယ်၊ ဦးစိုင်းဘိုဘိုဇော် တို့ မောင်နှမ (၆) ဦးအား မိသားစုစီမံမှု ပြုလုပ်၍ အသိသက်သေလူကြီးများရှေ့တွင် ခွဲဝေပေးအပ်ခဲ့ပါသည်။ ထိုကဲ့သို့ မိဘများ စီမံခန့်ခွဲမှုဖြင့် ပေးအပ်ခဲ့သည်ကို မိဘများ ကွယ်လွန်ပြီးနောက် မောင်နှမများမှ မျက်ကွယ်ပြု၍ ဆောင်ရွက်မှုများ ရှိလာသည့်အတွက် အထက်ဖော်ပြပါ ပစ္စည်းများအား မောင်နှမများ အားလုံး အပြီးသတ်စီမံခန့်ခွဲ ညှိနှိုင်းမှု မရရှိမီ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အခြားနည်းတစ်စုံတစ်ရာဖြင့် လွှဲပြောင်းခြင်းများအား ပြုလုပ်ပိုင်ခွင့်မရှိကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၅၀၀၃၁၂၉၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၁ ရပ်ကွက်၊ အကွက်အမှတ် B၊ ဦးပိုင်အမှတ် (၃၆)၊ ၆၅ x ၆၆ လမ်း၊ သဇင်လမ်းနှင့် ခေတ္တာလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဇူးမိန် [၁၃/ကခန(နိုင်)၀၁၃၁၂၀]က အမှုတွဲအမှတ် ၅၉၈၇/၂၀၂၃–၂၀၂၄ ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တိုက်ခန်းအရောင်းအဝယ် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ မပိုလမ်း၊ အမှတ်–၄၂ ဟုခေါ်တွင်သော အကျယ်အဝန်း (၁၈x၅၀) ပေရှိ မြေညီထပ် (ခေါင်းရင်းခန်း) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို မိမိသာလျှင် တရားဝင်ပိုင်ဆိုင် လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း တာဝန်ယူ မြွက်ဟကြေညာသူ ဦးလှထွန်း [၁၄/ပသန(နိုင်)၁၄၈၃၃၈] ထံမှ အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ အဆိုပါ တိုက်ခန်းအရောင်းအဝယ် ပြုလုပ်ခြင်းနှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားမူရင်း၊ စာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးမြင့်အောင် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၅၅၈/၂၀၀၈)**
**အမှတ်–၁၅၃၊ (၅–လွှာ/အေ)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၆၉၄၁၉၊ ၀၉–၉၅၅၁၆၉၄၁၉**

## "ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ်(၄၇)၊ ၃လွှာ/A ဟု ခေါ်တွင်သော တိုက်ရှေ့မျက်နှာ မူလျှင် ညာဘက်၊ အကျယ်အဝန်း(၁၂½'x၅၀')ပေရှိ တိုက်ခန်းနှင့် ယင်း တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ပန်းအိအိစံ [၁၂/လမန(နိုင်)၁၃၂၅၁၈] ကိုင်ဆောင်သူက လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံ ပိုင်ဆိုင်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးလင်းအောင်(LL.B,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၃၈၃/၂၀၂၁)**
**အမှတ်–(၃၃/၄၉)၊ ပထမထပ်၊ အခန်း(၃၃)၊ STRAND CONDO ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၂၅၄၀၇၆၆၃၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၂၄၅၆)၊ ဧရိယာ(၀.၀၈၂)ဧကရှိ ဦးရဲထွန်း၊ အမည်ပေါက် ပါမစ်မြေကွက်အား ဦးဇော်ဝင်းနိုင်(ဘ)ဦးခင်မောင်ဝင်း [၉/မရမ(နိုင်)၀၀၁၄၅၉]မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး **မြေငှားစာချုပ်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေငှားစာချုပ်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄ အိုင် ၁)၊ မြေကွက်အမှတ်(၅၉)၊ (၀.၁၆၇)ဧက၊ မြေကွက်တည်နေရာအမှတ်(၅၉)၊ ပုလဲရတနာလမ်း၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာ၊ တာမွေမြို့နယ်၊ ဦးညွန့်ဝေ [၁၂/ကတတ(နိုင်)၀၁၆၉၁၉]၊ ဒေါ်ပိုးလင်း(ခ)ဒေါ်ခရစ္စတင်းချစ် [၁၂/ကတတ(နိုင်)၀၁၆၉၂၀]အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်(၂)ဦးထံမှ SP အမှတ်–၃၄၉၀/၂၀၁၁(၁–၃–၂၀၁၁)ဖြင့် ရသူ ဦးမျိုးမြင့်အေး [၉/မထလ(နိုင်)၀၁၀၀၇၄]မှ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဂရန်မူရင်း၊ SP ပေးသူသက်ရှိ ထင်ရှားရှိကြောင်းနှင့် SP ပြန်လည်မရုပ်သိမ်းကြောင်း (၄–၇–၂၀၂၃)ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၁၄–၁–၂၀၁၁)နှင့်(၆–၅–၂၀၁၁)ရက်နေ့တို့တွင် အစိတ်အပိုင်း (Portion)ဖြင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးယူထားခဲ့သော်လည်း အဆိုပါအရောင်း အဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံမှာ နှစ်ကာလကြာပြီဖြစ်သောကြောင့် သိမ်းဆည်းမှားနေ၍ ပျောက်ဆုံးနေပါကြောင်း၊ ပြဿနာတစ်စုံတစ်ရာမရှိပါကြောင်းနှင့် မိမိမှ လုံးဝတာဝန်ယူပါကြောင်း ဦးမျိုးမြင့်အေး၏ (၂၃–၁၁–၂၀၂၃)ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-**

| စဉ် | အမည် | မှတ်ပုံတင် | လိပ်စာ | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် |
|---|---|---|---|---|---|---|
| ၁ | ဦးလှဝင်း | ၁၂/ကမရ(နိုင်)၀၅၂၈၂ | ၆၀၁/ခ၊ မကွေးလမ်း၊ ၉-ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း) | သကမ-၄ | ၆၀၁/ခ | ဦးထွန်းမြင့်+၆ |
| ၂ | ဒေါ်ခင်ခင်ကြည် | ၁၂/ဥကမ(နိုင်)၀၄၃၄၃၅ | ၄၁၀ ³/₂၊ နွယ်နီ(၂)လမ်း၊ ဃ-ရပ်ကွက်၊ မြောက်ဥက္ကလာပ | ဃ | ၄၁၀ ³/₂ | ဒေါ်တင်မိ |
| ၃ | ဒေါ်အေးဝင်း | ၁၀/ခဆန(နိုင်)၀၀၇၇၇၂ | ၉၁/က၊ မြရတနာလမ်း၊ ၅-ရပ်ကွက်၊ ရွှေပြည်သာ | ၂၇ | ၉၁ | ဦးဘသိန်း |
| ၄ | ဦးခင်မြ | ၁၂/ဆကခ(နိုင်)၀၀၇၀၅၄ | ၆၉၊ ဗဟိုလမ်း၊ ဆိပ်ကြီးအရှေ့ရပ်ကွက်၊ ဆိပ်ကြီးခနောင်တို | ၁ | ၄၁၅ | ဦးကျော်ဝင်း |
| ၅ | ဦးသိန်းဌွေး | ၈/မလန(နိုင်)၀၀၃၉၆၁ | ၁၆၂၆/ခ၊ ကမ္ဘောဇလမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း) | သကမ-၁၃ | ၁၆၂၆/ခ | ဦးကျော်ဦး |
| ၆ | ဒေါ်သွယ်ဇင်နိုင် | ၇/ဖမန(နိုင်)၁၂၁၉၁၂ | ၆၀၁/က၊ မကွေးလမ်း၊ ၉-ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း) | သကမ-၄ | ၆၀၁/က | ဦးထွန်းမြင့်+၆ |
| ၇ | ဒေါ်ကြည်ကြည်စိန် | ၁၂/သဃက(နိုင်)၀၅၃၁၂၆ | ၂၇၆၊ ဗိုလ်အောင်ကျော်လမ်း၊ စ်ပြ-ရပ်ကွက်၊ သဃ်န်းကျွန်း | ၁၄/စီမံကိန်း-၂ | ၂၇၆ | ဦးမောင်အောင် |
| ၈ | ဦးမာမက်ရှဖီး | ၁၂/သဃက(ပြု)၀၀၁၆၅၀ | ၉/က၊ နွယ်နီလမ်း၊ ခ-ရပ်ကွက်၊ သဃ်န်းကျွန်း | ၅၀ | ၁၃၈ | ဒေါ်စိုး |
| ၉ | ဒေါ်အေးအေးခိုင် | ၁၂/သဃက(နိုင်)၀၉၄၄၈၀ | ၈၇၂၊ လေးထောင့်ကန်လမ်း(ခ)ငမိုးရိပ်(၁)လမ်းနှင့်ငမိုးရိပ်(၂)လမ်းထောင့်၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်း | ငမိုးရိပ် | ၈၇၂ | ဒေါ်သန်းသန်းဌွေး |
| ၁၀ | ဒေါ်ဟန်နီဦး | ၁၃/တကန(နိုင်)၂၁၀၁၅၀ | ၉၂၁၊ သဇင်မြိုင်လမ်း၊ ၄၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၄၁ | ၉၂၁ | ဦးသန်းထိုက် |
| ၁၁ | ဒေါ်နော်အယ်ထူး | ၁၄/အမန(နိုင်)၀၈၅၃၈၀ | ၅၇၈၊ ရွှေကံ့ကော်(၄)လမ်း၊ ၅၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၅၅ | ၅၇၈ | ဒေါ်နော်မယ်ရီ |
| ၁၂ | ဦးဇော်ထိုက် | ၆/ရဖန(နိုင်)၀၄၅၃၈၆ | ၂၅၀/က၊ သွေးသောက်လမ်း၊ ၃-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) | UE.2.3 | ၂၅၀ | ဦးဌွေးလှိုင် |
| ၁၃ | ဒေါ်သက်သက်ဦး | ၈/ခမန(နိုင်)၀၀၀၉၁၆ | ၇၀/က၊ ဗေဒါလမ်း၊ ၅၀-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၅၀ | ၇၀ | ဦးတင်အောင် |
| ၁၄ | ဒေါ်ရည်ရည်မွန် | ၁၂/ရကန(နိုင်)၀၄၂၆၄၉ | ၇၉၈/က၊ဘုရင့်နောင်လမ်းနှင့်လေသိတလမ်းထောင့်၊ ၃၅-စ်ပြရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၃၅ | ၇၉၈ | ဒေါ်သန်းမြင့်(ခ)တူဘော |
| ၁၅ | ဦးသန်းဆွေဦး+၁ | ၅/ယမပ(နိုင်)၀၅၄၉၃၉ | ၁၀/ခ၊ မြိတ်လမ်း၊ ၂၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၂၁ | ၁၀ | ဒေါ်ညိုညိုဝင်း |
| ၁၆ | ဦးနေမျိုးအောင် | ၁၄/ဟသတ(နိုင်)၃၀၆၁၅၂ | ၆၃၂၊ ခဲမြှံ(၁)လမ်း၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန် | ၅/ဒီ ညောင်ကုန်း | ၄၀/ဒ အစိတ်အပိုင်း | နော်မောရေမဟာဒေဝန် |
| ၁၇ | ဒေါ်မြမြစိန် | ၁၂/ရကန(နိုင်)၀၄၅၂၁၁ | ၃၆၃/ခ၊ တော်ဝင်လမ်း၊ ၁၃-ရပ်ကွက်၊ ရန်ကင်း | ၃၄ ကံဘဲ့ | ၈/က | ကိုဖိုးခင် ပါ ၆ |
| ၁၈ | ဒေါ်မြင့်မြင့်စန်း | ၁၂/ကမရ(နိုင်)၀၀၁၈၄၃ | ၅၁၊ အောင်ချမ်းသာလမ်း၊ ၅-ရပ်ကွက်၊ ကမာရွတ် | ၇၀၊၇၁၊ ၇၂ | ၁၄၅ အစိတ်အပိုင်း | - |

အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့ ချောင်းဝရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အိမ်အမှတ် ၂၆၉နေ မောင်ကောင်းမြင့်မြတ်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းမြတ် [၁၄/အမန(နိုင်)၁၂၁၈၈၅]ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်–ဖဖ–၆၊ ဦးပိုင်အမှတ်(၇၃)၊ ၄၈x၄၉လမ်း၊ ၁၁၀x၁၁၁လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တင်တင်မူ[၉/မရမ(နိုင်)၀၄၄၁၇၆]၏(S.P ရရှိသူ ဒေါ်ဝါဝါမင်း)က အမှုတွဲအမှတ် (၅၉၉၀/၂၀၂၃–၂၀၂၄ဖြင့်) သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်–ကက–၅၊ ဦးပိုင် အမှတ်–၅၅(ခဲစင်း)၊ ၅၅x၅၆လမ်း၊ သိပ္ပံလမ်းနှင့် ၁၀၂လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မူမူ [၉/ခမစ(နိုင်)၀၅၇၄၄၆]က အမှုတွဲ အမှတ်– ၅၉၇၈/၂၀၂၃–၂၀၂၄ ဖြင့် ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်–ကက–၅၊ ဦးပိုင်အမှတ်–၅၅(ခဲစင်း)၊ ၅၅x၅၆လမ်း၊ သိပ္ပံလမ်းနှင့်၁၀၂လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မူမူ [၉/ခမစ(နိုင်)၀၅၇၄၄၆]က အမှုတွဲအမှတ်–၅၉၇၇/ ၂၀၂၃–၂၀၂၄ ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဦးပိုင်အမှတ်-၁၂/ဃ၉၊ မြေကွက်အမှတ် - ၁၄၊ ဧရိယာ(၀.၁၄၀) ဧကရှိ မြေကွက်ကြီးထဲမှ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၃၂၉) ဟုခေါ်တွင်သော(ခန့်မှန်းခြေ)အလျား (၂၅)ပေ x အနံ(၈၀)ပေရှိမြေကွက်အပါအဝင် အကျိုးခံစားခွင့်များကို ဝယ်ယူ လက်ရောက်ပိုင်ဆိုင်ပြီး နေအိမ်ဆောက်လုပ်နေထိုင်ခဲ့ပါသည်။ အဆိုပါ နေအိမ်ခြံမြေအား ယနေ့အချိန်ထိ မည်သူတစ်ဦးတစ်ယောက်ကိုမျှရောင်းချ၊ ပေးကမ်း၊ လွှဲပြောင်း၊ ပေါင်နှံထားခြင်းမရှိပါ။ သို့ပါ၍ အထက်ပါ နေအိမ်ခြံမြေနှင့် ပတ်သက်ပြီး ကျွန်မသိရှိသဘောတူညီခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်း၊ ပေးကမ်း၊ ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်း၊ စီမံခန့်ခွဲခြင်း မပြုလုပ်ရန်နှင့် အဆိုပါမြေ ကွက်ပေါ်၌ တစ်စုံတစ်ရာ ပြုပြင်ပြောင်းလဲ ဆောက်လုပ်ခြင်းများ တွေ့ရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကျင်ရွှေ**
**[၁၂/မရက(နိုင်)၀၁၇၂၄၂]**

## ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ၄ ရပ်ကွက်၊ (၁၀)လမ်း၊ အမှတ်-၂၂ (အေ)၊ (၇လွှာ)၊ အကျယ်အဝန်း ၁၂. ၅ပေ x ၅၀ပေ အကျယ်အဝန်းရှိ (တိုက်၏မျက်နှာချင်းဆိုင်မှကြည့်လျှင် ညာဘက်ခြမ်း)တိုက်ခန်း၊ လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်သူ ဒေါ်လှလှဝင်း [၁၂ / လသန (နိုင်)၀၀၂၅၅၂] ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက် အရောင်းအဝယ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးအေးမြင့် (LL.B.,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၇၂၈/၉၉)**
**အမှတ်-၉၅(ဘီ)၊ ပဉ္စမထပ်၊ အခန်း (၅-ဘီ)၊ 95 Residence၊ ၈မိုင်လမ်းဆုံ၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၁၉၉၁၄၁**

## သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ ဆရာစံပန်းခြံ အခန်း(၂)ရှိ ကောင်းစံပွင့်ထောင် ကုမ္ပဏီလီမိတက်၏ တာဝန်ပေး လွှဲအပ်ချက်အရ ကြေညာအပ်ပါသည်။

ကောင်းစံပွင့်ထောင် ကုမ္ပဏီလီမိတက်သည် အထက်ဖော်ပြပါ လိပ်စာတည်နေရာတွင် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင် လုပ်ငန်းကို ၂၀၂၁ ခုနှစ်မှစတင်၍ လိုင်စင်အမှတ်-၁၈၀/၂၀၂၁ဖြင့် တရားဝင် မှတ်ပုံတင် လုပ်ကိုင်ဆောင်ရွက်နေသည့်ကုမ္ပဏီ တစ်ခုဖြစ်ပါသည်။ အထက်ပါ လိပ်စာမှအပ အခြားမည်သည့် နေရာဒေသတွင်မျှ ရုံးခွဲ၊ လုပ်ငန်းခွဲများထားရှိဖွင့်လှစ်ထားခြင်း (လုံး၀) မရှိပါ။

ယခုအခါ မသမာသူအချို့သည် ကောင်းစံပွင့်ထောင် ကုမ္ပဏီလီမိတက်၏အမည်၊ လိုင်စင်နံပါတ်၊ ရုံးလိပ်စာများကိုအသုံးပြု၍ (ကုမ္ပဏီ၏ ဖုန်းနံပါတ် အမှန်နေရာတွင် ၎င်းတို့၏ ဖုန်းနံပါတ်အတုများကို အစားထိုးပြောင်းလဲထည့်သွင်းကာ)အယောင်ဆောင်ခြင်း၊ လူစုဆောင်းခြင်း၊ မရိုးဖြောင့်သော နည်းလမ်းများဖြင့် မသိနားမလည်သူများထံမှ ငွေကြေးများကို လိမ်လည်ရယူလျက်ရှိကြောင်းကြားသိရပါသည်။

ကောင်းစံပွင့်ထောင် ကုမ္ပဏီလီမိတက်သို့ လူကိုယ်တိုင် တိုက်ရိုက် ဆက်သွယ်ဆောင်ရွက်ခြင်းမပြုသည့်အတွက်ကြောင့် ပေါ်ပေါက်လာသည့် ကိစ္စရပ်အဝဝနှင့် ကုမ္ပဏီမှလုပ်ပိုင်ခွင့်ပေးအပ်ထားခြင်းမရှိသည့် ကုမ္ပဏီနှင့်မသက်ဆိုင်သော လူတစ်ဦး (သို့မဟုတ်)အဖွဲ့အစည်းတစ်ခုခု၏ ဆောင်ရွက်မှုကြောင့် ပေါ်ပေါက်လာသည့် ကိစ္စရပ်များကို ကောင်းစံပွင့်ထောင် ကုမ္ပဏီလီမိတက်မှ တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ကောင်းစံပွင့်ထောင် ကုမ္ပဏီလီမိတက်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ကုမ္ပဏီ၏အမည် (သို့မဟုတ်) အမှတ်တံဆိပ်တစ်ခုခုကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အလွဲသုံးစား ပြုလုပ်ခြင်း၊ လူမှုကွန်ရက်စာမျက်နှာနှင့် (FACEBOOK PAGE Online Social Media )များမှ တစ်ဆင့် လိမ်လည်လှည့်ဖြားရန် အကြံဖြင့် မသမာသောနည်းလမ်းများကို အသုံးပြုခြင်း၊ အလားတူလုပ်ငန်း လုပ်ကိုင်ရန် ကြေညာခြင်း၊ ကမ်းလှမ်းခြင်းနှင့် ကုမ္ပဏီ၏ အမည်ပျက်ပြားစေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် မမှန်ကန်သော သတင်းအချက်အလက်အမှားအယွင်း ထုတ်ဖော်ခြင်းများ မပြုလုပ်ရန် အတိအလင်း တားမြစ်ပါသည်။

အထက်ပါ တားမြစ်ချက်များကို လိုက်နာမှုမရှိဘဲ လုပ်ကိုင်ဆောင်ရွက်နေသူများအား ကုမ္ပဏီ၏ နစ်နာမှုအဝဝအတွက် သက်ဆိုင်ရာ တရားရုံးများတွင် တရားမကြောင်းအရ ဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ကောင်းစံပွင့်ထောင်ကုမ္ပဏီလီမိတက်၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရီရီဝင်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၆၄၀/၁၉)**
**အမှတ် (၈၃)၊ အခန်း(၁၀)၊ ၃-ထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉- ၉၇၉၀၇၀၅၄၀**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၇၀၊ မြေကွက်အမှတ် ၁၅၁၇/က၊ အကျယ်အဝန်း (၂၀ပေ x ၆၀ ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ၇၀ ရပ်ကွက်၊ မဏိစည်သူလမ်း၊ (အမှတ် - ၁၅၁၇/က)ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးထွန်းနိုင်လင်း [၁၂/ဒဂတ(နိုင်)၀၆၂၈၆၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၅၂၇)**
**တိုက် C2A ၊ အခန်း(၁၁၀)၊ (ပ-ထပ်)၊ Time Square Condo၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉- ၉၆၅၁၇၈၀၁၈၊ ၀၉- ၂၅၀၀၆၀၃၁၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၅၊ မြေကွက်အမှတ်-၁၁၈၂/က၊ မြေကွက်တည်နေရာအမှတ်-၁၁၈၂/က၊ အာသာဝတီလမ်း၊ ၁၅၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်(ဦးတင်လှိုင်)(SRM-၀၀၂၄၅၆)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ငွေဝင်း[၁၂/အလန(နိုင်)၀၁၆၅၁၅]မှ ပါမစ်မူရင်း(ခါတ်ပုံမှတ်တမ်း၊ ရာဇဝင်အကျဉ်းချုပ်)စာရွက်တင်ပြထား(မှီခိုသူများစာရင်း၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်စာရွက်မပါ)၊ (မှတ်ပုံတင်စာရင်းရေးသွင်းထားမှုမရှိ)၊ အရပ်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြပြီး ပါမစ်မစုံဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် မြေကွက်လပ်ဖြစ်ပြီး ကွင်းဆင်းသည်ကို သိရှိကြောင်း လျှောက်ထားသူမှ လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ငွေဝင်းမှ ပါမစ်မစုံဖြင့် ဂရန်သစ် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ အနော်မာအနောက် (၂)လမ်း၊ အမှတ်(၆၅)ဟု ခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် အကျယ်အဝန်း ပေ(၄၀x၆၀)၊ (၆)ထပ်တိုက် RCC (၂) ခန်းတွဲ တိုက်အဆောက်အဦရှိ ကန်ထရိုက်တာပိုင် အခန်းဖြစ်သော မြေညီထပ်(ခြေရင်းခြမ်း)ထပ်ခိုးပါ အခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်သူ ဒေါ်နှင်းအိဝေ [၁၂/ကမရ(နိုင်)၀၀၃၁၆၀]သည် အဆိုပါ တိုက်ခန်းကို ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့် သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဇာခိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၁၉၈)**
**အမှတ်(၅၄/က)၊ ရှောဝဏ်(၁)လမ်း၊ (၁) အနော်မာရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၁၁၄၀၆၄၊ ၀၉-၆၉၂၈၀၂၄၆၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅/ကြည်စု)၊ မြေကွက်အမှတ်(၄၃၅)၊ ဧရိယာ(၀. ၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်-၄၃၅၊ ဓမ္မရိပ်သာလမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးကျော်မြင့်[၁၂/ဒပန(နိုင်)၀၀၅၈၀၈] အမည်ပေါက်နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်ဦးကျော်မြင့် [၁၂/ဒပန(နိုင်)၀၀၅၈၀၈] ဖခင်သည်(၂၄- ၂-၂၀၁၈)ရက်နေ့တွင် လည်းကောင်း၊ ဒေါ်ကျင်မေ(မိခင်)သည် (၂၉-၁၀-၂၀၀၉)ရက်နေ့တွင် လည်းကောင်း ကွယ်လွန်ကြောင်း တင်ပြ၍ သမီးအရင်းများဖြစ်သော ဒေါ်အေးအေးမေ [၁၂/ဒပန(နိုင်)၀၀၁၄၂၆]၊ ဒေါ်အေးအေးမိုး[၁၂/ဒပန(နိုင်)၀၀၇၆၁၄]၊ ဒေါ်ထက်ဝေနွယ် [၁၂/ဒပန(နိုင်)၀၅၀၉၃၈] တို့တွင် ဒေါ်ထက်ဝေနွယ် ၎င်းကိုယ်တိုင်မှ ဒေါ်အေးအေးမေ၊ ဒေါ်အေးအေးမိုးတို့မှ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-၁၂၀၈၀/၂၀၂၃(၂၇-၆-၂၀၂၃)အရ မိမိတို့ညီအစ်မ(၃)ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ပါကြောင်း၊ အခြားသောသားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အထက်ဖော်ပြပါမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း တရားရုံး ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း တရားရုံး ကျမ်းကျိန်လွှာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ နှစ်(၆၀)ဂရန်မူရင်း၊ ဦးကျော်မြင့်၊ ဒေါ်ကျင်မေတို့၏သေဆုံးမှု လက်မှတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ မြေခွန်ပြေစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်-ဇဇ-၁၄၊ ဦးပိုင်အမှတ်(၄၁)၊ ၄၆x၄၇လမ်း၊ ၁၀၇x၁၀၈လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်တင်တင်ဝင်း [၉/ခမစ(နိုင်)၀၀၅၅၆၉] က အမှုတွဲအမှတ်- ၅၉၉၁/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်-F၊ ဦးပိုင်အမှတ်(၇၀)၊ ၅၆x၅၇လမ်း၊ခိုင်ရွှေဝါx မနော်ဟရီလမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဦးဝင်းမြင့်ဦး၏(S.P ရရှိသူ ဦးဂိုလ်ပါး) ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၂၆၆၃/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးလောရန်ဘို [၁၃/ဟပန(နိုင်)၀၃၉၃၄၆]က အမှုတွဲ အမှတ် (၅၉၉၂/၂၀၂၃-၂၀၂၄)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့်(၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## သွေးသည် အသက်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်း/တံတား)မှ တင်ဒါ ခေါ်ယူဆောင်ရွက်မည့် ဇမ္ဗူသီရိမြို့၊ ပျဉ်းမနား-တောင်ညိုလမ်းဘေး၊ မင်္ဂလာကန်အမှတ်(၂)ပတ်လမ်းတွင် ကွန်ကရစ်ဘလော့တုံး ခင်းခြင်းလုပ်ငန်း (၂၁၀၀'x၁၂') Lot (၁) ခုအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည် -

| | |
|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - ၁၄-၁၂-၂၀၂၃ ရက် |
| တင်ဒါပုံစံပိတ်မည့်ရက် | - ၂၇-၁၂-၂၀၂၃ ရက်၊ (၁၆:၀၀) နာရီ |
| တင်ဒါပေးသွင်းရမည့်နေရာ | - အင်ဂျင်နီယာဌာန(လမ်း/တံတား၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည် -
အင်ဂျင်နီယာဌာန(လမ်း/တံတား)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဖုန်း - ၀၆၇-၄၃၂၀၃၇၊ ၀၉-၇၇၇၇၇၇၄၈၅

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်-၆၊ လူနေရပ်ကွက် အမှတ်-၆၊ သုမင်္ဂလာလမ်း၊ မြေကွက်/အိမ်အမှတ် ၁၀၉၀/ခ ဟုခေါ်တွင်သော အလျား ၆၀ ပေ x အနံ ၂၀ပေ၊ ဧရိယာ ၁၂၀၀ စတုရန်းပေ အကျယ်အဝန်းရှိသော မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမြို့မြေစာရင်းတွင် ဦးလှမင်း+၁ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစားနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ၃ထပ် (RC)တိုက် အဆောက်အဦ၏ ဒုတိယထပ် အပါအဝင် Slab ခေါင်မိုးထပ်နှင့် အဆိုပါ ဒုတိယထပ်အတွင်း တပ်ဆင်ထားရှိသော ရေ၊ လျှပ်စစ်မီတာ၊ အိမ်အသုံးအဆောင် ပရိဘောဂပစ္စည်းများ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့် စီမံခန့်ခွဲအသုံးချခွင့်အရပ်ရပ် အားလုံးတို့သည် (၁၄-၇-၂၀၂၂)ရက်စွဲပါ ကတိစာချုပ်နှင့် (၂၂-၃-၂၀၂၃) ရက်စွဲပါ ကတိစာချုပ်များတို့အရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှမင်း (ဘ-ဦးတင်အေး)၊ [၁၂/ဥကတ(နိုင်)၀၅၆၇၈၀] တစ်ဦးတည်းသာလျှင် လက်ဝယ်ထားလက်ရှိပိုင်ဆိုင် အကျိုးခံစားခွင့်နှင့် စီမံခန့်ခွဲအသုံးချခွင့်ရှိသူတစ်ဦး ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးလှမင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အေး (LL.B., B.C.Sc)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၁၈)**
**အမှတ် (၄၇၁/က)၊ ဇေယျာ (၁၅)လမ်း၊ (၁၀) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-5407473, 09-259295330**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၂၊ ဦးပိုင်အမှတ်(၈၃)၊ ၅၂x၅၃လမ်း၊ ပိတောက်လမ်းနှင့် မဉ္ဇူလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးရွှေကို၏(S.P ရရှိသူ ဦးမောင်မြင့်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၀၆၆/၂၀၂၀)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ညွှန့်ညွှန့်ဇင်[၁/မညန(နိုင်)၁၀၅၁၁၉]က အမှုတွဲအမှတ် ၅၉၉၃/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်ၤန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၈၊ မြေကွက်အမှတ်-၇/ခ-၂၊ မြေကွက်တည်နေရာအမှတ်(၇၄/ခ)၊ ကံ့ကော်မြိုင်လမ်း၊ (၈)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဦးဖေသင်)အမည်ပေါက် ဘီ(လ/န-၁၉)မြေအား အမည်ပေါက်ဦးဖေသင်ကွယ်လွန်သူ၏ ပိုင်ဆိုင်သည့် မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသည့် အစိတ်အပိုင်း(၅၀'x၁၄၅')Portion ကို အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် သင်္ဃန်းကျွန်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်(၁၀၅၁/၂၀၂၂)၏ ဦးတူးတူး၊ ဒေါ်သီရိဟေမာ၊ ဒေါ်အုန်း၊ ဦးညွှန့်မောင်တို့ကို(တရားပြိုင်)ထားကာ ဦးအောင်ဝင်း၊ ဦးဟန်တင်တို့မှ (တရားလို)ပြုလုပ်စွဲဆိုခဲ့သည့် စီရင်ချက်ဒီကရီ၊ တရားမဇာရီမှုအမှတ်(၈၉/၂၀၂၃)၏(၁၁-၉-၂၀၂၃)ရက်နေ့ အမိန့်၊ တရားရှုံးများကိုယ်စား ဒေါ်မေသူအောင်(ဒုတိယဦးစီးအရာရှိ) [၁၂/မဂတ(နိုင်)၁၀၇၃၅၁]ကို(၂၈-၉-၂၀၂၃)ရက်စွဲပါ တရားရုံးဘီလစ်ခန့်စာ၊ မြေကွက်၏ လွှဲပြောင်းခြင်းစာချုပ်(၃၆၃/၁၉၅၇)နှင့် နိုင်/ကတ်၊ တရားရုံးအထောက်အထားများကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံမြေရာဇဝင် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာချက်

